မြတ်ဗုဒ္ဓ၏အဆုံးအမတရား

မချွတ်မယွင်းတရားနှင့်အညီ သူတစ်ပါးတို့ကို အနိုင်အရှုံးဖြတ်ပေးသောပညာရှိကို တရားစောင့်သော၊ တရား၌တည်သော တရားသူကြီးဟု ဆိုအပ်၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိမြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၂၇)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်
၂၀၂၆ ခုနှစ်၊ မတ် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်အစိုးရ၏ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးမှာကြား

## ရွေးကောက်ပွဲတစ်ရပ်အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတွက် ပြည်သူများကရွေးချယ်ပေးခဲ့သည့် ရွေးကောက်ခံကိုယ်စားလှယ်များ ပေါ်ထွက်လာပြီဖြစ်ခြင်းကြောင့် ယခုမတ်လထဲတွင် လွှတ်တော်အစည်းအဝေးများကိုကျင်းပခြင်းနှင့်အတူ ဧပြီလတွင် ထွက်ပေါ်လာမည့်အစိုးရကို နိုင်ငံတော်အာဏာထမ်းဆောင်နိုင်ရန် လွှဲပြောင်းပေးနိုင်တော့မည်ဖြစ်






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်အစိုးရ၏ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးမှာကြားစဉ်။

**နေပြည်တော် မတ် ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိုင်ငံတော်အစိုးရ၏ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးမှာကြားခြင်းအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး၊ သဘင်ဆောင်ခန်းမ၌ ကျင်းပပြုလုပ်သည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ★**




## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မတ် ၁၁ ရက်)

# နိုင်ငံနှင့်ပြည်သူများအတွက် ကောင်းကျိုးပြုမည့်စာဆိုဗိမာန်

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့်အတူ စာပေယဉ်ကျေးမှုများထွန်းကားသည့်နိုင်ငံဖြစ်သည်။ စာပေသည်နိုင်ငံနှင့်လူမျိုးတို့၏စိတ်ဓာတ်စွမ်းအားကိုမြင့်မားစေသည်။ မြန်မာတို့သည် မည်ကဲ့သို့သော အခက်အခဲအတားအဆီးများနှင့်ကြုံတွေ့ခဲ့ရသည်ဖြစ်စေ စာပေကိုချစ်မြတ်နိုးတန်ဖိုးထားစိတ်ဖြင့် လမ်းကြောင်းပြနိုင်ခဲ့သည့်အတွက် အောင်မြင်သောခရီးလမ်းကိုလျှောက်လှမ်းနိုင်ခဲ့ကြသည်။ စာပေဖြင့် ဇာတိမာန်စိတ်ကိုလှုံ့ဆော်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံသည် လွတ်လပ်ရေးလမ်းစကိုတွေ့မြင်လျှောက်လှမ်းနိုင်ခဲ့ပြီး လွတ်လပ်ရေးရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် စာပေဂုဏ်ရှိန်ထာဝစဉ်မြင့်မားနေစေရေးအတွက် စာဆိုဗိမာန်အဆောက်အဦတစ်ခုဖြစ်ပေါ်လာရေးကိုကြိုးပမ်းခဲ့သည်။

စာပေလောကသားများအတွက် စာဆိုဗိမာန်အဆောက်အဦဖွင့်ပွဲအခမ်းအနားကို မတ်လ ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗိုလ်မင်းခေါင်လမ်းရှိ အဆိုပါအဆောက်အဦ၌ ကျင်းပခဲ့သည်။ စာပေနှင့်အနုပညာရှင်များအတွက် စာဆိုဗိမာန်ကြီးဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းမှာ နိုင်ငံနှင့်လူမျိုးအတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်ဝစေသည်။ မြန်မာနိုင်ငံသည် သရေခေတ္တရာပျူယဉ်ကျေးမှုမှစ၍ ခေတ်အဆက်ဆက်တိုင် စာပေနှင့်ယဉ်ကျေးမှုထွန်းကားပြန့်ပွားရာ ဘူမိနက်သန်တစ်ခုဖြစ်ခဲ့သည်။ စာပေသည် နိုင်ငံ့ယဉ်ကျေးမှု၏မျက်နှာစာဖြစ်ပြီး စာပေကဏ္ဍဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံသူ၊ နိုင်ငံသားများ၏နှလုံးရည်နှင့်ဉာဏ်ရည်များဖွံ့ဖြိုးတိုးတက်လာမည်။

လူငယ်များအား အသိဉာဏ်ပြည့်ဝစေရန်နှင့် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ထက်သန်စေရန် စာပေနှင့်ထိန်းကျောင်းလေ့ကျင့်ပေးကြရမည်ဖြစ်သည်။ မြန်မာတို့၏ဓလေ့ထုံးတမ်းအစဉ်အလာများ၊ ရိုးရာအမွေအနှစ်များနှင့်အတွေးအမြင်များကိုရေးသားမှတ်တမ်းပြုကြသည့် ရဟန်းစာဆို၊ လူပညာရှိစာဆိုတို့၏ကျေးဇူးတရားကိုလည်းချန်လှပ်ထား၍မရနိုင်ပေ။ စာဆိုဗိမာန်အဆောက်အဦသည် ရှေးကစာဆိုများ၏ဂုဏ်ကျေးဇူးကိုတန်ဖိုးထားအသိအမှတ်ပြုသည့်အနေဖြင့်သာမက မျိုးဆက်သစ်များအတွက် လက်ဆင့်ကမ်းမျှဝေနိုင်စေရန် စာပေနှင့်အနုပညာများစုစည်းထားရှိရာနေရာတစ်ခုအဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည့်အပြင် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်စသည့်မြန်မာမှုနယ်ပယ်မှအနုပညာရှင်များအတွက်ပါ ဂုဏ်ပြုဖွင့်လှစ်ပေးခြင်းဖြစ်သည်။

ဤအဆောက်အဦကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင်တက်ရောက်ပြီး ရတနာပန္နက်တော် စိုက်ထူပေးခဲ့ခြင်းဖြစ်သည်။ စာဆိုဗိမာန်သုံးထပ်အဆောက်အဦကို အိန္ဒိယ - မြန်မာချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် အိန္ဒိယနိုင်ငံ၏ အကူအညီအထောက်အပံ့ဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး ပါဝင်ကူညီဆောင်ရွက်ပေးခဲ့သည့် အိန္ဒိယနိုင်ငံအစိုးရကိုလည်း အထူးပင်ကျေးဇူးတင်မိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် စာပေပညာရှင်ကြီးများ၊ စာဆိုတော်ကြီးများ၏စာပေဂုဏ်ကျေးဇူးကို လေးမြတ်ဂုဏ်ပြုသည့်အနေဖြင့် စာပေဆုအမျိုးအစားများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်း ခေတ်ကာလနှင့်လျော်ညီစွာထိုက်ထိုက်တန်တန် တိုးမြှင့်ချီးမြှင့်ပေးလျက်ရှိသည်။

စာဆိုဗိမာန်ကြီးအတွင်း ခေတ်အဆက်ဆက်မြန်မာစာပေဖွံ့ဖြိုးတိုးတက်လာခဲ့သည့် အထောက်အထားများ၊ နိုင်ငံတော်မှချီးမြှင့်ခဲ့သည့်စာပေဆုအမျိုးအစားများနှင့် ဆုတံဆိပ်များ၊ ဆုရစာအုပ်များ၊ စာပေပညာရှင်ကြီးများ၏မှတ်တမ်းများ၊ အနုပညာနယ်ပယ်များအလိုက်ပြခန်း၊ ပြကွက်များ၊ စာပေဟောပြောပွဲများနှင့် နီးနှောဖလှယ်ပွဲများကျင်းပနိုင်မည့်ခန်းမငယ်တို့ထည့်သွင်းထားသည့်အတွက် စာပေအနုပညာလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မြန်မာမှုအနုသုခုမလက်ရာများဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်နေကြသည့် ရဟန်းကဝိ၊ လူပညာရှိနှင့်အနုပညာရှင်များအနေဖြင့် သက်ဆိုင်ရာအခန်းကဏ္ဍများအလိုက် နိုင်ငံ့အကျိုးပြည်သူ့အကျိုးကို အနုသုခုမလက်ရာများဖြင့်ဆက်လက်အကျိုးပြုနေကြရမည်ဖြစ်သည်။

အလားတူ မြန်မာနိုင်ငံ၌ ထင်ရှားကျော်ကြားခဲ့သည့် ခေတ်သုံးခေတ်မှ စာဆိုတော်ကြီးများ၊ တစ်သက်တာစာပေဆုရရှိခဲ့ကြသည့် စာပေပညာရှင်များနှင့် ကဗျာဆရာများ၏ရုပ်တုများထားရှိသည့် ပြခန်းများလည်း ထည့်သွင်းထားသည်။ မြန်မာ့ဂန္ထဝင်စာပေများနှင့် ကျေးလက်ရိုးရာစာပေများကို ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်သလို စာပေလေ့လာခြင်း၊ ဘာသာပြန်ခြင်း မော်ကွန်းတိုက်လုပ်ငန်းများနှင့်စာပေအသစ်များဖန်တီးခြင်းများကိုလည်း ပံ့ပိုးပေးသွားမည်ဖြစ်သည်။ ထို့ပြင် ပညာရှင်အချင်းချင်း အသိပညာဖလှယ်ခြင်းများကိုလည်း လုပ်ဆောင်ပေးမည်ဖြစ်သည့်အတွက် မြန်မာ့စာပေအမွေအနှစ်များကို မျိုးဆက်သစ်လူငယ်များနှင့် လူအများအပြား ပိုပြီးထိတွေ့လေ့လာနိုင်အောင် ဖော်ဆောင်ပေးမည့် နေရာတစ်ခုဖြစ်လာပေမည်။ **“ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံးကို၊ စွဲသုံးသောထွေ၊ မှန်လှစေ။ ကျိုးကြောင်းစကား၊ ပြောဆိုငြားသော်၊ လျင်လျားဆွေးနွေး၊ ဆိုရေးလိမ္မာ၊ ပညာရှိအား၊ ကိုယ်တိုင်သွား၍၊ စကားလိုက်လျော၊ စစပြော၍နီးနှောလေ”**ဆိုသည့်အတိုင်း **နိုင်ငံနှင့်ပြည်သူများအတွက် ကောင်းကျိုးပြုမည့်စာဆိုဗိမာန်**ပေါ်ပေါက်လာခြင်းကို ဂုဏ်ပြုပါကြောင်းရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

( က ) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

( ခ ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

( ဂ ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

( ဃ ) တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ်မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင်ဆောင်ရွက်ရေး။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။


မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄**
**စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်**
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# အရိပ်

**မစန္ဒာ**



**ယမန်နေ့မှအဆက်**

ညီလင်းညို အခန်းထဲသို့လှမ်းဝင်လာသည်ကို လှည့်မကြည့်သော်လည်း စုလှိုင် အလိုလိုသိနေသည်။ ကျော်ထွန်းညိုသည် အိမ်ထဲသို့ပြန်ပြီး လိုက်ဝင်မလာတော့ပေ။ ခြံထဲတွင်ပင် နေရစ်လေသည်။

'မမစု'

ညီလင်းညိုသည် စုလှိုင်၏ဘေးတွင် ငိုင်တွေတွေကြီးရပ်နေပြီးမှ တိုးတိုးခေါ်လေသည်။ စုလှိုင်တို့၏ ဧည့်ခန်းသည် မည်သည့်အခန်းနှင့်မျှ ဆက်စပ်မနေချေ။ သီးခြားအခန်းဖြစ်၍ လုံခြုံလေသည်။ သို့သော် သူသည် စုလှိုင်ထင်သလို ပွေ့ဖက်နှုတ်ဆက်ခြင်းမပြုဘဲ အပြစ်ရှိသောကျောင်းသားလို ကတုန်ကယင်ဖြစ်နေလေသည်။

'မမစု နေကောင်းရဲ့လား'

စုလှိုင်သည် သက်ပြင်းလေးရှိုက်လိုက်ပြီး သူ့ကို မော်၍ကြည့်မိသည်။ ရှင်ဟန်၊ ပျော်ဟန်၊ သွက်လက်ဟန်လေးများသည် သူ့မျက်နှာပေါ်မှ အခိုက်အတန့်အားဖြင့် ထွက်ပြေးနေကြသည်ကိုတွေ့ရလေသည်။

'မမစု ဖြစ်စေချင်တာပြောပါ၊ ကျွန်တော်လုပ်ပါ့မယ်'

'ဘာဖြစ်စေချင်တာလဲ'

'အဲ တကယ်လို့ လက်ထပ်စေချင်ရင်'

စုလှိုင်၏ရင်ထဲတွင် ကျင်ခနဲဖြစ်သွားသည်။ 'လက်ထပ်ပါ' ဟူသောစကားကို မိမိကစ၍ ပြောစေချင်ရော့သလားဟု တွေးမိပြီး နှလုံးသားမှ မာနတရားများသည် ဒလဟောယိုစီးလာကြသည်။ အလှမာန၊ ဂုဏ်မာန၊ ပညာမာနများ လျှမ်းလျှမ်းတလူလူ လွှင့်ခဲ့သောစုလှိုင်သည် အချိုးခံရချေပြီ။

'ဩ စုက လက်ထပ်ချင်ရင် ညီလင်းညိုက လက်ထပ်မယ်ပေါ့ ဟုတ်လား၊ စုက လက်ထပ်ချင်ရင်လေ'

'ဟုတ်ကဲ့'

ညီလင်းက ခေါင်းညိတ်သည်။ စုလှိုင်သည် သူ့ကို အတန်ကြာစိုက်ကြည့်နေမိပြီးမှ ဟက်ဟက်ပက်ပက် ရယ်လိုက်လေသည်။

'ကျွန်တော် အကောင်းပြောနေတာပါ မမစု၊ မိန်းကလေးတစ်ယောက်ကို ကျူးလွန်ပြီး ကျွန်တော် ရှောင်ပြေးတတ်တဲ့ကောင်စားမျိုး မဟုတ်ပါဘူး၊ တကယ်လို့ စုမှာ အဲ မမစုမှာ ကိုယ်ဝန်များရှိသွားခဲ့ရင် မနစ်နာစေရ'

'မလိုပါဘူး ညီလင်းညို'

စုလှိုင်၏မျက်လုံးလေးများသည် ရဲရဲတောက်လာသည်။ သူ့နှလုံးသားသည် တစ်ကိုယ်လုံးတွင် ရှိရှိသမျှ သွေးလွှတ်ကြောများဆီသို့ သွေးများလွှတ်ပေးတော့ဟန်မတူ၊ ရဲရဲနီသော သွေးများအစား မာနနှင့်သံသယများကို အရည်ဖျော်ပြီး ပို့လွှတ်လိုက်ချေပြီ။ ဦးခေါင်းမှ ခြေဖျားထိ မာနမီးဟုန်းဟုန်းတောက်ပြီး သံသယမီးလောင်နေသည်ကို စုလှိုင် ခံစားသိရှိရလေသည်။

'ဒို့ကိုသနားလို့ ငဲ့ညှာတဲ့အနေနဲ့ လက်ထပ်မယ်ဆိုတဲ့စကားမျိုးကို ပါးစပ်က ထွက်ဝံ့ထွက်ကြည့်စမ်း ညီလင်းညို'

အနာတရဖြစ်သွားသည့် ကျားပျိုမလေးသဖွယ် မာန်ဖီနေသော စုလှိုင်ကိုကြည့်ရင်း ညီလင်းညိုသည် ထိတ်လန့်သွားသည်။ သူ့ကိုခုန်အုပ်ပြီး ကိုက်ဝါးကာ အပိုင်းပိုင်းဖွဲ့ပစ်တော့မယောင် စုလှိုင်၏မျက်လုံးလေးများသည် ဒေါသရောင်တလက်လက်ထနေလေသည်။

'မှတ်ထား ညီလင်းညို မှတ်ထားလိုက်၊ ဒို့မှာ ကိုယ်ဝန်ရှိခဲ့ရင်လည်း ဖျက်ချပစ်လိုက်မယ်၊ မင်းလို လူစားမျိုးကိုတော့ တစ်သက် လက်မထပ်ဘူး၊ သိပြီလား ကဲ'

ညီလင်းညိုသည် မှင်တက်မိသလိုဖြစ်သွားသည်။ ပြေရာပြေကြောင်းပြောရန်လည်းကောင်း၊ သို့တည်းမဟုတ် မခံချင်စိတ်နှင့် ပြန်လှန်ချေပရန်လည်းကောင်း ဘာစကားကိုမျှ အစရှာမရတော့ပေ။

'မပြန်သေးဘူးလား၊ ဟိုမှာ တံခါးပေါက်ရှိတယ်'

စုလှိုင်က တုန်တုန်ခိုက်ခိုက်နှင့်အော်လိုက်သော အခါမှ ညီလင်းသည် ပြန်လည်အသက်ဝင်လာသည်။ မျက်နှာတွင် သွေးရောင်ဖြန်းတက်လာပြီး စုလှိုင်ဆီသို့ တိုးလာသည်။ စုလှိုင်က နောက်တစ်လှမ်းဆုတ်ကာ 'ထွက်သွား' ဟု အော်လိုက်သောအခါတွင်ကား ညီလင်း၏မျက်နှာသည် နီရာမှ ဖြူသွားသည်။ စုလှိုင်ကို တအားလှမ်းဖက်လိုက်တော့မလို လက်ရွယ်လိုက်ပြီးမှ ချာခနဲလှည့်လိုက်သည်။ ထို့နောက် လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်ရင်း ခပ်သွက်သွက်ထွက်သွားလေတော့သည်။

စုလှိုင်၏ရင်ထဲတွင် တုန်ခါလှုပ်ရှားနေသော်လည်း လူကမူ မတုန်မလှုပ်နှင့် ကျောက်ရုပ်သဖွယ် ငြိမ်ငြိမ်ကြီးရပ်နေမိလေသည်။ အတန်ကြာအောင်ရပ်နေမိပြီးမှ ဆိုဖာပေါ်သို့ခွေကျသွားသည်။ သူ့ကိုယ်သူ သတိမထားမိခင်မှာပင် မျက်လုံးအိမ်မှမျက်ရည်ပူများ တစိမ့်စိမ့်စီးကျလာလေသည်။

တစ်မျက်နှာလုံး မျက်ရည်ပူများနှင့်ရွှဲစိုလာသော်လည်း စုလှိုင် လုံးဝမရှိုက်မိပေ။ နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ပြီး အသက်အောင့်ထားသဖြင့် လည်ချောင်းသည် ကွဲမတတ်နာကျင်နေသည်။ မျက်ရည်များအကျရပ်စေရန် မျက်လုံးအိမ်ကိုမှိတ်ထားမိရင်း အသက်ကို မေ့တစ်ချက် လျှော့တစ်ချက် ရှူနေမိလေသည်။ 'ဒီမျက်ရည်တွေက ဘာလို့ကျရတာလဲ' ဟု စိမ့်ထွက်နေသောမျက်ရည်ကိုပင် မုန်းစိတ်ဝင်ပြီး တူးတူးခါးခါးကြီးဖြစ်လာလေသည်။

တိုးတိတ်ညင်သာသော ခြေသံလေးသည် အခန်းထဲသို့ ဖွဖွလေးလှမ်းပြီး ဝင်လာသည်။ သူ့ဘေးတွင် ညင်သာသောအသက်ရှူသံလေးကို ကြားရသည်။

စုလှိုင် မျက်လုံးဖွင့်ကြည့်သောအခါ သူ့ကို ငိုမလို မျက်နှာထားလေးဖြင့် တိတ်ဆိတ်စွာရပ်ကြည့်နေသော ထွန်းကို မျက်ရည်ကြားမှတွေ့ရလေသည်။ စုလှိုင်နှင့် အကြည့်ချင်းဆုံသောအခါ ထွန်းသည် ဆတ်ခနဲ နောက်သို့ တွန့်သွားသော်လည်း ထွက်မပြေးပေ။ သူ့လက်ထဲမှ လက်ကိုင်ပဝါဖြူဖြူလေးကို ခပ်ရွံ့ရွံ့လေး လှမ်းပေးလေသည်။ သူ့မျက်လုံးလေးများက 'ဘာလို့ ငိုတာလဲဟင် မငိုပါနဲ့' ဟု ပြောနေသယောင်ရှိသည်။ ပူလောင်ပြင်းပြနေသော စုလှိုင်၏နှလုံးသားကို နှင်းရည်လေးတစ်စက်က မထိတထိ လှမ်းပက်ရန် ကြိုးစားနေသည်နှင့်တူသည်။

စုလှိုင်သည် နုနယ်ဖြူစင်သောကလေးငယ်လေးကို အတန်ကြာငေးကြည့်နေမိပြီးမှ ပဝါဖြူလေးကိုလှမ်းယူလိုက်သည်။ စိုရွှဲနေသောမျက်ရည်များကို ပွတ်သုတ်ပစ်လိုက်ပြီး လက်ကိုင်ပဝါလေးကိုပြန်၍ပစ်ပေးလိုက်သည်။ ထို့နောက် သူ၏မောင်ငယ်ထွန်းကို ပထမဦးဆုံးအကြိမ် မသဲမကွဲလေး ပြုံးပြလိုက်မိလေသည်။

■ ■ ■ ■ ■

'မနည်းဘူးလား သဲလ်မာရဲ့'

'နည်းရင်ထပ်ခေါ်လေ ပြေးမှာလား လိုက်မှာလား'

'ဟုတ်ကဲ့၊ နောက်ရှိုးပါတဲ့ဗျား'

စုလှိုင်သည် မာမီတို့ဝိုင်းကိုလှမ်းကြည့်နေသည်။ ကစားကြသူ ငါးယောက်ရှိလေသည်။ မာမီနှင့်အန်တီကြည်ကိုသာ စုလှိုင် ရင်းရင်းနှီးနှီးသိသည်။ ကျန်ယောက်ျားသုံးဦးကို အသေအချာမသိပေ။ အသက်လေးဆယ်ခန့် လူနှစ်ဦးသည်ကား မိုးကုတ်မှလာသော ကျောက်ကုန်သည်များဟုဆိုသည်။ အသက်အစိတ်ခန့်ရှိ အသားဖြူဖြူလူမှာမူ သူ့ရှေ့မှတစ်ချပ်မှောက် ဝိုင်းထက် စုလှိုင်ကို ပို၍ပြီးစိတ်ဝင်စားနေဟန်တူသည်။ အကြည့်ချင်းဆုံပြီး ပြုံးပြရန် ကြိုးစားနေလေသည်။

'သူဘယ်သူလဲဟင် ဖရက်'

'စိုင်းမင်းအောင်လေ ဘွဲ့ရပြီးသားပဲ၊ စုကို သူရှိတ်နေပြီမဟုတ်လား'

ဖရက်ဒီသည် လိမ္မော်ရည်ခွက်ကိုင်ရင်း စုလှိုင်၏ ဘေးတွင် လာ၍ထိုင်သည်။ ထို့နောက် သူ့လက်ထဲမှ လိမ္မော်ရည်ခွက်ကို စုလှိုင်အားလှမ်း၍ပေးသည်။

'စု လိုက်မလာတာကြာပြီ၊ အခုမှ ဘာစိတ်ကူးပေါက်ပြီး လိုက်လာတာလဲ'

'ဒီလိုပါပဲ'

ရေခဲတုံးလေးများသည် ဖန်ခွက်ထဲတွင် ချာလည်လှည့်ပြီး ပြေးနေကြသည်။ စုလှိုင်သည် ဖန်ခွက်ကို လက်ထဲတွင် ခပ်ဖွဖွလေးလှုပ်ခတ်နေသည်။ မိမိကိုယ် မိမိပင် အလေးအနက်တန်ဖိုးမထားဘဲ စိတ်အလိုသို့ လိုက်ခဲ့မိသည့်တဒင်္ဂကို ပြန်လည်သတိရနေသည်။ ထိုတဒင်္ဂသည် ပြီးမသွားခဲ့ပေ။ သူ့နောက်သို့ အရိပ်လို ကပ်၍ပါလာသည်။ **ဆက်လက်ဖော်ပြပါမည်။**

## ဇလွန်မြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရအကြောင်း အသိပညာပေးဟောပြောပွဲကျင်းပ

ဇလွန် မတ် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ မေရီလန်းကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာန၌ မတ်လ ၁၀ ရက်တွင် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရအကြောင်း အသိပညာပေးဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လွဲ့လွဲ့မိုးက မိခင်များအတွက် စိတ်ပိုင်းဆိုင်ရာစောင့်ရှောက်မှုများ၊ စိတ်ထိခိုက်ခံစားရမှုများကို လျှော့ချရန်နည်းလမ်းများ၊ MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရှိသူများနှင့် အကျိုးခံစားခွင့်ရှိသူများ၏အကြောင်းအရာများ၊ စိတ်ပိုင်းဆိုင်ရာထိခိုက်ခံစားမှုလက္ခဏာအကြောင်းအရာများ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဦးသန့်ဇင်ဦးက ကိုယ်ဝန်ဆောင်မိခင်များအား စားသုံးရန်မသင့်သောအစားအစာများအကြောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြင့်သိန်းက အွန်လိုင်းဆိုင်ရာလိမ်လည်မှုအကြောင်းတို့ကို အသိပညာပေးဟောပြောသည်။

ယင်းနောက် ဇလွန်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များကို ကိုယ်ဝန်ဆောင်မိခင်များက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **ဝေယံ-ဇလွန်(ပြန်/ဆက်)**

## လွိုင်လင်မြို့နယ်၌ ကျေးရွာတွင်းလမ်း သဲဖြူန်းခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

လွိုင်လင် မတ် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လွိုင်လင်မြို့နယ် အိမ်ခစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း သဲဖြူန်းခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို မတ်လ ၁၀ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဝင်း၊ လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သန့်ဇင်နှင့် တာဝန်ရှိသူများက လွိုင်လင်မြို့နယ် အိမ်ခစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း သဲဖြူန်းခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက လိုအပ်သည်များ ပြောကြားသည်။

လွိုင်လင်မြို့နယ် အိမ်ခစ်ကျေးရွာ၌ အရှည် ၁ မိုင် ၄ ဖာလုံကျော်၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိ ကျေးရွာတွင်းလမ်း သဲဖြူန်းခင်းခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများကို လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုငွေ ငွေကျပ် ၁၂၆ ဒသမ ၄၆၁ သန်းအသုံးပြု၍ ယခုနှစ်ဇန်နဝါရီလမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

# ရန်ကုန်မြို့အခြေစိုက် သီရိလင်္ကာသံအမတ်ကြီး H.E. Ms. Prabashini Ponnamperuma အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် လက်ခံတွေ့ဆုံ



နေပြည်တော်  မတ်  ၁၀

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် ရန်ကုန်မြို့အခြေစိုက် သီရိလင်္ကာသံအမတ်ကြီး H.E. Ms. Prabashini Ponnamperuma အား ယနေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံအကြား ဆက်ဆံရေးတိုးမြှင့်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ရေးဆိုင်ရာကိစ္စရပ်များနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြဝတီ

# ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းနှင့်ပတ်သက်၍ အချက်အလက်အသုံးပြုသူများ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော်  မတ်  ၁၀

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း အချက်အလက်အသုံးပြုသူများ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဗဟိုသန်းခေါင်စာရင်းကောက်ယူရေးကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် အလွန်ကျယ်ပြန့်ပြီး လုပ်ငန်းပမာဏကြီးမားရုံသာမက ငွေကုန်ကြေးကျများသည့်လုပ်ငန်းဖြစ်သော်လည်း နိုင်ငံ၏လက်ရှိအခြေအနေနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိကျမှန်ကန်သည့်လူဦးရေဆိုင်ရာ စာရင်းအင်းအချက်အလက်များရရှိရေးအတွက်သာမက နိုင်ငံတကာလုပ်ထုံးလုပ်နည်းများအရ သန်းခေါင်စာရင်းကို ၁၀ နှစ်တစ်ကြိမ်ကောက်ယူရန်လိုအပ်သည့်အတွက် အခက်အခဲများ၊ စိန်ခေါ်မှုများကြားကပင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို မဖြစ်မနေ ကောက်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

မကြာမီကာလတွင် နေပြည်တော်၊ ရန်ကုန်၊ ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီးတို့၏ လူဦးရေနှင့်လူမှုစီးပွားဆိုင်ရာအချက်အလက်များပါဝင်သည့် အစီရင်ခံစာများ ထုတ်ပြန်သွားမည်ဖြစ်ပြီး ကျန်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ အစီရင်ခံစာများကိုလည်း ဆက်လက်ထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များကို အခြေခံပြီး နှစ်အလိုက် ခန့်မှန်းလူဦးရေစာရင်းများရရှိနိုင်ရန် လူဦးရေခန့်မှန်းခြင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းမှရရှိသည့် အချက်အလက်ရလဒ်များကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ၊ စီမံကိန်းများရေးဆွဲချမှတ်ရာတွင် မဖြစ်မနေအခြေခံအသုံးပြုကြမည်ဖြစ်သဖြင့် ယင်းကိန်းဂဏန်း အချက်အလက်များကို စစ်တမ်းနှင့်စာရင်းအင်းရေးဆွဲသူများ၊ အချက်အလက် အသုံးပြုသူများအနေဖြင့် အကျိုးရှိရှိအသုံးပြုဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်စိုးနှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ကောက်ယူဆောင်ရွက်ခဲ့မှု၊ လူဦးရေခန့်မှန်းတွက်ချက်ခြင်းနှင့် သန်းခေါင်စာရင်းမှဖော်ထုတ်ရရှိနိုင်သည့် အချက်အလက်များ၊ ယင်းအချက်အလက်များအပေါ်အခြေခံကာ ဆက်လက်ဆောင်ရွက်နိုင်မည့် လုပ်ငန်းအခြေအနေများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်းနှင့် သန်းခေါင်စာရင်းနှင့်ပတ်သက်သည့်ကိန်းဂဏန်းအချက်အလက်များအား အချက်အလက်အသုံးပြုသူများအပြင် အများပြည်သူလေ့လာသိရှိနိုင်ရေးအတွက် ပြည်သူ့အင်အားဦးစီးဌာန၏ Website ဖြစ်သည့် www.dop.gov.mm တွင် ဝင်ရောက်ကြည့်ရှု၍ Download ရယူနိုင်ကြောင်း သတင်းရရှိသည်။

မြဝတီ

# (၃၅)ကြိမ်မြောက် အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ ဝန်ကြီးများအဆင့်အစည်းအဝေး (The 35th Meeting of the ASEAN Socio-Cultural Community (ASCC) Council)သို့ ဒုတိယဝန်ကြီး ဒေါ်နုမြဖံ တက်ရောက်

နေပြည်တော်  မတ်  ၁၀

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူထားသည့် ဖိလစ်ပိုင်နိုင်ငံကကြီးမှူး၍ ၂၀၂၆ ခုနှစ် မတ်လ ၃ ရက်မှ ၇ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ Makati မြို့၌ကျင်းပခဲ့သည့် (၃၅) ကြိမ်မြောက် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ ဝန်ကြီးများအဆင့် အစည်းအဝေး (The 35th Meeting of the ASEAN Socio-Cultural Community (ASCC) Council)သို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ်၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကို အဓိကရည်ရွယ်၍ အာဆီယံပြည်သူများအား လုပ်ပိုင်ခွင့်တာဝန်ပေး၍ စုပေါင်းတာဝန်ရှိမှုကို ဦးစားပေးကဏ္ဍအဖြစ် ဆောင်ရွက်ရာ၌ အပြုသဘောဆောင်သည့်အားလုံးအတွက် အကျိုးရှိမည့် ဖွံ့ဖြိုးတိုးတက်မှု၊ ကြံ့ကြံ့ခံမှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကိုဆောင်ရွက်ရေး၊ ကြံ့ကြံ့ခံနိုင်ရည်ရှိပြီး စွမ်းဆောင်ရည်ရှိသည့် အာဆီယံ၏မိသားစုဝင်များဖြစ်လာအောင် ဦးစားပေးဆောင်ရွက်ရေး၊ ခိုင်မာသည့် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ကူညီပံ့ပိုးမှုစနစ်များရရှိရေး၊ “အားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှု” (Inclusive Development) ကို တစိုက်မတ်မတ်အလေးအနက်ထားပြီး အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ထူးချွန်ထက်မြက်ပြီး တီထွင်ဆန်းသစ်မှုရှိသည့် လူငယ်များ (Smart Youth and Innovation) ကို မွေးထုတ်ပေးရေး၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးနှင့် အနာဂတ်တွင် လုံခြုံစိတ်ချရသည့် အစားအသောက်များ ရရှိရေးတို့အတွက် ဦးစားပေးလုပ်ငန်းစဉ်များသတ်မှတ်ရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်သည်။

မတ်လ ၃ ရက်က ဒုတိယဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ Makati မြို့သို့ ရောက်ရှိပြီး Peninsula Manila Hotel ၌ကျင်းပသည့် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ အလုပ်သဘောညစာစားပွဲသို့တက်ရောက်ခဲ့သည်။

မတ်လ ၄ ရက်က ဒုတိယဝန်ကြီးသည် ဖိလစ်ပိုင်နိုင်ငံက လက်ခံကျင်းပသည့် အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်း အဆင့်မြင့်ဖိုရမ်(၂၀၂၆) (ASEAN Socio-Cultural Community High-Level Forum 2026)သို့ တက်ရောက်ခဲ့သည်။



အဆိုပါ ဖိုရမ်တွင် Panel နှစ်ခုဖြင့် ဆွေးနွေးမှုများပါဝင်ရာ ဒုတိယဝန်ကြီးသည် မြန်မာနိုင်ငံ ကိုယ်စားပြုဆွေးနွေးသူအဖြစ် “ယဉ်ကျေးမှု၊ စံတန်ဖိုးထားမှုများနှင့် လူမှုသဟဇာတဖြစ်မှုသည် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အာဆီယံ၏ လူမှုပေါင်းစည်းယှက်နွယ်မှုကို ခိုင်မာစေခြင်း” ခေါင်းစဉ် (Culture, Values, and Social Harmony: Strengthening ASEAN's Social Fabric through Cross – Sectoral engagement)ဖြင့် ဆွေးနွေးပြောကြားခဲ့ပြီး ကြေညာချက်ကို အခြားအာဆီယံနိုင်ငံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းဝန်ကြီးများနှင့်အတူ လက်ခံခဲ့သည်။

ညနေပိုင်းတွင် အာဆီယံအလှည့်ကျသဘာပတိအဖြစ်ဆောင်ရွက်သည့် ဖိလစ်ပိုင်နိုင်ငံ အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီဝန်ကြီးက တည်ခင်းသည့် ကြိုဆိုညစာစားပွဲသို့တက်ရောက်ခဲ့သည်။

မတ်လ ၅ ရက်က ဒုတိယဝန်ကြီးသည် (၃၅)ကြိမ်မြောက်အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဝန်ကြီးများအဆင့် အစည်းအဝေး (The 35th Meeting of the ASEAN Socio-Cultural Community (ASCC) Council) သို့ တက်ရောက်ပြီး အာဆီယံလူမှု -ယဉ်ကျေးမှုအသိုက်အဝန်း၏ မဟာဗျူဟာလားရာနှင့်စပ်လျဉ်း၍ နိုင်ငံအလိုက်အမြင်သဘောထားများကို ဆွေးနွေးပြောကြားရာ၌ မြန်မာနိုင်ငံ၏ အမြင်သဘောထားများကို ဆွေးနွေးပြောကြားခဲ့သည်။

ညနေပိုင်းတွင် National Museum of Natural History ၌ အာဆီယံအလှည့်ကျသဘာပတိအဖြစ်ဆောင်ရွက်သည့် ဖိလစ်ပိုင်နိုင်ငံ အာဆီယံလူမှု -ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီဝန်ကြီးက တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ညစာစားပွဲအပြီးတွင် ဖိလစ်ပိုင်နိုင်ငံ အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီဝန်ကြီးက အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဝန်ကြီးများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဂုဏ်ပြုညစာစားပွဲမတိုင်မီ ဒုတိယဝန်ကြီးသည် National Museum of Natural History ၏ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့သည်။

မတ်လ ၆ ရက်က ဒုတိယဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယဉ်ကျေးမှုလေ့လာရေးခရီးစဉ် (Culture Visit) အဖြစ် ယဉ်ကျေးမှုအမွေအနှစ်နေရာများဖြစ်သည့် Fort Santiago, Rizal Park နှင့် Intramuros များသို့ သွားရောက်လေ့လာခဲ့ပြီး မတ်လ ၇ ရက်က ဖိလစ်ပိုင်နိုင်ငံမှ ပြန်လည်ထွက်ခွာလာရာ ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

မြဝတီ

# ဘိုကလေးမြို့နယ်ရှိ ရွာတန်းရှည်-(ဖျာပုံ-ဘိုကလေး) ကားလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်

ဘိုကလေး မတ် ၁၀

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဟိုင်းစီကျေးရွာအုပ်စု ရွာတန်းရှည်ကျေးရွာနှင့် ဖျာပုံ-ဘိုကလေး ကားလမ်းသို့ ဆက်သွယ်ခင်းကျင်းခဲ့သည့် ရွာတန်းရှည်-(ဖျာပုံ-ဘိုကလေး) ကားလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို မတ်လ ၉ ရက်က ကျင်းပသည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်စန်းချစ်၊ တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းသိန်း၊ ဖျာပုံခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင် (၁) ဒုတိယဗိုလ်မှူးကြီး ကျော်မင်းယု၊ ဖျာပုံခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦး၊ ဖျာပုံခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမိုးမြင့်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘိုကလေးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့် ကော်မတီဝင်များ၊ ဘိုကလေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်နိုင်ဦးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး ကွန်ကရစ်လမ်းသစ်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်များပေးအပ်ခြင်း၊ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ကွန်ကရစ်လမ်းသစ်ကို လှည့်လည်ကြည့်ရှုခြင်းတို့ ဆောင်ရွက်ကြပြီး လမ်းဖွင့်ပွဲတွင် ပါဝင်အားဖြည့်ခဲ့သည့် ဘင်ခရာအဖွဲ့၊ ဒိုးပိုင်းအဖွဲ့၊ ကရင်ဒုံးယိမ်းအဖွဲ့၊ ပန်းဖွားအဖွဲ့များအား အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ယင်းကွန်ကရစ်လမ်းသစ်သည် အရှည် ၁ မိုင် သုည ဒသမ ၂ ဖာလုံ၊ အကျယ်ပေ ၃၀ ရှိပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၃ ခုနှစ် ဇူလိုင်လမှစ၍ လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)



# ဆင်ပေါင်ဝဲမြို့နယ် စည်ပင်လှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများထုတ်ချေးပေး

ဆင်ပေါင်ဝဲ မတ် ၁၀

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ကျောက်ဆောင်စမ်းကျေးရွာအုပ်စု စည်ပင်လှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးခြင်းကို မတ်လ ၁၀ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇေယျက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ၏ရပိုင်ခွင့်နှင့် တာဝန်များ၊ စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက ကျေးရွာစီမံကိန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ငွေကျပ် ၅၈၃ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စည်ပင်လှကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း ၁၀၄ ဦးအတွက် ငွေကျပ် ၅၈၃ သိန်းကို နေ့ချင်းပြီး လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာထုတ်ချေးပေးကြောင်း သိရသည်။

ငြိမ်းသူ

# ဂျပန်နိုင်ငံရှိ ကုမ္ပဏီ ၅၇ ခုမှ မြန်မာလုပ်သားများကို ခေါ်ယူရန် အလုပ်ကမ်းလှမ်းစာ ထပ်မံပေးပို့

ရန်ကုန် မတ် ၁၀


ဂျပန်နိုင်ငံရှိ ကုမ္ပဏီ ၅၇ ခုမှ မြန်မာလုပ်သားများကိုခေါ်ယူရန် အလုပ်ကမ်းလှမ်းစာကို မတ်လ ဒုတိယပတ်တွင် ထပ်မံပေးပို့လာကြောင်း တိုကျိုမြို့ရှိ မြန်မာသံရုံးမှ သိရသည်။

လက်ရှိတွင် တိုကျိုမြို့ရှိ မြန်မာသံရုံးအနေဖြင့် ဂျပန်နိုင်ငံရှိအလုပ်သမားကြီးကြပ်ရေးကုမ္ပဏီနှင့် အလုပ်ခေါ်ယူသည့်စက်ရုံ၊ ကုမ္ပဏီများ ဂျပန်နိုင်ငံ၌ တရားဝင်တည်ထောင်ထားခြင်း ရှိ၊ မရှိ စာရွက်စာတမ်းအထောက်အထားများ စိစစ်၍ စိစစ်တွေ့ရှိချက်များ၊ သဘောထားမှတ်ချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် အလုပ်သမားဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့သည့် လုပ်ငန်းစဉ်များကို စိစစ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့စိစစ်ဆောင်ရွက်ပြီး စာရွက်စာတမ်း၊ အချက်အလက်များပေးပို့နိုင်ရန် မတ်လပထမပတ်က ကုမ္ပဏီ ၄၉ ခုစာရင်းကိုထုတ်ပြန်ပေးခဲ့ပြီး ယခုအခါ ထပ်မံ၍ ကုမ္ပဏီ ၅၇ ခု၏စာရင်းကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ယင်းသို့ ထုတ်ပြန်သည့်စာရင်းတွင် ဖော်ပြပါရှိသော ကုမ္ပဏီများအနေဖြင့် Demand Letter စိစစ်နိုင်ရန် အချက်အလက်များကို မြန်မာသံရုံး တိုကျိုမြို့သို့ လိပ်မူ၍ စာတိုက်မှတစ်ဆင့် ပေးပို့ရမည်ဖြစ်ကြောင်း၊ ကြေညာချက်တွင်ပါရှိမှသာ ကြေညာချက်အမှတ်စဉ်ဖော်ပြလျက် စာရွက်စာတမ်း၊ အထောက်အထားများကို စာတိုက်မှတစ်ဆင့် ပြန်လည်ပေးပို့ရန် လိုအပ်ကြောင်း သိရသည်။

ဖြိုးဖြိုး




# ရေနံချောင်းမြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော် ) ထည့်သွင်းမြေမြှုပ်ခြင်း ကွင်းသရုပ်ပြပွဲကျင်းပ



ရေနံချောင်း မတ် ၁၀

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) သုံးဧက ထည့်သွင်းမြေမြှုပ်ခြင်း ကွင်းသရုပ်ပြပွဲကို မတ်လ ၉ ရက်က သုံးဆယ့်ခြောက်ကျေးရွာ ကွင်းအမှတ်(၃၂) တောင်သူ ဦးမျိုးထွန်းဦး၏လယ်မြေ၌ ကျင်းပသည်။

ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးယဉ်မင်းစိုးက သစ်စိမ်းမြေဩဇာ တစ်ဧကထည့်သွင်းစိုက်ပျိုးခြင်းဖြင့် ယူရီးယား ၂ ဒသမ ၁၈ အိတ်၊ နိုက်ထရိုဂျင် ၄၀ kg မှ ၆၀ kg ထည့်သွင်းအသုံးပြုမှုနှင့် ညီမျှကြောင်း၊ အော်ဂဲနစ်သစ်စိမ်းမြေဩဇာထည့်သွင်းအသုံးပြုပါက ကုန်ကျစရိတ်သက်သာခြင်း၊ မြေဆီလွှာထိန်းသိမ်းနိုင်ခြင်း၊ ပိုးမွှားကျရောက်မှုသက်သာခြင်း၊ ဓာတ်မြေဩဇာသုံးစွဲမှုလျှော့ချနိုင်ခြင်း၊ အထွက်နှုန်းတိုးတက်ခြင်း စသည့်ကောင်းကျိုးများရရှိလာမည်ဖြစ်သောကြောင့် တောင်သူများအနေဖြင့် သစ်စိမ်းမြေဩဇာကို ထည့်သွင်းစိုက်ပျိုးသင့်ကြောင်း အသိပညာပေးဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက တောင်သူဦးမျိုးထွန်းဦး၏လယ်မြေ၌ သဘာဝသစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) သုံးဧက ထည့်သွင်းမြေမြှုပ်ခြင်း ကွင်းသရုပ်ပြပွဲကိုဆက်လက်ဆောင်ရွက်ရာ သုံးဆယ့်ခြောက်ကျေးရွာအတွင်းရှိ ဒေသခံတောင်သူများ လာရောက်ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ကိုစိုးကြီး

# အမြို့မြို့အနယ်နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်စွာကျင်းပနိုင်ရေး စာဖြေဌာနများ ပြင်ဆင်ထားရှိမှုစစ်ဆေး




## မန္တလေး

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် မတ်လ ၁၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံ မြို့နယ် အောင်နန်းရိပ်သာအရှေ့ရပ်ကွက် လမ်း ၈၀၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြားရှိ အမှတ်(၁၄) အခြေခံပညာအထက်တန်း ကျောင်းနှင့် ပြည်ကြီးမျက်မှန်ရပ်ကွက် ၆၈ လမ်း၊ ၂၈ လမ်းထောင့်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းတို့ရှိ ၂၀၂၅ – ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲကျင်းပမည့် စာဖြေဌာနများအား ကြည့်ရှုစစ်ဆေးသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် စာဖြေဌာနရှိ စာဖြေခန်းများအား လိုက်လံကြည့်ရှုစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်း၊ မဟာအောင်မြေခရိုင် ပညာရေးမှူး ဒေါက်တာသက်လှစု၊ ချမ်းအေးသာစံမြို့နယ် ဒုတိယမြို့နယ်ပညာရေးမှူး ဦးသူရိန်စိုးနှင့်တာဝန်ရှိသူများက အသီးသီး လိုက်လံရှင်းလင်းပြသကြောင်းနှင့် လိုအပ်သည်များအား သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။ (၄၀၂)

## မော်လမြိုင်ကျွန်း



ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ၂၀၂၅- ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာစစ်ဌာနများအား ပြင်ဆင်ထားရှိမှုများကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက မတ်လ ၉ ရက်တွင်ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးမင်းမင်းထွန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ်လျှပ်စစ်ဦးစီးဌာန ဝန်ထမ်းများနှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့်စာစစ်ဌာနများ ပြင်ဆင်ထားရှိမှုများ၊ စာဖြေခန်းများတွင်အလင်းရောင်ကောင်းမွန်စွာရရှိရေး၊ စာဖြေခုံများသန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ သောက်သုံးရေလုံလောက်စွာရရှိရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ သန့်ရှင်းရေးကောင်းမွန်ရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ထားရှိမှုများကို စစ်ဆေးကြကြောင်း သိရသည်။

**ရဲကိုမောင်(ပြန်/ဆက်)**



## ပွင့်ဖြူ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး စာစစ်ဌာနများပြင်ဆင်ထားရှိမှုအခြေအနေများကို မတ်လ ၉ ရက်တွင် ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလင်းလင်းအောင်နှင့် တာဝန်ရှိသူများက ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနနှင့် ကုန်းဇောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနတို့သို့ သွားရောက်၍ မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုများ၊ စာဖြေခန်းများ၊ စာဖြေခုံများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် စာဖြေသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆောင်ရွက်ထားရှိမှု၊ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ပွင့်ဖြူမြို့နယ်၌ ၂၀၂၅– ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနနှင့် ကုန်းဇောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနတို့၌ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူဦးရေ ၁၀၈၇ ဦးရှိကြောင်း ပွင့်ဖြူမြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**





## ဆီဆိုင်

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စာဖြေဌာနများ ပြင်ဆင်ထားရှိမှု အခြေအနေများကို မတ်လ ၉ ရက်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခွန်ကျော်ရန်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သည့် အဖွဲ့တို့က တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာဖြေဌာနများဖြစ်သည့် အခြေခံပညာအထက်တန်းကျောင်း(ဆီဆိုင်)၊ အခြေခံပညာအထက်တန်းကျောင်း(ဘန်းယဉ်)နှင့် အခြေခံပညာအထက်တန်းကျောင်း(ဆိုက်ခေါင်)တို့ကို ကွင်းဆင်းစစ်ဆေးကြပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများ၊ စာဖြေခန်းများတွင် အလင်းရောင်ကောင်းမွန်စွာရရှိရေး၊ သောက်သုံးရေ လုံလောက်စွာရရှိရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ သန့်ရှင်းရေးကောင်းမွန်စေရေးနှင့် မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးနှင့် အနှောင့်အယှက်မဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများအား လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။ (၄၀၅)

## ရေး

မွန်ပြည်နယ် ရေးမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး စာစစ်ဌာနများပြင်ဆင်ထားရှိမှုများကို မတ်လ ၉ ရက်တွင် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပညာရေးမှူး ဦးသန်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် စာစစ်ဌာနအသီးသီးမှ တာဝန်ခံကြီးကြပ်သူဆရာ၊ ဆရာမများနှင့်တွေ့ဆုံ၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စာဖြေခန်းများ၊ စာဖြေခုံများပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့်မီးဘေးအန္တရာယ်လုံခြုံရေး ဆောင်ရွက်ထားရှိမှုစသည်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်စွက်ဆောင်ရွက်ထားရှိရန် မှာကြားသည်။

ရေးမြို့နယ်အနေဖြင့် ၂၀၂၅ -၂၀၂၆ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာစစ်ဌာနနှစ်ခု၌ ကျောင်းသား၊ ကျောင်းသူ ၆၈၁ ဦးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ (စက်မှု/စိုက်ပျိုး/မွေးမြူရေး) ကျင်းပမည့် စာစစ်ဌာနတစ်ခုတွင် ကျောင်းသား၊ ကျောင်းသူ ၃၃ ဦးဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

**(၄၀၆)၊ ရှင်းသန့်ဖြူ**

# ကျန်းမာရေးကောင်းကျိုးများစွာရရှိနိုင်သည့် သခွားမွှေးသီး



**သခွားမွှေးသီး (Muskmelon)**

အရည်ရွှမ်းပြီး အရသာရှိသည့် လူကြိုက်များသောအသီးများတွင် သခွားမွှေးသီးလည်းအပါအဝင်ဖြစ်သည်။ သခွားမွှေးသီးသည် သခွားသီး၊ ဖရဲသီး၊ ဖရုံသီးတို့နှင့် မျိုးနွယ်တူပြီး အရောင်နှင့်ပုံစံကွဲပြားကာ ကမ္ဘာတစ်ဝန်းတွင် သခွားမွှေးသီးအမျိုးအစားများစွာရှိသည်။ Cucurbitaceae မျိုးရင်းဝင် သခွားမွှေးသီး၏ အင်္ဂလိပ်အမည်မှာ Muskmelon ဖြစ်ပြီး ရုက္ခဗေဒအမည်အားဖြင့် Cucumis Melo ဟုခေါ်သည်။

**ရေဓာတ်ဖြည့်ပေးသော သခွားမွှေးသီး**

အရည်ရွှမ်းသည့် သခွားမွှေးသီးသည် ရေဓာတ်ကို အပြည့်အဝဖြည့်တင်းပေးနိုင်သည်။ သခွားမွှေးသီးတွင် ပိုတက်ဆီယမ်၊ မဂ္ဂနီဆီယမ်တို့ပါဝင်ပြီး ရေဓာတ်ကိုထိန်းညှိပေးကာ ရေဓာတ်ခန်းခြောက်ခြင်းမှ ကာကွယ်ပေးသည်။

**အသားအရေကိုကျန်းမာလှပနိုင်**

သခွားမွှေးသီးတွင် ဗီတာမင်-A ပါဝင်မှုများသည့်အတွက် လွန်ကဲစွာမစားသင့်သော်လည်း သင့်တင့်မျှတစွာစားခြင်းဖြင့် အန္တရာယ်ကင်းသော အာဟာရဓာတ်များကိုရရှိစေပြီး အဖုအပိမ့်၊ ဝက်ခြံနှင့်အရေးအကြောင်းများကို သက်သာစေသည်။ သခွားမွှေးသီးတစ်ခွက်စာပမာဏကို စားရုံဖြင့် တစ်နေ့တာစားသင့်သည့် ဗီတာမင်-A ပမာဏ၏ ၁၀၀ ရာခိုင်နှုန်းကျော် ရရှိနိုင်သည်။ အရေပြားနှင့်ဆံကေသာကိုလည်း ကောင်းမွန်စေသည်။

**အမြင်အာရုံကောင်းစေနိုင်**

သခွားမွှေးသီးတွင် ပါဝင်သောအာဟာရဓာတ်များသည် အမြင်အာရုံကိုထိန်းပေးကာ မျက်စိကိုကြည်လင်ကောင်းမွန်စေပြီး Beta-Carotene ဓာတ်က ခန္ဓာကိုယ်ထဲတွင် ဗီတာမင်- A အဖြစ် ပြောင်းလဲသွားနိုင်သောကြောင့် မျက်စိ၏လုပ်ငန်းဆောင်တာများကို အားကောင်းစေသည်။

**ကူးစက်ပိုးများကိုတွန်းလှန်နိုင်**

သခွားမွှေးသီးတွင် ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးနိုင်သည့် ဗီတာမင်- A ပါဝင်ပြီး သွေးဖြူဥဆဲလ်များ ကြီးထွားဖွံ့ဖြိုးရန် ကူညီပေးသောကြောင့် ခန္ဓာကိုယ်ကို ရောဂါပိုးမွှားများ၏အန္တရာယ်မှ ကာကွယ်ပေးသည်။

သခွားမွှေးသီးကို ဖျော်ရည်အဖြစ် သောက်သုံးပါက ကလေးများ၏ကိုယ်ခံစွမ်းအားစနစ်ကို အားကောင်းစေပြီး ဗိုင်းရပ်စ်များကို တွန်းလှန်ပေးသောကြောင့် ဖျားနာခြင်းမဖြစ်နိုင်ပေ။

**နာတာရှည်ရောဂါများကို ကာကွယ်ပေးနိုင်**

သခွားမွှေးသီးတွင် Caffeic Acid နှင့် Ellagic Acid ကဲ့သို့သော အရေးကြီးသည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ (Antioxidants) ကြွယ်ဝစွာပါရှိသည်။ ထို Antioxidants က ဆဲလ်များကို Free Radicals ဟုခေါ်သည့် အန္တရာယ်ရှိသောမော်လီကျူးများမှ ကာကွယ်ပေးရုံသာမက နှလုံးရောဂါကဲ့သို့ နာတာရှည်ရောဂါများကိုလည်း ကာကွယ်ပေးနိုင်သည်။

**သွားနှင့်သွားဖုံးကို ကျန်းမာစေနိုင်**

သခွားမွှေးသီးတွင် ဗီတာမင်-C ပေါကြွယ်ဝစွာပါဝင်သောကြောင့် သွားနဲ့ခြင်း၊ သွားဖုံးမှသွေးထွက်ခြင်းကဲ့သို့ သွားနှင့်ပတ်သက်သောဝေဒနာများကို သက်သာပျောက်ကင်းစေသည်။ သွားအတွင်းသွေးထွက်ခြင်းနှင့် သွားဖုံးပြည်တည်ခြင်းတို့အတွက် သခွားမွှေးသီးကိုစားပေးခြင်းဖြင့် သက်သာစေနိုင်သည်။

**သွေးအားနည်းခြင်းမဖြစ်အောင် ကာကွယ်ပေးနိုင်**

သခွားမွှေးသီးတွင် ဗီတာမင်-K (Phytonadione)၊ ဗီတာမင်-B6 (Pyridoxine)၊ ဗီတာမင်-B3 (Niacin)၊ အမျှင်ဓာတ်၊ မဂ္ဂနီဆီယမ်၊ ဗီတာမင်-B1 (Thiamine) တို့များစွာပါဝင်သောကြောင့် ဗီတာမင် B9 (Folate) နှင့် ဗီတာမင်-B12 (Cyanocobalamin) ချို့တဲ့မှုကြောင့်ဖြစ်တတ်သည့် သွေးအားနည်းရောဂါကို ကာကွယ်ပေးသည်။ ဗီတာမင်-B9 (Folate) ဓာတ်ချို့တဲ့ပါက သွေးနီဥများ ပုံမှန်အရွယ်အစားထက် ကြီးမားများပြားခြင်းဖြစ်ပေါ်စေခြင်းကို သခွားမွှေးသီးစားပေးခြင်းဖြင့် ထိရောက်စွာ ကာကွယ်ပေးနိုင်သည်။

**အနာကျက်မြန်စေနိုင်**

သခွားမွှေးသီးတွင် အန္တရာယ်အကင်းဆုံးနှင့် အထိရောက်ဆုံးအာဟာရဓာတ်တစ်မျိုးဖြစ်သည့် ဗီတာမင်-C ကြွယ်ဝမှုကြောင့် ကော်လာဂျင်ဖြစ်ပေါ်မှုများစေပြီး အရေပြားနှင့်အမာရွတ်တစ်သျှူးများကို အားကောင်းစေသည်။

**သွေးဖိအားကိုလျှော့ကျစေနိုင်**

သခွားမွှေးသီးတွင် ရေဓာတ်များစွာပါဝင်ပြီး ကယ်လိုရီပါဝင်မှုနည်းပါးသည့်အပြင် ငှက်ပျောသီးတွင်ပါဝင်သော ပိုတက်ဆီယမ်ဓာတ်နီးပါး ၁၄ ရာခိုင်နှုန်းခန့်ပါဝင်သောကြောင့် ခန္ဓာကိုယ်တွင်းမှ ဆိုဒီယမ်ဓာတ်ကိုလျှော့ကျစေကာ သွေးဖိအားကိုထိန်းချုပ်ပေးပြီး သွေးတိုးရောဂါကို လျှော့ချနိုင်သည်။ သခွားမွှေးသီး၏ သွေးဖိအားကို ထိန်းချုပ်ပေးနိုင်ခြင်းသည် ကင်ဆာဖြစ်ပွားမှုကိုပါ ကာကွယ်ပေးနိုင်သည်။ သွေးလည်ပတ်မှုကောင်းမွန်မှုသာကိုလက်စထရောပမာဏကို လျှော့ချပေးနိုင်မည်ဖြစ်သည်။

**ခြေထောက်ကြွက်တက်ခြင်းကို ကာကွယ်ပေးနိုင်**

သခွားမွှေးသီးတွင်ပါဝင်သော ပိုတက်ဆီယမ်ဓာတ်သည် ကြွက်သားနှင့် နာဗ်ကြောများကိုအားကောင်းစေသောကြောင့် သခွားမွှေးသီးကို အသီးအတိုင်းဖြစ်စေ၊ ဖျော်ရည်ပြုလုပ်၍ဖြစ်စေ သောက်သုံးခြင်းဖြင့် ခြေထောက်ကြွက်တက်ခြင်းကို ကာကွယ်ပေးနိုင်သည်။

ခန္ဓာကိုယ်တွင် ပိုတက်ဆီယမ်ဓာတ်ချို့တဲ့ပါက ကြွက်သားအားနည်းခြင်းနှင့် ကြွက်တက်ခြင်းတို့ ဖြစ်ပေါ်စေနိုင်သည်။

**ကိုယ်ဝန်ဆောင်များအတွက် အားကောင်းနိုင်**

သခွားမွှေးသီးတွင် ဖောလစ်အက်စစ်ဟုခေါ်သည့် ဖောလိတ်ဓာတ် (Folate) များပြားစွာပါဝင်သောကြောင့် ကိုယ်ဝန်ဆောင်ချိန်အတွက် အထူးအရေးပါပြီး ကလေးမွေးဖွားရာတွင် လွယ်ကူစေသည်။ အထူးသဖြင့် မွေးဖွားလာမည့်ကလေးများ၏ နာဗ်ကြောစနစ်ပြဿနာများကို လျှော့ကျစေသည်။ ထို့ပြင် သခွားမွှေးသီးတွင် ဗီတာမင်-C ပါဝင်သောကြောင့် ကလေးနှင့်မိခင်ကို ကျန်းမာစေသည်။ ကလေးမွေးဖွားနှုန်းတိုးတက်စေရန် သခွားမွှေးသီးကို စားပေးသင့်ကြောင်း လေ့လာမှုများအရ သိရသည်။

**ရောင်ရမ်းမှုကိုလျှော့ချပေးနိုင်**

သခွားမွှေးသီးတွင် ရောင်ရမ်းမှုကို လျှော့ချပေးနိုင်သော အစွမ်းသတ္တိများပါရှိသည်။ ပြင်းထန်သောရောင်ရမ်းမှုသည် ခန္ဓာကိုယ်မှရောဂါပိုးများကို တိုက်ထုတ်ပြီး ပြန်လည်ကောင်းမွန်လာစေရန် ကူညီပေးသည့် ပုံမှန်ကိုယ်ခံအားတုံ့ပြန်မှုတစ်ခုဖြစ်သော်လည်း နာတာရှည်ရောင်ရမ်းမှုသည် နှလုံးရောဂါ၊ ဆီးချိုရောဂါနှင့် ကင်ဆာကဲ့သို့သောရောဂါများကိုကြီးထွားစေနိုင်သည်။ သခွားမွှေးသီးက နှလုံးရောဂါကို ကာကွယ်ပေးနိုင်သည့်အပြင် ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေကိုလည်း လျှော့ချပေးနိုင်သည်။

**ရုတ်တရက်နှလုံးဖောက်ခြင်းကို ကာကွယ်ပေးနိုင်**

သခွားမွှေးသီးတွင်ပါဝင်သည့် Adenosine ဓာတ်က သွေးကြောများပိတ်ခြင်း၊ သွေးဆဲလ်များ စီးဆင်းမှုကိုရပ်တန့်ခြင်းတို့ကြောင့် ရုတ်တရက်နှလုံးဖောက်ခြင်း (Heart Attack) ကို ကာကွယ်ပေးနိုင်သည်။

**ကင်ဆာရောဂါကိုကာကွယ်ပေးနိုင်**

သခွားမွှေးသီးတွင် Carotenoids ဓာတ်ပါဝင်သောကြောင့် ကင်ဆာရောဂါကို ကာကွယ်ပေးနိုင်ပြီး Carotenoids ပါဝင်မှုများသည့် အသီးအနှံများ၊ အစားအစာများက အထူးသဖြင့် အဆုတ်ကင်ဆာနှင့် ရင်သားကင်ဆာကို ပိုပြီးကာကွယ်ပေးနိုင်သည်။ သခွားမွှေးသီးတွင် Antioxidants Flavoids ဓာတ်ပါဝင်သဖြင့် ဆဲလ်များကိုကာကွယ်ပေးနိုင်ပြီး Free Radical များကိုဖယ်ရှားပေးနိုင်သည်။

**ဆီးလမ်းကြောင်းပိုးဝင်မှု မဖြစ်အောင် ကာကွယ်ပေးနိုင်**

သခွားမွှေးသီးတွင် ရေဓာတ်ပါဝင်မှုမြင့်မားသည့်အတွက် ခန္ဓာကိုယ်တွင်းစနစ်မှ ဗက်တီးရီးယားများကို ဖယ်ထုတ်နိုင်သည့်အပြင် ဗီတာမင်- C ပါဝင်မှုများသောကြောင့်လည်း ဆီးတွင်းရှိ အက်စစ်အဆင့်ကိုတိုးစေပြီး ဆီးလမ်းကြောင်းရှိ ပိုးမွှားများကို လျှော့ကျစေသည်။

**ကိုယ်ခံအားကိုမြှင့်တင်ပေးနိုင်**

သခွားမွှေးသီးတွင် ဗီတာမင်-A၊ ဗီတာမင်-C နှင့် ဗီတာမင်-B တို့ ကြွယ်ဝစွာပါဝင်သောကြောင့် ကိုယ်ခံအားကို မြှင့်တင်ပေးသည်။ သခွားမွှေးသီးသည် ကိုယ်ခံအားစနစ်အတွက် မရှိမဖြစ်လိုအပ်သော ဗီတာမင်-C ၏ အကောင်းဆုံးအရင်းအမြစ်ဖြစ်သည်။ ဗီတာမင်-C လုံလောက်စွာရရှိခြင်းသည် သာမန်အအေးမိခြင်းကဲ့သို့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ၏ ပြင်းထန်မှုနှင့် ကြာချိန်ကို လျှော့ချပေးနိုင်သည်။

**ဝမ်းချုပ်ခြင်းကိုကာကွယ်ပေးနိုင်**

သခွားမွှေးသီးတွင် အမျှင်ဓာတ်ပေါများစွာပါဝင်ခြင်းကြောင့် ပုံမှန်စားသုံးခြင်းဖြင့် အစာကြေစေကာ ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးပြီး အစာခြေစနစ်ကို ကောင်းမွန်စေသည်။

**နာတာရှည်ရောဂါတချို့ကို ကင်းဝေးစေနိုင်**

သခွားမွှေးသီးတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ၊ ဘီတာကယ်ရိုတင်းနှင့် ဗီတာမင်-C တို့ ကြွယ်ဝစွာပါဝင်သောကြောင့် နှလုံးရောဂါ၊ ကင်ဆာရောဂါကဲ့သို့ နာတာရှည်ရောဂါများ ကင်းဝေးစေသည်။

**ကိုယ်အလေးချိန်ထိန်းသိမ်းပေးနိုင်**

သခွားမွှေးသီးတွင် ရေဓာတ်ပါဝင်မှုမြင့်မားသောကြောင့် ရေဓာတ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပြီး ကိုယ်အလေးချိန်လျှော့ကျစေနိုင်သည်။ သခွားမွှေးသီးသည် ကယ်လိုရီနှင့်အဆီဓာတ်ပါဝင်မှုနည်းပါးသောကြောင့် ကိုယ်အလေးချိန်ထိန်းသိမ်းရာတွင် အထောက်အကူဖြစ်စေသည့်အပြင် အမျှင်ဓာတ်ပါဝင်ခြင်းကြောင့် အစားအစာစားသုံးမှုကို ကန့်သတ်နိုင်သည်။

**သခွားမွှေးသီးများများ မစားသင့်သူများ**

သခွားမွှေးသီးတွင် သကြားဓာတ်နှင့် ကာဗိုဟိုက်ဒရိတ်ပါဝင်မှုများသည့်အတွက် ဆီးချိုဝေဒနာရှင်များအနေဖြင့် များများစားပါက ဆီးချိုတက်နိုင်သောကြောင့် ချင့်ချိန်၍သာစားသုံးသင့်သည်။

အချုပ်အားဖြင့်ဆိုရသော် သခွားမွှေးသီးသည် အင်ဆူလင်ဓာတ်ကိုညီမျှစေခြင်း၊ ခုခံအားစနစ်ကိုကောင်းစေပြီး ကင်ဆာရောဂါကိုကာကွယ်ပေးနိုင်ခြင်း၊ ကျောက်ကပ်နှင့်ပတ်သက်သည့် ရောဂါများကို ကာကွယ်ပေးခြင်း၊ မျက်စိကိုကျန်းမာစေခြင်း၊ စိတ်ဖိစီးမှုနှင့်စိတ်ပူပန်မှုကို သက်သာစေနိုင်ခြင်း၊ အဆစ်အမျက်ရောင်ရမ်းမှုများကို သက်သာစေခြင်း၊ အဆိပ်အတောက်များကိုပြယ်စေပြီး အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်းများကို သက်သာစေနိုင်ခြင်း စသည်တို့ကြောင့် စားသုံးပေးသင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

> **"သခွားမွှေးသီးတွင် ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးနိုင်သည့် ဗီတာမင်- A ပါဝင်ပြီး သွေးဖြူဥဆဲလ်များ ကြီးထွားဖွံ့ဖြိုးရန် ကူညီပေးသောကြောင့် ခန္ဓာကိုယ်ကို ရောဂါပိုးမွှားများ၏အန္တရာယ်မှ ကာကွယ်ပေးသည်။**
>
> **သခွားမွှေးသီးကို ဖျော်ရည်အဖြစ်သောက်သုံးပါက ကလေးများ၏ ကိုယ်ခံစွမ်းအားစနစ်ကိုအားကောင်းစေပြီး ဗိုင်းရပ်စ်များကို တွန်းလှန်ပေးသောကြောင့် ဖျားနာခြင်းမဖြစ်နိုင်ပေ . . ."**

ဒေါက်တာလပြည့်ခင်

# ပွင့်ဖြူမြို့နယ် မြို့မစည်ပင်သာယာဈေး၌ မီးဘေးလုံခြုံရေး လိုက်လံသတိပေးနှိုးဆော်



ပွင့်ဖြူ မတ် ၁၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မြို့မစည်ပင်သာယာဈေး၌ မတ်လ ၁၀ ရက် နံနက်ပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေး လိုက်လံသတိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲလင်းနောင်၊ လက်ထောက်မီးသတ်ဦးစီးမှူး ဦးမျိုးမင်းအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ပူပြင်းခြောက်သွေ့သောကာလသို့ ရောက်ရှိလာပြီဖြစ်၍ မြို့မစည်ပင်သာယာဈေးကြီးအား မီးဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် ဈေးပတ်ဝန်းကျင်ရှိလူနေအိမ်များ မီးကြွင်းမီးကျန်မရှိစေရေး စနစ်တကျငြိမ်းသတ်ဆောင်ရွက်ကြရန်၊ ဈေးဆိုင်ခန်းများတွင် တပ်ဆင်အသုံးပြုလျက်ရှိသော လျှပ်စစ်ဝိုင်ယာကြိုးများကြံ့ခိုင်ကောင်းမွန်ရေး စစ်ဆေးလဲလှယ်ခြင်းဆောင်ရွက်ရန်နှင့် မီးခလုတ်များမလိုအပ်လျှင်မဖွင့်ဘဲပိတ်ထားရန်၊ ဈေးဆိုင်ခန်းများနှင့် လူနေအိမ်များမှထွက်ရှိသောအမှိုက်များမီးရှို့ခြင်းမပြုလုပ်ကြရန် စသည်တို့ကို အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ကြသည်။

ထို့ပြင် ပွင့်ဖြူမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ပူပြင်းခြောက်သွေ့သောကာလသို့ ရောက်ရှိလာသည့်အတွက် ဒေသတွင်းရှိ ရပ်ကွက်/ကျေးရွာများ၊ ဌာနဆိုင်ရာရုံးများ၊ စက်ရုံအလုပ်ရုံများ၊ စည်ပင်သာယာဈေးများတွင် မီးဘေးအန္တရာယ်သတိပြုကာကွယ်နိုင်ရေးအတွက် မီးသတိပြုရေးအသိပေးနှိုးဆော်ခြင်းများကို ယခုကာလတွင် ပိုမိုအလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# ကြံခင်းမြို့နယ်၌ စက်သုံးဆီခြိုးခြံချွေတာသုံးစွဲရေး အသိပညာပေးဆောင်ရွက်

ကြံခင်း မတ် ၁၀

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်ရှိ မြို့မရပ်ကွက်၊ လမ်းမတော်လမ်းနှင့် မက်သနောလမ်းဗုဒ္ဓတစ်ထောင် အကောက်တောင်မုခ်ဦးရှေ့တို့၌ မတ်လ ၉ ရက်တွင် စက်သုံးဆီခြိုးခြံချွေတာသုံးစွဲရေးအတွက်သတ်မှတ်ထားသည့် စုံရက်၊ မရက်များအလိုက် ယာဉ်များမောင်းနှင်နိုင်စေရေး အသိပညာပေးခြင်းကို တာဝန်ရှိသူများပူးပေါင်း၍ဆောင်ရွက်ကြသည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးသောင်းထွဋ်လွင် ဦးဆောင်၍ ပူးပေါင်းအဖွဲ့များက စက်သုံးဆီခြိုးခြံချွေတာရေးနှင့် ဖူလုံမှုရှိစေရေးအတွက် ထုတ်ပြန်ခဲ့သောကြေညာချက်အား ပြည်သူများသိရှိစေကာ စည်းကမ်းချက်များနှင့်အညီ လစဉ်စုံရက်များတွင် "စုံ" နံပါတ်ပါသော ယာဉ်များအသုံးပြုပြီးမောင်းနှင်ရန်နှင့် လစဉ်မရက်များတွင် "မ"နံပါတ်ပါဝင်သော ယာဉ်များအသုံးပြုမောင်းနှင်ရန်တို့ကို အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။ ဖြိုးဝေလင်း(ပြန်/ဆက်)

# နွေရာသီအားကစားသင်တန်းများ သင်တန်းဆင်းပွဲကျင်းပ



သထုံ မတ် ၁၀

မွန်ပြည်နယ် သထုံမြို့နယ် ဘင်လိုင်ရပ်ကွက်ရှိ မြို့နယ်အားကစားခန်းမ၌ မတ်လ ၁၀ ရက် နံနက်ပိုင်းတွင် ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာနမှ စီစဉ်ဖွင့်လှစ်ခဲ့သည့် နွေရာသီအခြေခံအားကစားသင်တန်းများ သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်က နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိစွာအသုံးချနိုင်ရေး၊ အားကစားကိုစိတ်ပါဝင်စားပြီး အခြေခံအားကစားနည်းစနစ်များကို စနစ်တကျလေ့လာလိုက်စားတတ်ရေးနှင့် ကျန်းမာကြံ့ခိုင်ပြီး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရေးတို့အတွက် အခြေခံအားကစားသင်တန်းများ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုး၊ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင်များနှင့်တာဝန်ရှိသူများက သင်တန်းနည်းပြများအား ဂုဏ်ပြုချီးမြှင့်ခြင်း၊ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခြင်းနှင့် သင်တန်းထူးချွန်သူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးကြပြီးနောက် မြန်မာ့သိုင်းသင်တန်းတက်ရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ရိုးရာသိုင်းဖြင့် သရုပ်ပြသကြသည်။

ထို့ပြင် သထုံမြို့နယ်အတွင်း ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန၏စီစဉ်မှုဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလတွင် မြန်မာ့သိုင်း၊ တင်းနစ်၊ ခြင်းလုံး၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘော်လီဘော၊ ဘောလုံးအားကစားနည်းသင်တန်းများကို ဖေဖော်ဝါရီလ ၁၈ ရက်မှမတ်လ ၁၀ ရက်ထိဖွင့်လှစ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၂၅၀ ကျော်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

★★★

## ပြည်သူချစ်တဲ့တပ်မတော်

☆ နိုင်ငံမှာ မရှိမဖြစ်
ပြည်သူချစ်တဲ့ တပ်မတော်။
များပြည်သူ လူနေမှုဘဝ
လှပစေသော်။
ပြည်သူအတွက် အားကိုးဖော်
စဉ်ဆက်မှျော် အေးမြလမ်း။
ဘေးရန်တွေ အထွေထွေကင်းအောင်
ရှင်းလို့လျှောက်လှမ်း။

☆ နိုင်ငံတော် အနာဂတ်
ဂုဏ်ဒြပ်နှင့် အစဉ်အလာ။
တပ်နှင့်ပြည်သူ ချစ်ကြည်မြဲ
လက်တွဲလို့သာ။
အေးချမ်းလို့သာယာ
ပြည်မြန်မာ တည်တံ့ရေး။
ကိုယ့်နိုင်ငံ ကိုယ်ချစ်လို့
ခေတ်မီအောင် စွမ်းဆောင်ပြမယ်
ထူးလှတယ်လေး။

☆ နှစ်စဉ်သာ တပ်မတော်နေ့
ချမ်းမြေ့လို့ ပီတိဖြာ။
ဇာတိမျိုးဂုဏ် ရှိန်ဟုန်မပျက်
လင်းလက်သာယာ။
စီးဆင်းသည့် မြစ်ရေပမာ
စဉ်မကွာ ပြည့်ဝန်ထမ်း။
နိုင်ငံတော် ကာကွယ်ရေးမို့
လေးမြတ်ရည်မှန်း။

☆ တို့မြန်မာ ပြည်ထောင်စု
အေးချမ်းမှုဖြင့် လုံခြုံနေ။
အဖျက်ရန် မှန်သမျှ
ကျရှုံးပါစေ။
တပ်မတော်သားတို့တာဝန်ကျေ
ပြည်သူတွေ လူမှုစီးပွားရေး။
ဒီမိုကရေစီ အခင်းအကျင်း
ဆောင်နှင်းလို့ပေး။ ။

မောင်မောင်အေး(ဘိုကလေး)

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|
| (၁) ဦးကျော်ကျော်လွင် ဒုတိယညွှန်ကြားရေးမှူးချုပ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန အလုပ်သမားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန အလုပ်သမားဝန်ကြီးဌာန |
| (၂) ဒေါက်တာဆွေဆက် ဒုတိယညွှန်ကြားရေးမှူးချုပ် (ခေတ္တ) အမျိုးသားကျန်းမာရေးဓာတ်ခွဲမှု ဆိုင်ရာဌာန ကုသရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ် ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်(မန္တလေး) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန |

## တာဝန်မှအနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ်၊ ၈ /၂၀၂၆**
၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်အား ကျန်းမာရေးအရ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ်၊ ၉ /၂၀၂၆**
၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက်)

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ဒေါက်တာစန္ဒာဦးအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## တာဝန်မှအနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ်၊ ၁၀ /၂၀၂၆**
၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ချင်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးနေစိုးအား ကျန်းမာရေးအရ ၂၀၂၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှစ၍ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ်၊ ၁၁ /၂၀၂၆**
၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက်)

**ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ဦးမြတ်စံအား ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ်၊ ၁၂ /၂၀၂၆**
၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက်)

**ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်–

| | |
|---|---|
| (၁) ဦးကျော်သောင်းအောင် | ချင်းပြည်နယ်တရားလွှတ်တော် |
| (၂) ဦးအောင်မော် | ရှမ်းပြည်နယ်တရားလွှတ်တော် |


**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

# မတ္တရာမြို့နယ်အတွင်း ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါးဧက ၂၅၀၀၀ ကျော် စိုက်ပျိုးရန်လျာထား

မတ္တရာ မတ် ၁၀

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်း ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါးဧက ၂၅၀၀၀ ကျော်စိုက်ပျိုးရန်လျာထားပြီး လက်ရှိအချိန်တွင် ဧက ၁၀၀၀၀ နီးပါး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မတ္တရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။



ဒေသတွင်းဝမ်းစာဖူလုံစေရေးနှင့် ပိုလျှံသည့်စပါးများကို အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ တင်ပို့ရောင်းချနိုင်ရန်ရည်ရွယ်သည့်အတွက် စိုက်ပျိုးရန်ကျန်ရှိသည့် စိုက်ဧကများကို လာမည့်ဧပြီလတွင် ကွင်းပိတ်အပြီး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မတ္တရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

မြို့နယ်အတွင်းရှိ တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက တစ်ဧကပေါင်းတိုင်းအထွက်နှုန်းရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ မျိုးကောင်းမျိုးသန့်များရရှိစေရန် ချိတ်ဆက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်စေရေးအတွက် အသိပညာပေးခြင်း၊ ပိုးသတ်ဆေးများသုံးစွဲနည်းနှင့် GAP စနစ်ဖြင့် စိုက်ပျိုးသည့် တောင်သူများကို မျိုးစေ့များ၊ သွင်းအားစုများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် သဘာဝမြေဩဇာပြုလုပ်သုံးစွဲသည့် တောင်သူများအတွက် လိုအပ်သည့်ကုန်ကြမ်းများကို ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

**❒ ကျောဖုံးမှအဆက်**

ခရီးစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာလည်ပတ်ခြင်း၊ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များနှင့် ရုရှားရေတပ်မှ အရာရှိ၊ စစ်သည်များအကြား ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲနှင့် ဘတ်စကက်ဘောပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခြင်း၊ စစ်ရေယာဉ်များပေါ်သို့ အပြန်အလှန်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## ၁၀-၃-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၆,၉၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲအောင်မြင်ခဲ့ကြသည့် စာအောင်သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအား စာအောင်လက်မှတ်၊ စာအောင်ဆုအလှူငွေဆက်ကပ်လှူဒါန်း၊ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်



အစိုးရဓမ္မာစရိယနှင့်ပါဠိပထမပြန်စာမေးပွဲတို့တွင် အောင်မြင်ခဲ့ကြသည့်သံဃာတော်များအား ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် စာအောင်လက်မှတ်နှင့် စာအောင်ဆုအလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် မတ် ၁၀

အစိုးရဓမ္မာစရိယနှင့်ပါဠိပထမပြန် စာမေးပွဲတို့တွင် အောင်မြင်ခဲ့ကြသည့် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ် အတွင်းရှိ စာအောင်သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအားစာအောင် လက်မှတ်၊ စာအောင်ဆုအလှူငွေ ဆက်ကပ် လှူဒါန်းခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူ ပူဇော်ပွဲကို ယနေ့နေ့လယ်ပိုင်းတွင် မြိတ်မြို့ လေးကျွန်းဆီမီး စေတီတော်ကြီး၏ ဗုဒ္ဓ သာသနာ့ဗိမာန်တော်၌ပြုလုပ်ရာ နိုင်ငံတော် ဩဝါဒါစရိယ လျှည်းဘီးပရိယတ္တိစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တလာသန အမှူးပြုသောသံဃာတော်များနှင့်သာသနာ့ နွယ်ဝင်သီလရှင်များ ကြွရောက်တော်မူကြ ပြီး ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူ များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူ များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြ သူများက နိုင်ငံတော်ဩဝါဒါစရိယ လျှည်းဘီး ပရိယတ္တိစာသင်တိုက် ဆရာတော် ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် သံဃာတော်အရှင်သူမြတ်များ အား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း ကြပြီး စာအောင်သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအားစာအောင် လက်မှတ်နှင့် စာအောင်ဆုအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်တက်ရောက် လာကြသူများသည် သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်စုစုပေါင်း(၇၄)ပါး တို့အား ဆွမ်းဆန်စိမ်း၊ လှူဖွယ်ပစ္စည်း များနှင့် နဝကမ္မအလှူငွေများ ဆက်ကပ် လောင်းလှူခဲ့ကြကြောင်းသတင်းရရှိသည်။

(၁၀၀)

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ လားရှိုးတပ်နယ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ကျောင်းသား၊ ကျောင်းသူများအတွက် နွေရာသီသင်တန်းများဖွင့်လှစ်



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး နွေရာသီသင်တန်းများ တက်ရောက်ကြသည့်ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နေပြည်တော် မတ် ၁၀

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ လားရှိုး တပ်နယ်ကွပ်ကဲမှုအောက်တပ်ရင်း/တပ်ဖွဲ့ များမှ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အချိန်ကို အကျိုးရှိစွာအသုံးချနိုင်ရေး အတွက် နွေရာသီသင်တန်းများဖြစ်သည့် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာသင်တန်း၊ ကွန်ပျူတာအခြေခံ သင်တန်းများဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိတိုင်းခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့်တာဝန်ရှိ သူများ၊ အရာရှိ စစ်သည်များ၊ ဆရာ၊ ဆရာမ များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးက သင်တန်းဖွင့်အမှာ စကားပြောကြားသည်။ ထို့နောက် တိုင်းမှူး နှင့်တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား စာရေးကိရိယာနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ပြီး သင်တန်းအလိုက်သင်ကြားပို့ချ နေမှုများအား လိုက်လံကြည့်ရှုအားပေး ကြသည်။

အဆိုပါသင်တန်းများအား သင်တန်း သား ၁၅၀ ဦးဖြင့် မတ်လ ၂၄ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။ အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှု အောက်တပ်နယ်များတွင်လည်း အဆိုပါ သင်တန်းများကို ကျောင်းသား၊ ကျောင်းသူ သင်တန်းသား ၈၄၀ ဦးဖြင့် မတ်လ ၁၀ ရက်မှ ၂၄ ရက်ထိ ဖွင့်လှစ်သင်ကြားပေး သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၌ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကျင်းပ



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲဖြေဆို နေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် မတ် ၁၀

၂၀၂၆ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျရောက်မည့် (၈၁)နှစ်မြောက် တပ်မတော် နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ် ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်း ဒေသတိုင်းစစ်ဌာနချုပ်ရှိ တိုင်းရန်အောင် ခန်းမ၌ပြုလုပ်ရာတိုင်းမှူးဗိုလ်ချုပ်ကျော်ကျော် ဟန်နှင့် တာဝန်ရှိသူများက စာမေးပွဲဖြေဆို နေသည့် အရာရှိ၊ စစ်သည်များအား သွားရောက် ကြည့်ရှုအားပေးကြသည်။

အဆိုပါ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည် ၆၄ ဦး ပါဝင်ယှဉ်ပြိုင် ဖြေဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် မတ် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့်ကယား ပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ယနေ့ နေ့လယ်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာန ချုပ်၊ သံလွင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူ များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြော ကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ အား စားသောက်ဖွယ်ရာများနှင့်ချီးမြှင့် ငွေများပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များက လက်ခံရယူကြသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင် များ၏တင်ပြချက်များအပေါ် တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။




# EV Mechanics သင်တန်း (၁/၂၀၂၆) ဖွင့်လှစ်

နေပြည်တော် မတ် ၁၀

EV Mechanics သင်တန်း (၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေး ဆရာအတတ်သင်ကောလိပ် (ဘယ်လင်း)၌ Hybrid စနစ်ဖြင့်ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ဗီဒီယိုကွန်ဖရင့်ဖြင့်တက်ရောက်၍ အမှာစကားပြောကြားရာတွင် “နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့” ဟူသော အမျိုးသားရေးဆောင်ပုဒ်နှင့်အညီ အဖိုးတန်သဘာဝပတ်ဝန်းကျင်အရင်းအမြစ်များ ရေရှည်တည်တံ့အောင်ထိန်းသိမ်း၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံ့အနာဂတ်ကောင်းများကိုဖော်ဆောင်နိုင်ရေး၊ နိုင်ငံတော်နှင့်ပြည်သူများ အမှန်တကယ်အားထားရမည့် လျှပ်စစ်ကားနည်းပညာရှင်များဖြစ်စေရေးအတွက် သင်တန်းသားများအနေဖြင့် ကြိုးစားလေ့ကျင့်သင့်ယူကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

အဆိုပါသင်တန်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိဌာနများ၊ ကားဝပ်ရှော့များမှ သင်တန်းသား ၂၃ ဦးတက်ရောက်ကြပြီး အဆင့်မြင့်သင်ထောက်ကူမော်ကျူးများအသုံးပြုကာ လက်တွေ့လေ့ကျင့်ပေးမည်ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီအနေဖြင့် စံနှုန်းပြည့်မီစွာ လက်တွေ့ကျကျပြုပြင်နိုင်ရေးကိုအလေးထားကာ ပုံမှန်သင်တန်းများအပြင် အကြံပြုချက်များ၊ စစ်တမ်းကောက်ယူချက်များနှင့်နည်းပညာတောင်းခံမှုတို့အရ စိတ်ကြိုက်သင်တန်းများကိုပါ စဉ်ဆက်မပြတ်တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**မြဝတီ**

# ရန်ကုန်ယူနိုက်တက်အသင်း နောက်ကျဂိုးများဖြင့် ရတနာပုံအသင်းကိုအနိုင်ယူ

ရန်ကုန် မတ် ၁၀

၂၀၂၅-၂၀၂၆ ရာသီ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၁)၏ပွဲစဉ်တစ်ပွဲဖြစ်သည့် ရတနာပုံအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယနေ့ညနေပိုင်းတွင် သန်လျင်မြို့ သီဟဒီပကွင်း၌ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်ယူနိုက်တက်အသင်းက နောက်ကျဂိုးများသွင်း၍ ၃ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိသွားသည်။



ရတနာပုံအသင်းသည် အမှတ်ပေးဇယားအဆင့်(၅)တွင် ရပ်တည်နေသည့်အသင်းဖြစ်ပြီး ရန်ကုန်ယူနိုက်တက်အသင်းသည် အမှတ်ပေးဇယား အဆင့်(၂)နေရာတွင် ရပ်တည်နေသည့် အသင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းပွဲစကတည်းက ပြိုင်ဘက်ကို ဖိအားပေးတိုက်စစ်ဆင်ကစားခဲ့ရာ ပွဲကစားချိန်တစ်မိနစ်အတွင်း ဒေးဗစ်ထန်း၏ ပေးပို့မှုမှတစ်ဆင့် ကောင်းစည်သူက ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးကိုသွင်းယူပေးခဲ့သည်။

ဦးဆောင်ဂိုးပေးလိုက်ရပြီးနောက်ပိုင်း ရတနာပုံအသင်းချေပဂိုးရရှိရေး တိုက်စစ်အားမြှင့်ကစားလာပြီး ပထမပိုင်းပြီး၍ နာကျင်အချိန်ပို သုံးမိနစ်အရောက်တွင် နေဦးလွင်က ပြိုင်ဘက်ဂိုးဧရိယာပြင်ပမှ ကန်သွင်းပြီး ရတနာပုံအသင်းအတွက် ချေပဂိုးကို ပြန်လည်သွင်းယူနိုင်ခဲ့၍ တစ်ဖက်တစ်ဂိုးစီဖြင့် ပထမပိုင်းပြီးဆုံးသွားသည်။

ဒုတိယပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်း တိုက်စစ်မြှင့်ကစားခဲ့သည်။ ရန်ကုန်ယူနိုက်တက်နောက်တန်းကစားသမားလက်ထိ၍ ပယ်နယ်တီခွင့်ပြုပေးလိုက်ရသည်။ ရရှိလာသည့်ပယ်နယ်တီကို ပြည်မိုးကအမှားအယွင်းမရှိကန်သွင်းနိုင်ခဲ့သည့်အတွက် ရတနာပုံအသင်း ဒုတိယဂိုးရရှိသွားသည်။

မိနစ် ၆၀ နောက်ပိုင်းတွင် နှစ်ဖက်အသင်းကစားသမားများ လူစားလဲလှယ်မှုပြုလုပ်ကြပြီး အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသည်။ ယနေ့ပွဲရှုံးနိမ့်ခဲ့ပါက ချန်ပီယံအိပ်မက်နှင့်ဝေးရမည်ဖြစ်သည့် ရန်ကုန်ယူနိုက်တက်အသင်း နောက်ဆုံးမိနစ်၊ နောက်ဆုံးစက္ကန့်အထိ တိုက်စစ်အားမချဘဲ ပြိုင်ဘက်ကိုဖိအားပေးကစားခဲ့ရာ ပွဲကစားချိန် ၈၉ မိနစ်တွင် မောင်မောင်လွင်ကန်သွင်းသည့်ဘောလုံး ဂိုးတိုင်ထိပြန်ထွက်လာစဉ် မျိုးဆက်ပိုင်ကထပ်ဆင့်ကန်သွင်းပြီး ချေပဂိုးပြန်လည်ရယူနိုင်ခဲ့သည်။ ထို့အတူ ပွဲကစားချိန်မိနစ် ၉၀ ပြည့်၍ နာကျင်အချိန်ပိုလေးမိနစ်အရောက်တွင် ဒေးဗစ်ထန်း၏ ပေးပို့မှုမှ ဘလာမိုဝီးက ရန်ကုန်ယူနိုက်တက်အသင်းအတွက် တတိယမြောက်ဂိုးသွင်းယူနိုင်ခဲ့၍ ၃ ဂိုး ၂ ဂိုးဖြင့် ရန်ကုန်ယူနိုက်တက်အသင်းအနိုင်ရရှိသွားသည်။

**ဝန်းရံခ**

● **ကျောဖုံးမှအဆက်**

တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးနှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး တောင်သူများကိုယ်စား ဒေသခံတောင်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ငမိုးရိပ်ရေတင်လုပ်ငန်းဆိုင်ရာအချက်အလက်များကို ZYP ကုမ္ပဏီမှတာဝန်ရှိသူကပေးအပ်ရာ တိုင်းဒေသကြီးဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက လက်ခံရယူသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဆိုလာစနစ်ဖြင့် ငမိုးရိပ်လျှပ်စစ်မြစ်ရေတင်နှင့် ကျေးရွာမီးလင်းရေးစီမံကိန်းကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားကာ ဖွင့်ပွဲတွင် ဖျော်ဖြေပေးကြသည့် ဖျော်ဖြေရေးအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်၍ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ (ယယ်)၌ ကျင်းပသည့်အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်းပညာသင်စရိတ် ချီးမြှင့်ငွေပေးအပ်ခြင်း အခမ်းအနားတက်ရောက်သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက အသက်မွေးဝမ်းကျောင်း ပညာသင်စရိတ်ချီးမြှင့်ငွေများအား မြို့နယ်များမှ ပုံမှန်ပညာမသင်ယူနိုင်သော ထိခိုက်လွယ်အုပ်စုတွင်ပါဝင်သည့် လူငယ်လူရွယ်များကို ပေးအပ်ကြရာ လူငယ်လူရွယ်များကိုယ်စား လူငယ်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ရေနည်းမည့်အခြေအနေ

နေပြည်တော် မတ် ၁၀

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မန္တလေးမြို့တွင် ၂၃၂ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်ငါးရက်အတွင်း လက်ရှိရေမှတ်အောက် ပေ၀က် ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ရေနည်းသတိပေးမှတ် ၃၆၀ စင်တီမီတာအောက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်ကိုင်းမြို့တွင် ၁၆၆ စင်တီမီတာသို့ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်ငါးရက်အတွင်း လက်ရှိရေမှတ်အောက် ပေ၀က် ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ရေနည်းသတိပေးမှတ် ၁၇၀ စင်တီမီတာအောက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မုံရွာမြို့တွင် ၇၇ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်ငါးရက်အတွင်း လက်ရှိရေမှတ်အောက် ၂ လက်မခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ရေနည်းသတိပေးမှတ် ၁၀၀ စင်တီမီတာအောက်တွင် ဆက်လက်တည်ရှိနိုင်သည်။

**(မိုး/ဇလ)**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၃-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၂၅ | ၂၆၄၀ | ၂၆၀၅ | ၂၅၄၀ | ၂၆၄၅ | ၂၆၆၀ | ၂၆၈၀ | ၂၆၀၀ | ၄၅၀၅ | ၂၈၉၀ | ၂၆၁၅ | ၂၈၇၅ | ၂၆၈၅ | ၂၆၅၀ | ၂၆၇၅ | ၂၉၃၀ |
| 95 Ron | ၂၅၉၅ | ၂၇၁၀ | ၂၆၇၅ | ၂၆၁၀ | ၂၇၀၅ | ၂၇၃၀ | ၂၇၅၀ | ၂၆၇၀ | ၄၅၆၀ | ၂၉၆၀ | ၂၆၈၅ | ၂၉၅၅ | ၂၇၅၅ | ၂၇၂၀ | ၂၇၄၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၆၁၀ | ၂၇၂၀ | ၂၆၉၀ | ၂၆၂၅ | ၂၇၃၀ | ၂၇၄၅ | ၂၇၆၀ | ၂၆၈၀ | - | ၂၉၇၅ | ၂၆၉၅ | ၃၃၇၅ | ၂၇၇၀ | ၂၇၃၅ | ၂၇၅၅ | ၃၀၁၀ |
| HSD (50 ppm) | ၂၉၀၅ | ၃၀၂၀ | ၂၉၈၅ | ၂၉၂၀ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၅ | ၂၉၇၅ | ၄၈၃၀ | ၃၂၇၀ | ၂၉၉၀ | ၃၄၁၀ | ၃၀၆၅ | ၃၀၃၀ | ၃၀၅၀ | ၃၃၀၅ |
| HSD (10 ppm) | ၂၉၀၅ | ၃၀၂၀ | ၂၉၈၅ | ၂၉၂၀ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၅ | ၂၉၇၅ | - | ၃၂၇၀ | ၂၉၉၀ | ၃၄၁၀ | ၃၀၆၅ | ၃၀၃၀ | ၃၀၅၀ | ၃၃၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၇၀ | ၂၄၅၁ |
| 95 Ron | ၂၄၃၈ | ၂၅၂၀ |
| HSD (500 ppm) | ၂၄၄၉ | ၂၅၂၈ |
| HSD (50 ppm) | ၂၇၃၅ | ၂၈၁၉ |
| HSD (10 ppm) | ၂၇၃၅ | ၂၈၁၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၄၀၁၇၄၈၅၉၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# စားသုံးသူကျန်းမာရေးကိုခြိမ်းခြောက်နေသော ကမ္ဘာလုံးဆိုင်ရာပြဿနာ

နီလင်းနွယ်

အစားအသောက်သည် လူသားတို့ရှင်သန်ရေးအတွက် အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်သော်လည်း ယနေ့ခေတ်တွင် စီးပွားရေးအမြတ်အစွန်းကို ဦးတည်သည့် **အစားအသောက်ရောနှောခြင်းနှင့်** ဘေးအန္တရာယ်ရှိသောပိုးမွှားများ ကူးစက်ခြင်းတို့သည် ကမ္ဘာလုံးဆိုင်ရာ ပြင်းထန်သောစိန်ခေါ်မှုများဖြစ်လာနေသည်။ လူသားတို့နေ့စဉ်စားသောက်နေထိုင်မှုဘဝ၌ အစားအသောက်များဘေးကင်းလုံခြုံရေးသည် အရေးပါသည့်အချက်ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ခန့်မှန်းချက်အရ နှစ်စဉ် ကမ္ဘာတစ်ဝန်းတွင် ဘေးမကင်းသော အစားအစာကြောင့် ရောဂါဖြစ်ပွားမှု **သန်း ၆၀၀ ခန့်**နှင့် လူပေါင်း **၄၂၀၀၀၀** ခန့် သေဆုံးလျက်ရှိပြီး သေဆုံးသူများ၏ ၃၀ ရာခိုင်နှုန်းမှာ အသက်ငါးနှစ်အောက် ကလေးငယ်များဖြစ်နေသည်ကို တွေ့ရသည်။ ဤပြဿနာကိုတိုက်ဖျက်ရန်အတွက် WHO သည် **ကမ္ဘာလုံးဆိုင်ရာ အစားအသောက်ဘေးကင်းလုံခြုံရေးမဟာဗျူဟာ (၂၀၂၂-၂၀၃၀)** ကိုချမှတ်ကာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် စနစ်များခိုင်မာစေရေးကို ဦးတည်လျက်ရှိသည်။

**အစားအသောက်ရောနှောခြင်းနှင့် လိမ်လည်ခြင်း၏ ပုံစံများ**

အစားအသောက်ရောနှောခြင်းနှင့် **အာဟာရဓာတ်လျှော့ချခြင်း**ဆိုသည်မှာ စားသုံးသူရရှိသင့်သည့် အစားအစာ၏သဘာဝဖွဲ့စည်းပုံ၊ အရည်အသွေး သို့မဟုတ် အာဟာရဓာတ်ပမာဏကိုလျှော့ချရန် **ရည်ရွယ်ချက်ရှိရှိ**ပြုလုပ်သော မသမာသည့်လုပ်ရပ်ဖြစ်သည်။ ၎င်းကို စီးပွားရေးအကျိုးအမြတ်ရရှိရန်၊ ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချရန်နှင့် ရောင်းချသည့်ပမာဏကိုတိုးမြှင့်ရန်ရည်ရွယ်၍ ဆောင်ရွက်လေ့ရှိသည်။

**ရောနှောခြင်းပုံစံများ**

အစားအသောက်ရောနှောခြင်းသည်စားသုံးသူများအတွက် ငွေကြေးဆုံးရှုံးမှုသာမက ပြင်းထန်သော ကျန်းမာရေးအန္တရာယ်များကိုပါ ဖြစ်ပေါ်စေသော ပြစ်မှုတစ်ခုဖြစ်သည်။

**စီးပွားရေးအကျိုးအမြတ်ကိုဦးတည်သည့်ရောနှောခြင်း**

အစားအသောက်၏တန်ဖိုးကို လျှော့ချခြင်း သို့မဟုတ် ပမာဏကိုတိုးမြှင့်ခြင်းဖြင့် အမြတ်များများ ရရန်ရည်ရွယ်သည်။ **ဥပမာ**- ဈေးကြီးသည့် ပါဝင်ပစ္စည်းများအစား ဈေးပေါသောပစ္စည်းများရောစပ်ခြင်း (ဥပမာ- သံလွင်ဆီအစား နေကြာဆီရောစပ်ခြင်း)၊ အာဟာရဓာတ်မပါသော အဆာပလာများထည့်သွင်းခြင်း (ဥပမာ- ဟင်းခတ်အမွှေးအကြိုင်များအစား ဆန်မှုန့်ထည့်သွင်းခြင်း)၊ အရည်ထုတ်ကုန်များတွင် ရေ သို့မဟုတ် သကြားရည်များရောစပ်ခြင်း။

**ရည်ရွယ်ချက်ရှိရှိ အန္တရာယ်ဖြစ်စေရန် ရောနှောခြင်း**

အစားအစာ၏ အသွင်အပြင်ကို ပိုမိုကောင်းမွန်စေရန် သို့မဟုတ် သက်တမ်းကြာရှည်စေရန် ကျန်းမာရေးနှင့် မညီညွတ်သော ဓာတုပစ္စည်းများကို ရောစပ်ခြင်းဖြစ်သည်။ ဥပမာ - နွားနို့တွင် ပရိုတင်းဓာတ်မြင့်မားသည်ဟုထင်ရစေရန် **ယူရီးယား** သို့မဟုတ် **ဖော်မယ်လ်ဒီဟိုက်** ကဲ့သို့သော အဆိပ်သင့်ဓာတုပစ္စည်းများ ထည့်သွင်းခြင်း၊ ဟင်းခတ်အမွှေးအကြိုင်များကို ပိုမိုစွဲဆောင်နိုင်ရန် စက်မှုလုပ်ငန်းသုံးအရောင်ဆိုးဆေးများ အသုံးပြုခြင်း၊ ခွင့်ပြုထားသည်ထက် ပိုမိုများပြားသော ပိုးသတ်ဆေးကြွင်းများ အသုံးပြုခြင်း။

**အစားအစာလိမ်လည်လှည့်ဖြားမှုအမျိုးအစားခုနစ်မျိုး**

ပညာရှင်များအဆိုအရ အစားအစာလိမ်လည်လှည့်ဖြားခြင်း အမျိုးအစားခုနစ်မျိုးခွဲခြားထားရာ ၎င်းတို့မှာ အစားထိုးခြင်း၊ ဖုံးကွယ်ခြင်း၊ မှားယွင်းသော ကုန်အညွှန်းဖော်ပြခြင်း၊ တရားဝင်မဟုတ်သော မှောင်ခိုဈေးကွက်အတွက်ထုတ်လုပ်ခြင်း၊ တရားမဝင်သော ထပ်ဖြည့်ပစ္စည်းအသုံးပြုခြင်း၊ အတုပြုလုပ်ခြင်းနှင့် ရောနှောခြင်းတို့ဖြစ်သည်။

**ကမ္ဘာကျော် အစားအစာလိမ်လည်လှည့်ဖြားမှု ဖြစ်စဉ်များ**

နိုင်ငံအလိုက် နာမည်ဆိုးဖြင့်ကျော်ကြားသော အစားအစာလိမ်လည်လှည့်ဖြားမှု ဖြစ်စဉ်များမှာ



နယူးဇီလန်နိုင်ငံထုတ် မနုကပျားရည်ပင်ဖြစ်သည်။ မနုကပျားရည်သည် အလှကုန်အဖြစ်လည်းကောင်း၊ ဆေးဖက်ဝင်၍လည်းကောင်း ကျော်ကြား၍ ဈေးနှုန်းကြီးမြင့်ရာ တစ်နှစ်လျှင် တန်ချိန် ၁၇၀၀ ကျော်သာ ထွက်ရှိသော်လည်း ဈေးကွက်တွင် နယူးဇီလန်ထုတ် မနုကပျားရည်အမည်ဖြင့် တစ်နှစ်လျှင် တန်ချိန် တစ်သောင်းခန့် ရောင်းချလျက်ရှိသည်။ ထို့ပြင် ၂၀၁၃ ခုနှစ်တွင် အင်္ဂလန်၊ ပြင်သစ်နှင့် ဥရောပတစ်ခွင်တွင် အမဲသားညှပ်ပေါင်မုန့်များရောင်းချရာတွင်အမဲသားအစား မြင်းသားနှင့် ဝက်သားများ သုံးပုံတစ်ပုံခန့် ရောနှော ထုတ်လုပ်ထားပြီး အမဲသားများဟုဆိုကာ အခြားအသားများ အသုံးပြုရောနှောရောင်းချခြင်း၊ ၂၀၀၈ ခုနှစ်တွင် တရုတ်နိုင်ငံ၌ဖြစ်ပွားသော ကလေးငယ်များအတွက် နို့မှုန့်တွင် မယ်လမင်းရောနှော၍ လှည့်ဖြားရောင်းချခြင်း၊ ဖာလာစေ့ကဲ့သို့ ဟင်းခတ်အမွှေးအကြိုင်တွင် မြေပဲများရောနှောထားရာ မြေပဲနှင့်ဓာတ်မတည့်သူများအတွက် ဆိုးကျိုးဖြစ်စေခြင်း၊ အာရှနိုင်ငံများတွင် သံလွင်ဆီ၊ ငရုတ်ဆီနှင့် မြေပဲဆီများတွင် ဈေးပေါသောအခြားအဆီများရောနှောခြင်း၊ အီတလီချိစ်ထုတ်လုပ်စဉ်တွင် ကျွဲနို့အစားနွားနို့ အသုံးပြုခြင်းဖြင့် လွဲမှားသောနို့အမျိုးအစား အသုံးပြုထုတ်လုပ်ခြင်း၊ အီးယူတွင် အသားထုပ်ပိုးသူများက ခွာနာလျှာနာရောဂါဖြစ်ပွားသည့် ကျွဲနွားများအား လုံလောက်သော ကာကွယ်တားဆီးမှုပြုလုပ်ရန် ပျက်ကွက်ရုံမျှမက ၎င်းတို့ကိုစားသောက်ရန် ဖြန့်ချိရောင်းချသည်အထိ ကျူးလွန်ခဲ့ကြခြင်းတို့ဖြစ်သည်။

**ကျန်းမာရေးဆိုင်ရာ အန္တရာယ်များ**

အစားအသောက်ရောနှောခြင်းသည် လူသားတို့၏ ကျန်းမာရေးအပေါ် တိုက်ရိုက်သက်ရောက်မှုရှိပြီး ရေတိုအဆိပ်သင့်မှုမှတစ်ဆင့် နာတာရှည်ရောဂါများအထိ ဖြစ်ပေါ်စေနိုင်သည်။ Salmonella သို့မဟုတ် E.coli ကဲ့သို့ ဗက်တီးရီးယားများကူးစက်ပြီး ဝမ်းလျှောခြင်း၊ ဗိုက်အောင့်ခြင်း၊ အော့အန်ခြင်းတို့ကို ဖြစ်ပေါ်စေသည်။ စက်မှုလုပ်ငန်းသုံး ဓာတုဆိုးဆေးများ၊ ခဲကဲ့သို့ သတ္တုကြွယ်ဝသောဆိုးဆေးများ သို့မဟုတ် ယူရီးယားတို့ပါဝင်ပါက ကျောက်ကပ်နှင့်အသည်းဆိုင်ရာ ကျန်းမာရေးပြဿနာများကို ဖြစ်ပေါ်စေနိုင်သည်။ ထို့ပြင် တားမြစ်ထားသော စက်မှုလုပ်ငန်းသုံးဆိုးဆေးအချို့နှင့် ပိုးသတ်ဆေးအကြွင်းအကျန်များသည် ကင်ဆာရောဂါများကို ဖြစ်ပေါ်စေနိုင်သည်။ ထို့အတူ မူလအစားအစာမှရရှိသင့်သော ပရိုတင်း၊ ဗီတာမင်နှင့် သတ္တုဓာတ်များကို လုံလောက်စွာ မရရှိတော့ဘဲ တန်ဖိုးနည်းသော အဆာပလာများဖြင့် အစားထိုးလိုက်သောကြောင့် အာဟာရချို့တဲ့မှု ဖြစ်ပေါ်လာပြီး ကလေးငယ်များ၏ ဉာဏ်ရည်ဖွံ့ဖြိုးမှုကိုပါ ထိခိုက်စေနိုင်သည်။ ထိုသို့ စဉ်ဆက်မပြတ် ဓာတုပစ္စည်းများနှင့် ထိတွေ့မှုကြောင့် ကိုယ်ခံအားစနစ်ထိခိုက်စေပြီး ရောဂါများကို ပိုမိုလွယ်ကူစွာ ကူးစက်ခံရနိုင်သည်။

**WHO ၏ မဟာဗျူဟာ (၂၀၂၂-၂၀၃၀) ဦးတည်ချက် (၅) ရပ်**

အစားအသောက်ကြောင့်ဖြစ်သော ရောဂါများ၏ ဝန်ထုပ်ဝန်ပိုးကို လျှော့ချရန်အတွက် WHO သည် နိုင်ငံလုံးဆိုင်ရာ ထိန်းချုပ်ရေးစနစ်များ ခိုင်မာစေခြင်း၊ အစားအသောက်ကွင်းဆက်တစ်လျှောက် ဘေးအန္တရာယ်စီမံခန့်ခွဲမှုမြှင့်တင်ခြင်း၊ ရောဂါများစောင့်ကြည့်စစ်ဆေးမှုမြှင့်တင်ခြင်း (WHO Alliance for Food Safety ဖြင့် ပူးပေါင်း၍လုပ်ဆောင်နေ)၊ စားသုံးသူ ထိတွေ့ဆက်ဆံမှုနှင့် ဆက်သွယ်ရေးမြှင့်တင်ခြင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုခိုင်မာစေခြင်း စသည့် ကဏ္ဍငါးခုကို အားဖြည့်ရန် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

> ✤ **ချက်ပြုတ်ပြီးသား အစားအစာများကို စုစုပေါင်းခြောက်နာရီအတွင်း လျင်မြန်စွာအအေးခံခြင်းပြုလုပ်ရမည်။ ပြန်လည်စားသုံးသောအခါ ၇၄ ဒီဂရီစင်တီဂရိတ် သို့မဟုတ် ၁၆၅ ဒီဂရီဖာရင်ဟိုက်သို့ ရောက်သည်အထိ ပြန်အပူပေးခြင်းပြုလုပ်ရမည်။ အသားစိမ်းလှီးသည့် ဓားများနှင့် အသင့်စားအစားအစာလှီးသည့်ဓားများကို ခွဲခြားထားရှိခြင်း၊ အသားစိမ်းကိုကိုင်တွယ်ပြီးတိုင်း လက်ကိုစနစ်တကျ ဆေးကြောခြင်းများ ပြုလုပ်ရမည်။ ထို့ပြင် အသားစိမ်းများနှင့် အသင့်စား အစားအစာများကို သီးခြားစီထားရှိရမည် . . .**

**အိမ်တွင်းအစားအသောက်ဘေးကင်းလုံခြုံရေးနှင့် ကာကွယ်ရေးနည်းလမ်းများ**

အစားအသောက်ဘေးကင်းလုံခြုံမှုသည် ထုတ်လုပ်သူ၏တာဝန်သာမက **စားသုံးသူ၏တာဝန်**လည်း ဖြစ်သည်။ အိမ်တွင်း၌ပင် အန္တရာယ်များကို ကာကွယ်ရန်အတွက် အခြေခံစည်းမျဉ်းများကို လိုက်နာသင့်သည်။ **အပူချိန် စီမံခန့်ခွဲမှုအရ** ဗက်တီးရီးယားများ အလျင်အမြန်ပေါက်ပွားနိုင်သော **အပူချိန် အန္တရာယ်ဇုန် (၄ ဒီဂရီစင်တီဂရိတ်မှ ၆၀ ဒီဂရီစင်တီဂရိတ်)** ကို ရှောင်ရှားရန်လိုအပ်သည်။ အေးခဲထိန်းသိမ်းမှုအတွက် ရေခဲသေတ္တာကို **၄ ဒီဂရီစင်တီဂရိတ်အောက်**တွင်ထားရှိရမည်၊ ချက်ပြုတ်ပြီးသားအစားအစာများကို စုစုပေါင်းခြောက်နာရီအတွင်း လျင်မြန်စွာအအေးခံခြင်း ပြုလုပ်ရမည်။ ပြန်လည်စားသုံးသောအခါ **၇၄ ဒီဂရီစင်တီဂရိတ် သို့မဟုတ် ၁၆၅ ဒီဂရီဖာရင်ဟိုက်**သို့ ရောက်သည်အထိ ပြန်အပူပေးခြင်းပြုလုပ်ရမည်။ ထို့ပြင် အသားစိမ်းလှီးသည့် ဓားများနှင့် အသင့်စားအစားအစာလှီးသည့်ဓားများကို ခွဲခြားထားရှိခြင်း၊ အသားစိမ်းကို ကိုင်တွယ်ပြီးတိုင်း လက်ကိုစနစ်တကျ ဆေးကြောခြင်းများ ပြုလုပ်ရမည်။ ထို့ပြင် အသားစိမ်းများနှင့်အသင့်စား အစားအစာများကို သီးခြားစီထားရှိရမည်ဖြစ်သည်။ ရေခဲထားသော အစားအစာများကို အခန်းအပူချိန်တွင် ရေခဲချခြင်းသည် အန္တရာယ်အရှိဆုံးဖြစ်ပြီး **ရေခဲသေတ္တာထဲတွင် ဖြည်းဖြည်းချင်း ရေခဲချခြင်း**သည် အလုံခြုံဆုံးနည်းလမ်းဖြစ်သည်။

**ဝယ်ယူစဉ်စစ်ဆေးရန်နှင့် သတိထားရန်အချက်များ**

စားသုံးသူများအနေဖြင့်မိမိကိုယ်ကိုအစားအသောက် လိမ်လည်လှည့်ဖြားခြင်းမှ ကာကွယ်ရန်အတွက် သတိဝီရိယရှိရှိ ဆောင်ရွက်ရန်လိုအပ်သည်။

- **တံဆိပ်နှင့် အသိအမှတ်ပြုလက်မှတ်များစစ်ဆေးခြင်း**။ ။ ယုံကြည်စိတ်ချရသော **အရည်အသွေး အသိအမှတ်ပြုတံဆိပ်**များ ပါဝင်ခြင်းရှိ မရှိစစ်ဆေး၍ ပါဝင်ပစ္စည်းစာရင်းကို သေချာဖတ်ရှုဝယ်ယူသင့်သည်။
- **ဈေးနှုန်းကို သတိထားခြင်း**။ ။ ပုံမှန်ဈေးကွက်ပေါက်ဈေးထက် အလွန်အမင်းဈေးနှုန်းနိမ့်နေသော ထုတ်ကုန်များကို သတိထား၍ဝယ်ယူသင့်သည်။
- **အမြင်၊ အနံ့နှင့် အရသာကို အသုံးပြုစစ်ဆေးခြင်း**။ ။ ဟင်းခတ်အမွှေးအကြိုင်များ၏ အရောင်သည် သဘာဝမကျဘဲ တောက်ပနေခြင်းရှိ၊ မရှိ ကြည့်ရှုခြင်း၊ နို့ကို ရေရောထားခြင်းရှိ၊ မရှိ စမ်းသပ်ခြင်းဖြင့် မှုမမှန်မှုများကို သိရှိနိုင်သည်။

ကမ္ဘာတစ်ဝန်းလုံးရှိအစားအသောက်ရောနှောခြင်းနှင့် လိမ်လည်ခြင်းဘေးအန္တရာယ်များသည် ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးတည်ငြိမ်မှုကို ခြိမ်းခြောက်နေသည်။ ဤပြဿနာကို ထိရောက်စွာကိုင်တွယ်ဖြေရှင်းရန်အတွက် ထုတ်လုပ်သူများ၏ စဉ်းစားဆင်ခြင်မှု၊ WHO ၏ ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာမှ အလေးပေးတိုက်တွန်းထားသော နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု၊ ခေတ်မီနည်းပညာများအသုံးပြုမှု၊ အစိုးရ၏တင်းကျပ်သောစည်းမျဉ်းများချမှတ်ခြင်းနှင့် အိမ်တွင်းစနစ်တကျစီမံခန့်ခွဲမှုတို့သည်အဓိကကျသည်။ ထုတ်လုပ်သူများ၊ အစိုးရများအပြင် စားသုံးသူတိုင်းသည် မိမိ၏တာဝန်ကို ကျေပွန်စွာလိုက်နာခြင်းဖြင့်သာ ဘေးကင်းသော၊ ယုံကြည်စိတ်ချရသော အစားအသောက်ကွင်းဆက်ကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည်ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသော အစားအစာများကို စားသုံးခွင့်ရှိသည့် အခွင့်အရေးကို သိရှိပြီး ထိုအခွင့်အရေးကို ကာကွယ်ရန်အတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုကြောင်း တိုက်တွန်းရေးသားလိုက်ရသည်။ ။

★ **စာမျက်နှာ ၁၅ မှအဆက်**

ကျန်းမာရေးနှင့်ညီညွတ်မျှတပြီး အာဟာရပြည့်ဝစွာစားသုံးနိုင်ရမည်၊ အသိပညာမြင့်မားစေရေး ကျောင်းပညာရေးကိုလူတိုင်း သင်ကြားနိုင်ရမည်ဖြစ်ကြောင်း၊ လူတိုင်း သက်တမ်းစေ့အသက်ရှည်စွာ နေနိုင်ရေး၊ နိုင်ငံသားများ၏ မျှော်မှန်းသက်တမ်း တိုးမြင့်လာစေရေးအတွက် အစိုးရအနေဖြင့် တာဝန်ရှိပြီး ဘက်ပေါင်းစုံမှစဉ်းစား၍ မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပညာရေးနှင့်ကျန်းမာရေးသည် တိုင်းပြည်၏ အသက်ပင်ဖြစ်ပြီး ပညာရေးနှင့်ကျန်းမာရေး ကဏ္ဍများတိုးတက်စေရေး ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့များက စနစ်တကျဖြင့်ဆောင်ရွက်သွားကြစေလိုကြောင်း။

**နိုင်ငံတကာဆက်ဆံရေး ဆောင်ရွက်ခဲ့မှု**

နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် လွတ်လပ်ပြီးတက်ကြွသော ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေး၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူ(၅)ချက်နှင့်အညီ စောင့်ထိန်းလိုက်နာဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အစိုးရအနေဖြင့် တာဝန်ထမ်းဆောင်ချိန်များအတွင်း ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံနှင့် ကာဇက်စတန်နိုင်ငံများသို့ ခရီးစဉ်များသွားရောက်ခဲ့ပြီး နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုများ မှတစ်ဆင့် မိမိတို့နိုင်ငံ၏အကျိုးစီးပွားများကို ပိုမိုမြှင့်တင်နိုင်ရေး အလေးထားဆောင်ရွက်ခဲ့ကြောင်း၊ ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ လာရောက်လေ့လာခဲ့ကြပြီး လွတ်လပ်၍တရားမျှတသည့်ရွေးကောက်ပွဲတစ်ရပ်ကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်ကိုငင်းတို့တွေ့မြင်ခဲ့ရကြောင်း၊ နိုင်ငံတကာဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) ၌ တရားစွဲဆိုမှုနှင့် ပတ်သက်၍လည်း နိုင်ငံတော်တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ် တရားရင်ဆိုင်မှုကာလအထိ တရားစီရင်မှုအဆင့်အားလုံးတွင် ပါဝင်ရင်ဆိုင်ခဲ့ပြီး ဥပဒေကြောင်းအရထိရောက်စွာ ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ကြောင်း။

အွန်လိုင်းလိမ်လည်လောင်းကစားမှုများ တိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတို့နှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ထိထိရောက်ရောက်တိုက်ဖျက်ဆောင်ရွက်လျက်ရှိကြောင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သည့် နေရာများနှင့် ကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သူများအား ဖော်ထုတ်ရှင်းလင်းခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်နေသည့် နေရာများအား ဖော်ထုတ်ရှင်းလင်းခြင်းများကို မိမိတို့အနေဖြင့် အင်ပြည့်အားပြည့်ဖြင့် ထိရောက်ပြင်းထန်စွာဆောင်ရွက်လျက်ရှိပြီးကျန်ရှိသည့်နေရာများကိုလည်း ဆက်လက်ဖော်ထုတ်အရေးယူဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုများမရှိစေရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ လက်ရှိအချိန်အထိ ဖော်ထုတ်ရှင်းလင်းရရှိမှုများနှင့် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် အွန်လိုင်းလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးကိစ္စရပ်များကို သုံးသပ်ကြည့်မည်ဆိုပါက အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ၎င်းတို့၏ကိုယ်ကျိုးစီးပွားနှင့် ဆက်လက်ရှင်သန်ရပ်တည်ရေးအတွက် အွန်လိုင်းလိမ်လည်မှုများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းများကို ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တာဝန်ရှိသည့်အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် မိမိတို့နယ်မြေအတွင်း ထိုသို့ လုပ်ဆောင်နေမှုများမရှိအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

တစ်ဆက်တည်းတွင် တရားမဝင်ကုန်သွယ်မှုများနှင့်ပတ်သက်၍လည်း ထိန်းသိမ်းဆောင်ရွက်ရန်တာဝန်ရှိသူများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကို နည်းလမ်းမျိုးစုံဖြင့် အားပေးဆောင်ရွက်နေကြသည့်အကျင့်ဆိုးကိုတိုက်ဖျက်ရန်လိုကြောင်း၊ ၎င်းအကျင့်ဆိုးသည် ကုန်စျေးနှုန်းကြီးမြင့်မှုများနှင့် အဂတိလိုက်စားမှုများကိုဖြစ်ပေါ်စေနိုင်မည်ဖြစ်သကဲ့သို့ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များအတွက်လည်း ဝင်ငွေများရရှိနေမည်ဖြစ်ကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက်လည်း ထိခိုက်စေနိုင်ကြောင်း၊ သို့ဖြစ်၍ တရားမဝင်ကုန်စည်စီးဆင်းမှုများသည် နိုင်ငံတော်နှင့်နိုင်ငံသားတို့အတွက် နည်းလမ်းမျိုးစုံဖြင့် ထိခိုက်နစ်နာစေနိုင်သောကြောင့် အားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

မိမိတို့အစိုးရအဖွဲ့အနေဖြင့် တာဝန်ထမ်းဆောင်ခဲ့သည့်အချိန်ကာလအတွင်း အခက်အခဲအကျပ်အတည်းပေါင်းများစွာမှ ကြံ့ကြံ့ခံ၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး အတွက်လုပ်ဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ခဲ့ချိန်ကာလများအတွင်း နိုင်ငံတော်အတွက် သစ္စာရှိစွာဖြင့် လက်တွဲလုပ်ဆောင်ခဲ့မှုများအတွက် အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပြီး မိမိတို့၏တာဝန်ထမ်းဆောင်မှုများသည် နိုင်ငံတော်တွင် မှတ်ကျောက်တင်ခံခဲ့ကြမည်ဖြစ်ကြောင်း၊ နောင်လာမည့်အစိုးရအနေဖြင့် ယခုကဲ့သို့ အခက်အခဲများ ကြုံတွေ့ရမှုမရှိစေရေး အတွက် မိမိတို့တာဝန်ထမ်းဆောင်ခဲ့ရချိန်ကာလများအတွင်းကြုံတွေ့ခဲ့ရသည့်အခက်အခဲများနှင့်အတွေ့အကြုံများကို ပြည့်ပြည့်စုံစုံဖြင့် ရေးသားဖော်ပြ၍ စနစ်တကျလွှဲပြောင်းပေးသွားကြရန်လိုကြောင်းနှင့် ကောင်းမွန်သည့် လုပ်ဆောင်မှုများကို လက်ဆင့်ကမ်းပေးခဲ့ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

---

# ပဲခူးမြို့ရှိ သီလရှင်စာသင်တိုက်ကြီးများသို့ ဆွမ်းဆန်တော်များလှူဒါန်း



ပဲခူး မတ် ၁၀

ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ယနေ့ နံနက်ပိုင်းတွင် ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ ပဲခူးမြို့နယ်အတွင်း ၂၅ ပါးနှင့်အထက် သီလရှင်စာသင်တိုက်ကြီးများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကြွရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီးသီလရှင်အဖွဲ့ ဥက္ကဋ္ဌ ပဲခူးမြို့လိပ်ပြာကန်သီလရှင်စာသင်တိုက်ပဓာနနာယကဆရာကြီး ဒေါ်ဝိမလစာရီနှင့် သီလရှင်ဆရာကြီးများ၊ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စိုးစိုးသက်၊ ဥက္ကဋ္ဌ ဒေါ်စန္ဒာထွေးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များက "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး သီလရှင်ဆရာကြီးများက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စိုးစိုးသက်၊ ဥက္ကဋ္ဌ ဒေါ်စန္ဒာထွေးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များက ပဲခူးတိုင်းဒေသကြီး သီလရှင်အဖွဲ့ဥက္ကဋ္ဌ ပဲခူးမြို့ လိပ်ပြာကန်သီလရှင်စာသင်တိုက်ပဓာနနာယကဆရာကြီး ဒေါ်ဝိမလစာရီနှင့် သီလရှင်ဆရာကြီးများထံ ဆွမ်းဆန်တော်၊ ဆီနှင့် နဝကမ္မဝတ္ထုငွေများကို ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် သီလရှင်ဆရာကြီးများက မေတ္တာပို့ ဆုတောင်းလင်္ကာများ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ ယနေ့လှူဒါန်းမှုပြုလုပ်ရာတွင် ပဲခူးမြို့နယ်အတွင်း သီလရှင်အပါး ၂၅ ပါးနှင့်အထက်ရှိ ကျောင်းတိုက်ပေါင်း ၁၈ ကျောင်းမှ သီလရှင် ၁၄၉၂ ပါးတို့အား တစ်ပါးလျှင်ဆန် ၁၂ ပြည်၊ ဆီ၊ နဝကမ္မဝတ္ထုစုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၅၇၀ ကျော်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ဥဿာတိုင်းသား

---

# မဟာမုနိဘုရားကြီး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

မန္တလေး မတ် ၁၀

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ သဘာဝဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် မဟာမုနိဘုရားကြီးအား မတ်လ ၉ ရက်မှစတင်၍ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် Power Seven ကုမ္ပဏီမှ ဦးစံနီ ဦးစီးအဖွဲ့ဝင်၂၀ ဦးဖြင့် ကျောင်းတော်ကြီးအနောက်စမြင်ပြုပြင်ခြင်း၊ မြန်မာမှုလုပ်ငန်းမှ ဦးဝေဖြိုး ဦးစီးအဖွဲ့ဝင် ၂၁ ဦးဖြင့် ကျောင်းတော်ကြီးအပေါ်မှ အရံစေတီများပြုပြင်ခြင်း၊ ကျောင်းတော်ကြီး အနားလိုင်းများပြုလုပ်ခြင်း၊ ကျောက်စိမ်းကုမ္ပဏီမှ ဦးစိုးနိုင် ဦးစီးအဖွဲ့ဝင် ၁၃ ဦးဖြင့် ကျောင်းတော်ကြီးတိုင်များတွင် ကွာကျနေသည့် ကျောက်စိမ်းပြားများပြုပြင်ခြင်း၊ SEC ကုမ္ပဏီမှဦးသီဟအောင်ဦးစီးအဖွဲ့ဝင် ကိုးဦးဖြင့် မြောက်ဘက်စောင်းတန်း အာရုံခံပြာသာဒ်ပြိုကျမှုများအားပြုပြင်ခြင်း၊ မြန်မာမှုလုပ်ငန်းမှ ဦးဇော်မင်းအောင် ဦးစီးအဖွဲ့ဝင် ၁၈ ဦးဖြင့် ဘုရားကြီးထုပိကာရွှေပြားကပ်ခြင်း၊ ကံထူးကံမြတ်ဆောက်လုပ်ရေးကုမ္ပဏီမှဒေါ်အေးဖြူဦးစီးအဖွဲ့ဝင် ၁၇ ဦးဖြင့် ကျောက်စာရုံအဆောက်အအုံ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၀၂)

---

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၃-၂၀၂၆(ဗုဒ္ဓဟူးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် | |
| ၂။ | ၀၆:၄၅ | ဓမ္မပူဇာတေး | |
| ၃။ | ၀၇:၀၀ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ | |
| ၄။ | ၀၈:၃၀ | မောင်မယ်လေးများ သိစေချင် | |
| ၅။ | ၀၈:၄၅ | မှတ်သားလိုက်နာပုံပမာ | |
| ၆။ | ၁၀:၃၀ | စိုက်ပျိုးသုတ | |
| ၇။ | ၁၁:၁၅ | Time For Discussions | |
| ၈။ | ၁၁:၃၀ | သီချင်းလက်ဆောင် | |
| ၉။ | ၁၁:၄၅ | Sport Review | |
| ၁၀။ | ၁၂:၁၅ | လေးစားအတုယူစံနမူ သူ့ရဲကောင်းများ | |
| ၁၁။ | ၁၂:၃၀ | ကျန်းမာခြင်းအတွက် တွေးခေါ်ခြင်း | |
| ၁၂။ | ၁၂:၄၅ | ပန်းတို့၏အလှတရား | |
| ၁၃။ | ၁၈:၂၀ | ကဏ္ဍစုံလင်ဖွံ့ဖြိုးရေး ဖြည့်ဆည်းစီမံ ဆောင်ရွက်ပေး | |
| ၁၄။ | ၁၉:၀၀ | **(၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း ကြယ်နှင့်အတူ အပိုင်း(၁၄) သရုပ်ဆောင် ခန့်စည်သူ၊ ဖိုးသောကြာ၊စိုးမြတ်နန္ဒာ ဒါရိုက်တာ-အကယ်ဒမီ တင်အောင်စိုး (ပန်းမြို့တော်)** | |

---

# ရွှေဘိုမြို့နယ်၌ ဖူးစားပြောင်းရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

ရွှေဘို မတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်းသီးနှံဧက ၂၅၄၀ အထိစိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသော ဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်၍ ရိတ်သိမ်းကြရာ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ပြောင်းဖူး ၁၅၀၀၀ ကျော်ထွက်ရှိကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှစာရင်းများအရ သိရသည်။

ရွှေဘိုမြို့နယ်၌ ဖူးစားပြောင်းသီးနှံစိုက် ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ်ပိုးနှင်ဆေး အသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးကြကြောင်း သိရသည်။

စိုက်ပျိုးမြေများ၌ တစ်သီးစားကိုသာ စိုက်ပျိုးခြင်းထက် သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကာ စိုက်ပျိုးရေးအခြေခံလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေနှင့်နည်းစနစ်ကို မှန်ကန်စွာအသုံးချခြင်းဖြင့် တောင်သူများ စိုက်ပျိုးရေးဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

**❖ ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေး ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်သွားရန်လို၊ ငြိမ်းချမ်းမှုမရှိပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုဖော်ဆောင်ရန် များစွာအခက်အခဲရှိနေဦးမည်ဖြစ်သဖြင့် ငြိမ်းချမ်းရေးကို မဖြစ်မနေဖော်ဆောင်ကြရမည်ဖြစ်၊ နိုင်ငံတော်အတွက် ဖြစ်သင့်ဖြစ်ထိုက်သည့် လိုက်လျောမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သော်လည်း လက်နက်ကိုင်အဖွဲ့များအနေဖြင့် ဒေသနှင့် နိုင်ငံတော်အကျိုးကိုသာဦးတည်၍ ဖြစ်နိုင်သည်များကိုသာ တောင်းဆိုသွားကြရန်လို . . .**

**❖ လူတိုင်းသက်တမ်းစေ့အသက်ရှည်စွာနေနိုင်ရေး၊ နိုင်ငံသားများ၏မျှော်မှန်းသက်တမ်းတိုးမြင့်လာစေရေးအတွက် အစိုးရအနေဖြင့်တာဝန်ရှိပြီး ဘက်ပေါင်းစုံမှ စဉ်းစား၍ မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်၊ ပညာရေးနှင့်ကျန်းမာရေးသည် တိုင်းပြည်၏အသက်ပင်ဖြစ်ပြီး ပညာရေးနှင့်ကျန်းမာရေးကဏ္ဍများတိုးတက်စေရေး ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များက စနစ်တကျဖြင့်ဆောင်ရွက်သွားကြစေလို . . .**

★ စာမျက်နှာ ၁၇ မှအဆက်

တိုးတက်လာပြီး ပြည်ပသွင်းကုန်များကို များစွာအစားထိုးနိုင်မည်ဖြစ်ကြောင်း၊ ယခုအခါတွင် အစိုးရအားပေးမှုနှင့်အတူ MSME လုပ်ငန်းများအနေဖြင့် ယခင်နှင့်မတူအောင် ဖွံ့ဖြိုးတိုးတက်မှုရရှိနေပြီဖြစ်ပြီး ဆက်လက်တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်၌လည်း MSME လုပ်ငန်းများကို ယခုထက်ပိုမိုအားပေးဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ MSME လုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ခြင်းဖြင့် ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှလည်း အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်း (Agro-based Industries)တွင် MSME ကုန်ထုတ်လုပ်ငန်းသည် မဖြစ်မနေလိုအပ်ပြီး MSME လုပ်ငန်းများသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေနိုင်သည် ဖြစ်သဖြင့် လုပ်ငန်းလိုအပ်ချက်များအပေါ် နည်းလမ်းရှာဖွေကျော်ဖြတ်၍ အောင်မြင်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

**သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာစေရေး ဆောင်ရွက်ခဲ့မှု**

ပို့ဆောင်ရေးနှင့်ပတ်သက်၍ မိမိအနေဖြင့် အများပြည်သူသုံးသယ်ယူပို့ဆောင်ရေးစနစ် Public Transportation ကို ပိုမိုအားပေးဆောင်ရွက်ခဲ့ကြောင်း၊ တိုးတက်လျက်ရှိသည့်နိုင်ငံများတွင်လည်း မီးရထားအပါအဝင် အများပြည်သူသုံး သယ်ယူပို့ဆောင်သည့် လုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြကြောင်း၊ မိမိတို့အစိုးရတာဝန်ယူစဉ်ကာလအတွင်း ခရီးသွားပြည်သူများပိုမိုအဆင်ပြေချောမွေ့စွာခရီးသွားလာနိုင်ရေး၊ ကုန်စည်စီးဆင်းမှုများလွယ်ကူလျင်မြန်စွာဖြင့် ဆောင်ရွက်နိုင်ရေးဆောင်ရွက်ပေးလျက်ရှိပြီး ရထားလမ်းများအဆင့်မြှင့်တင်ခြင်းနှင့်မီးရထားခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးခြင်းများကိုဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်မှုအား မိမိတို့အစိုးရလက်ထက်တွင် နိုင်ငံတော်ဘတ်ဂျက်များဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ရထားလမ်းပြေးဆွဲမှုများပိုမိုတိုးတက်ကောင်းမွန်လာပြီး မီးရထားများ၏အမြန်နှုန်းကို ကီလိုမီတာ ၁၀၀ အထိမောင်းနှင်ပြေးဆွဲနိုင်ပြီဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတကာလေကြောင်းခရီးစဉ်များမှတစ်ဆင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာစေရေးအတွက် ပုသိမ်၊ လားရှိုး၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်၊ ညောင်ဦး၊ ထားဝယ်၊ မြိတ်လေဆိပ်တို့ကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်စတင်ထမ်းဆောင်ချိန်တွင် EV ကားများအသုံးပြုရန်အတွက် တိုက်တွန်းခဲ့သကဲ့သို့ လျှပ်စစ်ရထားများပြေးဆွဲနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်ခဲ့ကြောင်း၊ ယခုဖြစ်ပေါ်နေသည့်နိုင်ငံတကာအရေးအခင်းများကြောင့် ကမ္ဘာ့နိုင်ငံများနည်းတူ မိမိတို့နိုင်ငံ၌လည်း လောင်စာဆီများ အခက်အခဲဖြစ်ပေါ်လျက်ရှိချိန်တွင် လျှပ်စစ်စွမ်းအင်သုံးသယ်ယူပို့ဆောင်ရေးယာဉ်များ၏အခန်းကဏ္ဍသည် မြင့်တက်လာနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ လောင်စာဆီအခက်အခဲများကြောင့် မိမိတို့အနေဖြင့် မလိုလားအပ်ဘဲ လောင်စာဆီသုံးစွဲနေမှုများအား အတတ်နိုင်ဆုံးလျှော့ချနိုင်ရေး အခြားနိုင်ငံများနည်းတူ နည်းလမ်းရှာ၍ ဆောင်ရွက်လျက်ရှိပြီး တာဝန်ရှိသူများမှ စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်သကဲ့သို့ ပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

**❖ မိမိတို့အစိုးရအနေဖြင့်တာဝန်ထမ်းဆောင်ချိန်များအတွင်း ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံနှင့်ကာဇက်စတန်နိုင်ငံများသို့ခရီးစဉ်များသွားရောက်ခဲ့ပြီး နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် မိမိတို့နိုင်ငံ၏အကျိုးစီးပွားများကို ပိုမိုမြှင့်တင်နိုင်ရေး အလေးထားဆောင်ရွက်ခဲ့ . . .**

**❖ အွန်လိုင်းလိမ်လည်လောင်းကစားမှုများတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတို့နှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ထိထိရောက်ရောက်တိုက်ဖျက်ဆောင်ရွက်လျက်ရှိ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သည့်နေရာများနှင့် ကျူးလွန်ရာတွင်ပါဝင်ပတ်သက်ခဲ့သူများအား ဖော်ထုတ်ရှင်းလင်းခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်နေသည့်နေရာများအား ဖော်ထုတ်ရှင်းလင်းခြင်းများကို မိမိတို့အနေဖြင့် အင်ပြည့်အားပြည့်ဖြင့် ထိရောက်ပြင်းထန်စွာဆောင်ရွက်လျက်ရှိပြီး ကျန်ရှိသည့်နေရာများကိုလည်း ဆက်လက်ဖော်ထုတ်အရေးယူဆောင်ရွက်သွားကြရမည်ဖြစ် . . .**

**❖ တရားမဝင်ကုန်စည်စီးဆင်းမှုများသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် နည်းလမ်းမျိုးစုံဖြင့် ထိခိုက်နစ်နာစေနိုင်သောကြောင့် အားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက် . . .**

**ပညာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်ခဲ့မှု**

ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်ကိုတည်ဆောက်ရာတွင် ပညာရေးသည် မရှိမဖြစ်လိုအပ်သည့် “အခြေခံအုတ်မြစ်တစ်ခုဖြစ်”ပြီး ပိုမိုကောင်းမွန်ခိုင်မာသည့် လူနေမှုစနစ်ကို ပညာရေးဖြင့်ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပညာရေးအဆင့်မြှင့်တင်မှုများကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ၏ သွင်ပြင်လက္ခဏာများကောင်းမွန်စေရေး၊ စာကြည့်တိုက်များ၊ သုတေသနဌာနများ၊ အားကစားခန်းမများအပြင် အခြားသောအခြေခံအဆောက်အဦများ၊ သင်ကြားမှုသင်ယူမှုအထောက်အကူပြုပစ္စည်းများ ပြည့်စုံကောင်းမွန်စေရေးတို့ကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်မှဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များနှင့် ကျောင်းများအလိုက်မှလည်း စနစ်တကျဖြင့်ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည့်အတွက် နည်းပညာနှင့်ကွန်ပျူတာတက္ကသိုလ်များ၏အရည်အသွေးကို မြှင့်တင်ပေးခဲ့ကြောင်း၊ အထူးသဖြင့် နေပြည်တော်တွင် Naypyitaw State Academy နှင့် Naypyitaw State Polytechnic University တို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် ၄ ခု၌လည်း Polytechnic University များကို ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ဆက်လက်၍လည်း တိုးချဲ့ဖွင့်လှစ်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်၏ဖြတ်သန်းခဲ့သည့်သမိုင်းကြောင်းအဆက်ဆက်ကို ပြန်ကြည့်မည်ဆိုပါက ပညာရေးနှင့်ပတ်သက်၍ အားနည်းချက်များစွာရှိခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ဘုရင်စနစ်ကျင့်သုံးခဲ့သည့် အချိန်ကာလများတွင် မိမိတို့အနေဖြင့် အတတ်ပညာ၊ စာပေ၊ အနုသုခုမနှင့် ယဉ်ကျေးမှုတို့၌ အဆင့်အတန်းမြင့်မားခဲ့ကြောင်း၊ သို့သော်လည်း အချင်းချင်းညီညွတ်မှုတမှုအားနည်းပြီး အပြန်အလှန်တိုက်ခိုက်နေကြသောကြောင့်စာပေပညာနှင့်အတတ်ပညာများကို လက်ဆင့်ကမ်းနိုင်မှုအားနည်းခဲ့ကြခြင်းဖြစ်ကြောင်း၊ ကိုလိုနီခေတ်တွင် ပညာရေးဖိနှိပ်ခံရမှုများရှိခဲ့သကဲ့သို့ လွတ်လပ်ရေးရရှိပြီးချိန်မှစတင်၍ ပြည်တွင်းမငြိမ်မသက်မှုများကြောင့် ပညာရေးအားနည်းမှုများဖြစ်ပေါ်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင်လည်း အချို့ဆူပူမှုဖြစ်ပေါ်ပြီး တည်ငြိမ်မှုမရှိသည့်ဒေသများတွင် ပညာရေးကို ပိုမိုထိခိုက်စေသည်ကို တွေ့ရကြောင်း၊ ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေး ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ငြိမ်းချမ်းမှုမရှိပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရန် များစွာအခက်အခဲရှိနေဦးမည်ဖြစ်သဖြင့် ငြိမ်းချမ်းရေးကို မဖြစ်မနေဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် ဖြစ်သင့်ဖြစ်ထိုက်သည့် လိုက်လျောမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သော်လည်း လက်နက်ကိုင်အဖွဲ့များအနေဖြင့် ဒေသနှင့် နိုင်ငံတော်အကျိုးကိုသာဦးတည်၍ ဖြစ်နိုင်သည်များကိုသာ တောင်းဆိုသွားကြရန် လိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ ကျောင်းမနေနိုင်သည့်အရွယ်များကို ကျောင်းပြင်ပပညာရေးဖြင့်ဆောင်ရွက်ပေးလျက်ရှိပြီး စာကြည့်တိုက်များတိုးချဲ့ဖွင့်လှစ်ခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့်သူများအနေဖြင့် အဆိုပါစာကြည့်တိုက်များ၊ စာအုပ်စာပေများ၊ ဆောင်းပါးများမှတစ်ဆင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက်အသိပညာဗဟုသုတများရရှိစေနိုင်မည်ဖြစ်ကြောင်း၊ စာပေဗဟုသုတများ၊ ဆောင်းပါးများကို ရေးသားဖော်ပြကြရာတွင်လည်း အများပြည်သူများ လက်လှမ်းမီစွာဖြင့် လွယ်ကူရှင်းလင်းစွာ သိမြင်နိုင်မည့်အသုံးအနှုန်းများဖြင့် ရေးသားဖော်ပြကြရန်လိုကြောင်း။

**ကျန်းမာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်ခဲ့မှု**

ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းရပ်များကို ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၏မျှော်မှန်းသက်တမ်းအနေဖြင့် ယခင်နှစ်များထက် တိုးမြင့်လာခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်သော်လည်း အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများအနက် အနိမ့်ဆုံးဖြစ်နေသည့်အတွက် ဆက်လက်မြှင့်တင်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေး လူနေမှုစနစ်ကို မြှင့်တင်ပေးရမည်၊ စာမျက်နှာ ၁၄ သို့ ★




နိုင်ငံတော်အစိုးရ၏ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးမှာကြားခြင်းအခမ်းအနားသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ဝင်များက Video Conferencing ဖြင့်တက်ရောက်စဉ်။

❖ ယခင်ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံခန့်ရှိခဲ့ပြီး ယင်းကိုသင်ခန်းစာရယူ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုမြှင့်တင်ကာ ပြည်ပပို့ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်သွားကြရန်လို . . .

❖ ဒေသအလိုက်နေထိုင်သည့် လူဦးရေနှင့်ကိုက်ညီသည့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများရှိမှသာ ဒေသဝမ်းစာဖူလုံမှုကိုဖြစ်စေနိုင်မည်ဖြစ်ပြီး အခြေခံစားကုန်များ၏ ဈေးနှုန်းများသည်လည်း ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းတွင်ရှိနေစေမည်ဖြစ် . . .

❖ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် MSME လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် ပြည်တွင်းထုတ်ကုန်များတိုးတက်လာပြီး ပြည်ပသွင်းကုန်များကို များစွာအစားထိုးနိုင်မည်ဖြစ် . . .

★ **ရှေ့ဖုံးမှအဆက်**

အဆိုပါအခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များနှင့်ညွှန်ကြားရေးမှူးချုပ်များတက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ဝင်များက Video Conferencing ဖြင့်တက်ရောက်ကြသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့ရမှု**

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကပြောကြားရာတွင် ယခုကဲ့သို့တွေ့ဆုံခြင်းသည် မိမိတို့အစိုးရ၏ ဖြတ်သန်းလာခဲ့သည့် ၅ နှစ်တာကာလအတွင်း မိမိတို့အစိုးရအဖွဲ့၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုများနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ရန်နှင့်ဆက်လက်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများကို သုံးသပ်ရန် တွေ့ဆုံပြောကြားခြင်းဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံရေးတိုးတက်မှုရှိစေရေးအတွက် ယခင်ကယေဘုယျအားဖြင့် နိုင်ငံတွင်ကျင့်သုံးသည့်စနစ်များအလိုက် အစိုးရများနှင့် နိုင်ငံရေးပါတီများကဆောင်ရွက်ကြကြောင်း၊ ယခုခေတ်ကာလတွင် အစိုးရနှင့်ပါတီများသာမက ပြည်တွင်း၌ဖွဲ့စည်းထားသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ (NGO၊ INGO) များကပါ ပါဝင်ဆောင်ရွက်ကြသည်ကို တွေ့ရကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရပြီးစကာလမှစတင်၍ ခေတ်အဆက်ဆက်တွင် အစိုးရအဖွဲ့အမျိုးမျိုး၊ နိုင်ငံရေးစနစ်အမျိုးမျိုးဖြင့် ပြောင်းလဲကျင့်သုံးခဲ့ပြီး ၂၀၁၁ ခုနှစ်မှစတင်၍ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းခဲ့ကြောင်း၊ အစိုးရ၊ လွှတ်တော်ဖြင့် နိုင်ငံကိုဦးဆောင်ခဲ့ကြောင်း၊ သို့သော် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုရလဒ်များဖြစ်ပေါ်ခဲ့ပြီး ၎င်းတို့အနေဖြင့် ဥပဒေနှင့်အညီဖြေရှင်းမှုမရှိဘဲ မဲမသမာမှုရလဒ်များဖြင့် ထွက်ပေါ်လာသည့်ကိုယ်စားလှယ်များဖြင့် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏ အာဏာကို အတင်းအဓမ္မရယူရန်ကြိုးပမ်းခဲ့ခြင်းကြောင့်တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကိုတာဝန်ယူဆောင်ရွက်ရခြင်းဖြစ်သဖြင့် အစိုးရအဖွဲ့ကိုဖွဲ့စည်းရာတွင် ဒီမိုကရေစီစနစ်နှင့်ကိုက်ညီမှုရှိစေရေး တပ်မတော်သားများဖြင့်သာ သီးခြားဖွဲ့စည်းခြင်းမဟုတ်ဘဲ နိုင်ငံ့အကျိုးကိုဆောင်ရွက်နိုင်ပြီး အတွေ့အကြုံရှိသည့်အရပ်သားများကိုပါ ထည့်သွင်းဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်နိုင်ငံတော်တာဝန်ကိုစတင်ထမ်းဆောင်ချိန်တွင် ရှေ့လုပ်ငန်းစဉ် ၅ ရပ်ကိုချမှတ်ဆောင်ရွက်ခဲ့ပြီး ထိုအထဲတွင် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များပြီးဆုံးပါက ရွေးကောက်ပွဲကျင်းပ၍ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးအပ်မည်ဟုပါရှိပြီးဖြစ်ကြောင်း၊ သို့သော် မိမိတို့တာဝန်ယူဆောင်ရွက်ချိန်တွင်နိုင်ငံရေးအရသဘောထားကွဲလွဲမှုများကြောင့် နိုင်ငံတစ်ဝန်းဆန္ဒပြမှုများမှတစ်ဆင့် အကြမ်းဖက်မှုများအထိဖြစ်ပေါ်ခဲ့ပြီး တစ်ချိန်တည်းတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်အချိန်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အခက်အခဲ အကျပ်အတည်းအမျိုးမျိုးကြားမှ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း။

**လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ခဲ့မှု**

မိမိတို့အနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး မဲဆန္ဒရှင်စာရင်းများ မှန်ကန်စွာဖြင့် ရရှိနိုင်ရေးအတွက် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းအားကောက်ယူခဲ့ကြောင်း၊ အလားတူ မြန်မာအီလက်ထရောနစ်မဲပေးစနစ်(MEVM) များဖြင့် ဆန္ဒမဲများပေးနိုင်ရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်း။

၂၀၂၅ ခုနှစ်အတွင်း ရွေးကောက်ပွဲကျင်းပပြုလုပ်မည်ဟု မိမိအနေဖြင့် ၂၀၂၄ ခုနှစ်တွင် မိတ္ထီလာမြို့ခရီးစဉ်အတွင်း ပြည်သူလူထုနှင့်တွေ့ဆုံစဉ် စတင်ပြောကြားခဲ့ကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခွင့်ကို ၂၀၂၃ ခုနှစ်တွင် စတင်ခွင့်ပြုဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံရေးပါတီများအနေဖြင့် ပြင်ဆင်ချိန် ၃ နှစ်ခန့်အထိရရှိခဲ့ကြောင်း၊ ပါတီဝင်ဦးရေတိုးပွားရေးအတွက်လည်း ပါတီဝင်စည်းရုံးရေးလုပ်ငန်းများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခွင့်ပြုပေးထားခဲ့ကြောင်း၊ ပါတီဝင်ဦးရေပိုမိုရရှိအောင် စည်းရုံးခြင်းသည် ပြည်သူလူထုကိုစည်းရုံးခြင်းပင်ဖြစ်ပြီး ပြည်သူကိုတစ်စိတ်တစ်ပိုင်း စည်းရုံးခွင့်ရခြင်းပင်ဖြစ်ကြောင်း၊ ပါတီဝင်အင်အားများလာပါကထောက်ခံသူများပြားလာမည်ဖြစ်ပြီး ပါတီဝင်များစုဆောင်းခွင့်နှင့်မဲဆွယ်စည်းရုံးခြင်း လုပ်ငန်းစဉ်များကိုလည်း နည်းလမ်းတကျခွင့်ပြုပေးထားခဲ့ကြောင်း၊ သို့သော်လည်း အချို့ပါတီများအနေဖြင့် ပေးထားသည့် အခွင့်အလမ်းများကို ထိရောက်စွာ အသုံးချနိုင်မှုမရှိခဲ့သည်ကို တွေ့ရှိရပြီး ပြည်သူများနှင့် ပိုမိုထိတွေ့သည့် ပါတီများမှ ပြည်သူ့ထောက်ခံမဲများ ပိုမိုရရှိခဲ့သည်ကို တွေ့ရကြောင်း၊ ရွေးကောက်ပွဲ၌ တစ်နိုင်ငံလုံးကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်သည့်ပါတီ (၆) ပါတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကိုယ်စားပြုယှဉ်ပြိုင်သည့် ပါတီ (၅၁)ပါတီ၊ စုစုပေါင်း နိုင်ငံရေးပါတီ(၅၇) ပါတီ ပါဝင်ခဲ့ကြောင်း၊ နိုင်ငံရေးပါတီများ တည်ထောင်၍ ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်စေခြင်းဖြင့် ဒီမိုကရေစီနိုင်ငံရေးစနစ်ကို ပိုမိုခိုင်မာစေခဲ့ကြောင်း။

ကျင်းပပြီးစီးခဲ့တဲ့ ရွေးကောက်ပွဲအပိုင်း (၃) ပိုင်းစလုံးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စုစုပေါင်း ၂၄ ဒသမ ၂၂ သန်းကျော်အနက် မဲပေးခဲ့သည့်အရေအတွက်မှာ ၁၃ ဒသမ ၁၄ သန်းကျော်ရှိခဲ့ကြောင်း၊ ထို့ကြောင့် မဲပေးမှုရာခိုင်နှုန်းအနေဖြင့် ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းကျော်ရှိကြောင်း၊ မဲပေးခဲ့သည့်အရေအတွက်ကို ခွဲခြားလေ့လာကြည့်မည်ဆိုပါက အသက် ၁၈ နှစ်နှင့် ၄၀ နှစ်ကြားတွင် ၄၅ ရာခိုင်နှုန်း၊ အသက် ၄၀ မှ ၅၀ နှစ်အကြားတွင် ၂၀ ရာခိုင်နှုန်းပါဝင်နေသည်ကို တွေ့ရှိရသည့်အတွက် လူငယ်အုပ်စုများအနေဖြင့် ကျင်းပခဲ့သည့်ရွေးကောက်ပွဲကို စိတ်ဝင်စားမှုရှိစွာဖြင့် အများဆုံးပါဝင်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ရွေးကောက်ပွဲ၌ နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ မီဒီယာများလာရောက်လေ့လာခြင်း၊ သတင်းရယူခြင်းများဆောင်ရွက်ခဲ့ကြောင်း၊ ရွေးကောက်ပွဲမစတင်မီ မမှန်မကန်စွပ်စွဲချက်များရှိသော်လည်း ရွေးကောက်ပွဲကာလနှင့်ရွေးကောက်ပွဲအပြီး၌ လွတ်လပ်ပြီးတရားမျှတသောရွေးကောက်ပွဲအား နိုင်ငံတကာအသိုက်အဝန်းက မျက်မြင်ကိုယ်တွေ့ တွေ့မြင်ခဲ့ရသဖြင့် မဟုတ်မမှန်စွပ်စွဲချက်များ တိတ်ဆိတ်သွားကြောင်း၊ ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတွက် ပြည်သူများကရွေးချယ်ပေးခဲ့သည့် ရွေးကောက်ခံကိုယ်စားလှယ်များ ပေါ်ထွက်လာပြီဖြစ်ခြင်းကြောင့် ယခုမတ်လထဲတွင် လွှတ်တော်အစည်းအဝေးများကို ကျင်းပခြင်းနှင့်အတူ ဧပြီလတွင်ထွက်ပေါ်လာမည့် အစိုးရကို နိုင်ငံတော်အာဏာထမ်းဆောင်နိုင်ရန် လွှဲပြောင်းပေးနိုင်တော့မည်ဖြစ်ကြောင်း။

**ပြည်တွင်းငြိမ်းချမ်းရေးရရှိစေရေးဆွေးနွေးဆောင်ရွက်ခဲ့မှုနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးဆောင်ရွက်လျက်ရှိမှု**

ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မဖြစ်မနေတိုးတက်မှုရှိအောင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူလူထုအကျိုးကို ရှေးရှု၍ ဖြစ်ချင်သည်ထက်ဖြစ်သင့်သည်ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တပ်မတော်

**❖ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်း (Agro-based Industries)တွင် MSME ကုန်ထုတ်လုပ်ငန်းသည် မဖြစ်မနေလိုအပ်ပြီး MSME လုပ်ငန်းများသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေနိုင်သည်ဖြစ်သဖြင့် လုပ်ငန်းလိုအပ်ချက်များအပေါ် နည်းလမ်းရှာဖွေကျော်ဖြတ်၍ အောင်မြင်အောင်ဆောင်ရွက် . . .**

**❖ ပို့ဆောင်ရေးနှင့်ပတ်သက်၍ မိမိအနေဖြင့် အများပြည်သူသုံးသယ်ယူပို့ဆောင်ရေးစနစ် Public Transportation ကို ပိုမိုအားပေးဆောင်ရွက်ခဲ့ . . .**

**❖ ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်မှုအား မိမိတို့အစိုးရလက်ထက်တွင် နိုင်ငံတော်ဘတ်ဂျက်များဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ရထားလမ်းပြေးဆွဲမှုများပိုမိုတိုးတက်ကောင်းမွန်လာပြီး မီးရထားများ၏အမြန်နှုန်းကို ကီလိုမီတာ ၁၀၀ အထိ မောင်းနှင်ပြေးဆွဲနိုင်ပြီဖြစ် . . .**

အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိပြီး ငြိမ်းချမ်းရေးကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက်လည်း ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ကြောင်း၊ NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၈၉)ကြိမ်၊ NCA လက်မှတ်ရေးထိုးထားခြင်းမပြုရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၂၅)ကြိမ်၊ နိုင်ငံရေးပါတီများနှင့်(၂၂)ကြိမ်၊ ငြိမ်းချမ်းရေးအကျိုးဆောင်များနှင့် (၁၃)ကြိမ်၊ စုစုပေါင်း (၁၄၉) ကြိမ် တွေ့ဆုံညှိနှိုင်းဆွေးနွေးနိုင်ခဲ့ကြောင်း။

ထိုကဲ့သို့ ဆွေးနွေးသည့်နေရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တောင်းဆိုချက်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပြင်ဆင်ရေးကိစ္စရပ်များ၊ ဒေသနှင့်တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်သောဖြစ်သင့်ဖြစ်ထိုက်သည့်အချက်များကို အကျေအလည်ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ ဆွေးနွေးနိုင်ခဲ့သည့်အချက်များကို လာမည့်လွှတ်တော်တွင် ဆွေးနွေးသွားမည်ဖြစ်ပြီး လွှတ်တော်၏ ဆုံးဖြတ်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အခြေခံဥပဒေများနှင့် ပတ်သက်၍ ကမ္ဘာပေါ်ရှိနိုင်ငံအသီးသီး၌လည်း ပြင်ဆင်နေကြသည့်အခြေအနေများရှိနေကြကြောင်း၊ လက်ရှိအခြေခံဥပဒေသည် ၁၉၉၁ ခုနှစ် အမျိုးသားညီလာခံမှ စတင်အခြေပြုရေးဆွဲခဲ့ခြင်းဖြစ်၍ ယခုခေတ်စနစ်နှင့်အညီ ပြုပြင်ရန်များရှိနိုင်ကြောင်း၊ အခြေခံဥပဒေသည် ခိုင်မာမှုရှိပါက ပိုမိုကောင်းမွန်သဖြင့် ဥပဒေရေးဆွဲရာတွင် အရှည်မြော်တွေးပြီး ဘက်ပေါင်းစုံမှ စဉ်းစားရေးဆွဲရန်လိုကြောင်း၊ အခြားအဓိကကျသည့် ဥပဒေများရေးဆွဲရာတွင်လည်း ၎င်းအချက်သည်အရေးပါကြောင်း။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် အမျိုးသားအဆင့်အားလုံးပါဝင်သည့် အခင်းအကျင်းတစ်ရပ်ဖြစ်ပေါ်လာစေရေးအတွက် ငြိမ်းချမ်းရေးစကားဝိုင်း၊ ငြိမ်းချမ်းရေးကိုအထောက်အကူပြုသည့်နည်းဗျူဟာများဖော်ထုတ်နိုင်ရေးအတွက် ငြိမ်းချမ်းရေးဖိုရမ်နှင့် နိုင်ငံတစ်ဝန်းတွင်ရှိသည့် လူငယ်များငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များတွင် စိတ်ပါဝင်စားမှုရှိလာစေရေးအတွက် လူငယ်ငြိမ်းချမ်းရေးဖိုရမ်များကိုလည်း ကျင်းပပေးခဲ့ကြောင်း၊ အဆိုပါဖိုရမ်များမှရရှိသည့် ဆွေးနွေးချက်များသည် ငြိမ်းချမ်းရေးနှင့် အခြေခံဥပဒေပြင်ဆင်ရေးအတွက်များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ နိုင်ငံ့အရေးကိုဆောင်ရွက်ရာ၌ လူငယ်များပါဝင်မှုကို မြှင့်တင်ပေးခြင်းဖြင့် နိုင်ငံ၏အနာဂတ် ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မိမိတို့အစိုးရအဖွဲ့ တာဝန်ယူစဉ်ကာလအတွင်း အရပ်ဘက်လူမှုအဖွဲ့အစည်းဖြစ်သည့် မီဒီယာကဏ္ဍအားကောင်းစေရေးအတွက်လည်း အားပေးဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံပိုင်မီဒီယာအပြင် အခြားမီဒီယာများကိုလည်း အဆင့်မြှင့်တင်ပြီး ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာအပါအဝင် အခြားထောက်ပံ့မှုများကိုဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့ပြင် မီဒီယာနှင့်စာနယ်ဇင်းသမားများ အပါအဝင် ရုပ်ရှင်၊ ဂီတ၊ သဘင်တို့မှ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲရှိနေသည့် လူပုဂ္ဂိုလ်၊ အသင်းအဖွဲ့အသီးသီးတို့အတွက်လည်း လိုအပ်သည့် ကူညီထောက်ပံ့ပေးမှုများကို ဆောင်ရွက်ပေးခဲ့ကြောင်း။

အနုပညာရှင်များအနေဖြင့် ယခုကျင်းပပြုလုပ်ပြီးစီးခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက်လည်း ပါဝင်အားဖြည့်ဆောင်ရွက်ပေးခဲ့ကြကြောင်း၊ မိမိတို့အစိုးရအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် အနုပညာရပ်များ ရေရှည်တည်တံ့နိုင်စေရေးအတွက် နယ်ပယ်အသီးသီးမှ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် အနုပညာရှင်များကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်ဆုတံဆိပ်များကို ချီးမြှင့်အပ်နှင်းပေးခဲ့ကြောင်း၊ အနုပညာနယ်ပယ်အပါအဝင် အရပ်ဘက်အဖွဲ့အစည်းများ ခိုင်မာအားကောင်းစေရန်ရည်ရွယ်၍ မိမိတို့အနေဖြင့် အားပေးချီးမြှောက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးအားများအနေဖြင့် မိမိတို့ဆောင်ရွက်ခဲ့သည်များကို သုံးသပ်ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး ထိုအပေါ်တွင် သင်ခန်းစာယူသုံးသပ်၍ နောင်လာမည့်အစိုးရအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

**❖ လောင်စာဆီအခက်အခဲများကြောင့် မိမိတို့အနေဖြင့် မလိုလားအပ်ဘဲ လောင်စာဆီသုံးစွဲနေမှုများအား အတတ်နိုင်ဆုံးလျှော့ချနိုင်ရေး အခြားနိုင်ငံများနည်းတူ နည်းလမ်းရှာ၍ ဆောင်ရွက်လျက်ရှိပြီး တာဝန်ရှိသူများမှ စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ ပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်တိုက်တွန်းလို . . .**

**❖ ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်ကို တည်ဆောက်ရာတွင် ပညာရေးသည် မရှိမဖြစ်လိုအပ်သည့် "အခြေခံအုတ်မြစ်တစ်ခုဖြစ်"ပြီး ပိုမိုကောင်းမွန်ခိုင်မာသည့် လူနေမှုစနစ်ကို ပညာရေးဖြင့်ဖော်ဆောင်နိုင်မည်ဖြစ် . . .**

**❖ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည့်အတွက် နည်းပညာနှင့်ကွန်ပျူတာတက္ကသိုလ်များ၏အရည်အသွေးကိုမြှင့်တင်ပေးခဲ့၊ အထူးသဖြင့် နေပြည်တော်တွင် Naypyitaw State Academy နှင့် Naypyitaw State Polytechnic University တို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ၄ ခု၌လည်း Polytechnic University များကို ဖွင့်လှစ်ပေးနိုင်ခဲ့ . . .**

**နိုင်ငံ့စီးပွားတိုးတက်ရေးစိုက်ပျိုးမွေးမြူရေးလုပ်ငန်းကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းနှင့် MSME လုပ်ငန်းများ ပိုမိုတိုးတက်အောင်ဆောင်ရွက်ခဲ့မှု**

စီးပွားရေးကဏ္ဍနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့်စီးပွားရေးကို အဓိကဆောင်ရွက်နေခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းကိုအခြေခံ၍ နိုင်ငံ့စီးပွားရေးတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြပြီး ၅၀ ရာခိုင်နှုန်းကျော်သည် လယ်ယာသားငါးကဏ္ဍကို ဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ မြို့ပြတွင်နေထိုင်သူ ၃၀ ရာခိုင်နှုန်း၌ပင် ၎င်းကဏ္ဍနှင့် စီးပွားရေးဆောင်ရွက်နေသည်များရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်း (Agro-based Industries) ကိုဆောင်ရွက်ရန်အတွက်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့ဒေသတွင်းနိုင်ငံများတွင်လည်း စိုက်ပျိုးရေးနှင့်မွေးမြူရေးကုန်ထုတ်ကဏ္ဍကို အဓိကဆောင်ရွက်ကြပြီး စက်မှုလုပ်ငန်းများကိုလည်းဆောင်ရွက်နေကြကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ပြီး ပြည်ပပို့ကုန်များရရှိအောင် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ကေပန်းတိုင်ရည်မှန်းချက်များအတိုင်း ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးမွေးမြူရေးအသိပညာနှင့်အတတ်ပညာများ တတ်ကျွမ်းသည့် လူသားအရင်းအမြစ်များနှင့်သွင်းအားစုများလိုအပ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများကိုဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အလားတူအခြေခံပညာအထက်တန်းကျောင်းများတွင်လည်း စက်မှု၊ စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်သည့်အခြေခံအသိပညာများကိုလည်း သင်ကြားပေးလျက်ရှိပြီး လာမည့်ပညာသင်နှစ်တွင် အလယ်တန်းအဆင့်၌ပါ သင်ကြားပေး၍ နိုင်ငံ၏အဓိကစီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့်ကဏ္ဍ၌အားကောင်းလာစေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စက်မှုစိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများကိုလည်း ခရိုင်များအလိုက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်သည့် နိုင်ငံများ၌ပင် စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍသည် အရေးပါလျက်ရှိပြီး ၎င်းကဏ္ဍကိုအခြေခံ၍ အဆင့်မြင့်ထုတ်ကုန်များထုတ်လုပ်နေသည်ကိုတွေ့ရှိနိုင်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များမှာ အခြားနိုင်ငံများထက်နည်းပါးနေခြင်းကြောင့် ပြည်ပပို့ကုန်များနည်းပါးနေခြင်းဖြစ်ကြောင်း၊ ထိုသို့ပြည်ပပို့ကုန်နည်းပါးခြင်းကြောင့်နိုင်ငံခြားဝင်ငွေများနည်းပါးနေခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံခြားပို့ကုန်များ ပိုမိုတင်ပို့နိုင်ရန်အတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများတိုးတက်လာအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့်အဆင့်မြင့်ထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်ရန်လိုကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံ၏ GDP များတိုးတက်လာမည်ဖြစ်ကြောင်း။

ယခင်ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင် ကုန်သွယ်မှုလိုငွေအမေရိကန်ဒေါ်လာ ၂၅ ဘီလီယံခန့်ရှိခဲ့ပြီး ယင်းကိုသင်ခန်းစာရယူ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုမြှင့်တင်ကာ ပြည်ပပို့ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများအား ကြိုးပမ်းမြှင့်တင်မှုမရှိဘဲ ပုံမှန်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဆိုပါက ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရည်မှန်းချက်ဖော်ဆောင်နိုင်မည်မဟုတ်ကြောင်း၊ နိုင်ငံသားတိုင်း တစ်ဦးချင်း အမှန်တကယ်အလုပ်လုပ်မှသာလျှင် တစ်ဦးချင်းဝင်ငွေများတိုးတက်လာပြီး နိုင်ငံ့ဝင်ငွေများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသအလိုက်နေထိုင်သည့် လူဦးရေနှင့်ကိုက်ညီသည့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများရှိမှသာ ဒေသဝမ်းစာဖူလုံမှုကိုဖြစ်စေနိုင်မည်ဖြစ်ပြီး အခြေခံစားကုန်များ၏ ဈေးနှုန်းများသည်လည်း ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းတွင်ရှိနေစေမည်ဖြစ်ကြောင်း၊ ဒေသတွင်းလိုအပ်ချက်နှင့်ထုတ်လုပ်နိုင်မှုများ ကိုက်ညီမှုမရှိခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များကြီးမြင့်ခြင်းတို့ကြောင့်သာ အချို့ဒေသများ၌ကုန်ဈေးနှုန်းများကြီးမြင့်နေခြင်းဖြစ်ကြောင်း၊ ဒေသတွင်းထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များကို အခြေခံပြီးထုတ်လုပ်သည့် တိရစ္ဆာန်အစာများဖြင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်လည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုများအားပေးနိုင်ရန်၊ သွင်းကုန်အစားထိုးနိုင်ရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ အသေးစား၊ အငယ်စား၊ အလတ်စား MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ ကမ္ဘာပေါ်ရှိဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် MSME လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် ပြည်တွင်းထုတ်ကုန်များ

စာမျက်နှာ ၁၅ သို့ ✭

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing reviews the government's accomplishments for national development during the period from 2021 to 2025 and gives directives



Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing reviews the government's accomplishments for national development.

NAY PYI TAW March 10

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing reviewed the government's accomplishments for national development during the period from 2021 to 2025 and gave directives at Thabin Hall of Office National Defence and Security Council in Nay Pyi Taw this afternoon.

Also present were Vice Chairman of SSPC Vice-Senior General Soe Win, SSPC member Prime Minister U Nyo Saw, SSPC member Executive Chief U Aung Lin Dway, SSPC Secretary General Ye Win Oo, SSPC members, union level dignitaries, union ministers, deputy ministers, permanent secretaries of ministries, and directors general. Region/state chief ministers and members of local governments attended the meeting through video conferencing.

**Assumption of the State duties in accord with 2008 Constitution**

The Senior General said the meeting was held to review the current government's accomplishments in serving the State duties during the five-year period and to ponder the possible future endeavours. Generally, in the past, governments and political parties strove for political progress in their endeavours for national development in accord with the adopted systems. But nowadays, domestically established NGOs and INGOs also took part in the task, in addition to the government and parties.

The country has witnessed change of governments and political systems throughout the successive periods since it regained independence, and in 2011 it started its journey on the democratic path. Vote rigging surfaced in the 2020 election, and instead of solving the problem, attempts were made to forcefully grab the State power by convening the Hluttaw with representatives generated by the results of the fraudulent election. In this regard the Tatmadaw had to assume the State duties in accord with the 2008 Constitution.

As the government in office assumed the State duties in accord with the Constitution, it was formed not only with Tatmadawmen, but also with well experienced civilians to be in alignment with democracy. The government has adopted the five-point roadmap which stipulates the assurance for transfer of State duties to the government that wins the election held after the completion of all necessary preparations. But during the time, political differences evolved into nationwide demonstrations and finally reached the stage resorting to violence, and in addition, COVID-19 also broke out. The government had to strive for national peace and stability and progress amidst the many hardships.

**Free and fair multi-party democracy general election**

The government in office, after making preparations for the election, launched the 2024 population and housing census to compile a correct voter list and made arrangements to introduce Myanmar electronic voting machines (MEVMs).

The Senior General said he told the people that an election would be held in 2025 at a meeting with the public in Meiktila in 2024. The government permitted the registration of political parties in 2023 and the parties got a nearly three-year period for preparations. It allowed organizing activities to increase the number of party members. As the efforts to raise the population of party members amount to organizing the people, the parties had had the opportunity to moderately organize the people. Increase in party member population will lead to the rise in the number of supporters. The right to gather party members and launch canvassing campaigns had already been permitted systematically. But some parties were unable to effectively use the allowed opportunity, and parties that were more in touch with the people won greater public support. Six parties that represented the whole country and another 51 that represented the respective regions and states, totalling 57 took part in the election. The opportunity to set up political parties and stand for the election had strengthened democracy.

Across all three phases of the completed election, out of more than 24.22 million eligible voters, over 13.14 million cast their votes, resulting in a voter turnout of more than 54.22 percent. A breakdown of the votes shows that 45 percent of voters were between the ages of 18 and 40, and 20 percent were between 40 and 50, indicating that youth groups showed the highest level of interest and participation in the election. During the election, international election observation groups and media organizations came to observe and report on the process. Although there had been inaccurate allegations prior to the start of the election, during and after the election the international community personally witnessed that it was a free and fair process, and the unfounded accusations subsequently subsided. As the election was successfully conducted, the representatives elected by the people have now

See Page - 21►►

►► From Page - 21

while the nation reached high standards in technology, literature, fine arts, and culture during the monarchical era, the transmission of this knowledge to future generations was weakened by a lack of internal unity and mutual conflict. He added that education was suppressed during the colonial era, and following independence, internal instability led to further educational shortcomings. Even at present, he observed that education is being severely impacted in certain areas experiencing unrest and instability. He emphasized the need to promote education so that all school-age children can study, asserting that without peace, it will remain difficult to achieve national development. Therefore, he stated that peace must be achieved at all costs, and while the state will make appropriate concessions, armed groups must focus only on the interests of their regions and the nation and make only feasible demands.

Furthermore, he stated that non-formal education programs are being implemented for those unable to attend school, alongside the expansion of libraries across the country. He noted that the public, particularly those engaged in agriculture and livestock breeding, can acquire essential vocational knowledge through these libraries, books, and articles. Furthermore, he emphasized that when writing literature, general knowledge, and articles, authors should use clear and simple terminology that is easily accessible and understandable to the public.

**Regarding the advancement of the health sector**

He stated that the government has diligently carried out healthcare services for the entire public, including COVID-19 prevention, control, and treatment efforts. He noted that while the nation's life expectancy has increased compared to previous years, it remains the lowest among neighboring and ASEAN countries, necessitating further improvement. To achieve this, he emphasized the need to elevate living standards, ensure the consumption of healthy, balanced, and nutritious food, and provide access to school education for everyone to raise general knowledge. He asserted that the government is responsible for ensuring that every citizen can live a full life and for increasing the national life expectancy through comprehensive measures. Ultimately, he concluded that education and health are the very lifeblood of the country, urging the Union Government and region and state governments to systematically work toward the development of these sectors.

**Carrying out international relations**

Regarding international relations, we have pursued an independent and active non-aligned foreign policy while adhering to the five principles of friendly relations and peaceful coexistence. During our term in office, we visited Thailand, the People's Republic of China, the Russian Federation, Belarus, and Kazakhstan, focusing on promoting our country's interests through international cooperation. During the last election, international election observation teams, including those from ASEAN member countries, visited and observed the successful conduct of a free and fair election. We must continue to further strengthen and expand our international relations.

Regarding the lawsuit at the International Court of Justice (ICJ), we have participated in all stages of the proceedings from 2021 to 2026 during our term of responsibility and have been able to address the legal issues effectively.

Regarding the fight against online gambling and the prevention and suppression of drugs, we have taken this as a national responsibility and are implementing effective measures. We are actively working to identify and eliminate locations where online gambling is conducted and to take action against those involved, as well as to uncover drug production sites. Efforts will continue to locate and take action against the remaining sites. It is necessary for all stakeholders to work together to eliminate online gambling and the production and sale of drugs in our country. Based on the findings to date and the online fraud and drug-related cases that have occurred, it is evident that some ethnic armed groups are engaging in online fraud and drug production for their own benefit and survival. Therefore, responsible administrative organizations need to take action to prevent such activities from taking place in the areas under their control.

At the same time, we urge those responsible for controlling illegal trade to take systematic and strict measures. It is necessary to combat the harmful practice of encouraging illegal trade in various ways. Such activities can lead to rising prices and corruption, while also generating income for armed terrorist groups and affecting the stability of the country. Therefore, as the flow of illegal goods can harm the country and its citizens in many ways, we call on everyone to work together to prevent it.

During our government's term of service, we endured many challenges while striving for the country's development. We are deeply grateful to everyone who cooperated faithfully for the benefit of the nation during this period, and our efforts have been duly recorded in the country's history. We urge the future government to thoroughly document and systematically transfer the difficulties and experiences encountered during their service, so that similar challenges can be prevented and good practices can be preserved and carried forward.

**100**

# Sagaing District grows more than 9,000 acres of soya bean

SAGAING March 10

According to the Sagaing District Agriculture Department, local farmers planted 9,961 acres of soya bean as cold season crops in Sagaing District of Sagaing Region.

During the 2025-2026 winter crop cultivation season, Sagaing District earmarked 10,300 acres for soya bean cultivation. Planting began in October 2025, and as of today, 2,021 acres have been planted in Sagaing Township, 717 acres in Myinmu Township, and 7,223 acres in Myaung Township, bringing the total planted area to 9,961 acres.

"During the winter crop cultivation season in Sagaing District, 10,300 acres were planned for soya bean cultivation, and 9,961 acres have been successfully planted. Awareness activities are also being carried out to prevent pest infestations. Farmers have been encouraged and informed to ensure access to the necessary seeds and to improve their knowledge," said Daw Myat Moe Win, District Head of the Sagaing District Department of Agriculture.

For the 2025–2026 winter crop season, township-level targets for soya bean cultivation in Sagaing District were set at 2,042 acres in Sagaing Township, 742 acres in Myinmu Township, and 7,516 acres in Myaung Township, totalling 10,300 acres.

In Sagaing District, the Township Departments of Agriculture are providing soya bean farmers with education and guidance on obtaining high-quality, pure seed varieties suitable for local conditions, proper cultivation techniques, pest prevention, systematic use of chemical fertilizers, and improving crop yields.

During this year's winter crop cultivation season, in growing various pulse crops, coordination is being carried out with farmers to provide high-quality seeds, necessary inputs, and post-harvest technology training to ensure good yields and quality of pulse crops. **SK**

# Taze Township grows more than 1,700 acres of vegetables in winter

TAZE March 10

YeU District Agriculture Department mentioned that local farmers grew 1,727 acres of vegetables in Taze Township of Sagaing Region this year.

During the 2025-2026 winter crop season, Taze Township planned to cultivate 1,725 acres of vegetable crops. Planting began in October 2025, and as of today, 1,727 acres have been planted, slightly exceeding the target, according to reports.

"In Taze Township, 1,725 acres were earmarked for vegetable cultivation, and we have been able to plant 1,727 acres. The main crops include mustard greens, chilies, culinary herbs and spices, potatoes, cabbage, eggplant, and cauliflower. Farmers have been provided with technical guidance to ensure that all vegetables are cultivated using the Good Agricultural Practices (GAP) system. We have also provided technical support to ensure that vegetables are grown in a health-conscious manner with minimal chemical residues," said U Zaw Myint Tun, Head of the YeU District Department of Agriculture.

In Taze Township, the Township Department of Agriculture has supported vegetable farmers by providing technical training on GAP cultivation methods, guidance to ensure that vegetables produced from farms meet health and safety standards, and assistance to encourage the expansion of vegetable cultivation.

Taze Township annually cultivates a wide range of seasonal vegetables. These crops are reported to be growing successfully and contributing to household incomes. The Township Department of Agriculture has also been providing awareness and technical guidance to prospective vegetable growers on correct cultivation practices, pest prevention, and the production and use of natural fertilizers, natural pesticides, and bio-pesticides.

**SMK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Putin, Trump hold 1-hour phone talk to discuss current global issues - Kremlin aide

MOSCOW March 10

Russian President Vladimir Putin and US President Donald Trump have held an hour-long telephone conversation at the initiative of the United States to discuss current developments in the international arena, Kremlin aide Yury Ushakov said on Monday.

"This evening, the leaders of Russia and the US spoke on the phone. Donald Trump called Vladimir Vladimirovich Putin to discuss several critical issues related to the current developments in the international arena," Ushakov told reporters.

The conversation continued for about an hour and was businesslike and constructive in nature, the Kremlin aide said. It was focused on the conflict in Iran and the peace talks on Ukraine, Ushakov also said, adding that Putin and Trump exchanged views on the Iranian issue.

"The US president noted that, as was previously agreed, such communications should take place on a regular basis. Both leaders expressed their readiness for this," the Kremlin aide said. **Sputnik**



# Death toll rises to 49 as massive floods batter Kenya



NAIROBI March 10

At least 49 people have died, thousands displaced, and property destroyed, since March 6 when heavy downpour triggered massive flooding in more than a dozen Kenyan counties, including the capital, Nairobi.

As of Tuesday, flooding had killed 49 people, displaced over 2,600 families, and claimed more than 600 livestock countrywide, while the search for the missing had intensified, according to a multi-agency response secretariat.

Kenya Meteorological Department clarified that though the rains will subside this week, the risk of flooding remained high during the onset of the March-to-May rain season amid saturated soils.

Deborah Mulongo Barasa, cabinet secretary in the Ministry of Environment, Climate Change and Forestry, said in a televised interview on Monday that Kenya remains a global warming hotspot, as evidenced by prolonged and recurrent dry spells, flooding, and habitat loss.

To boost the country's resilience to climatic stresses, Barasa said the government and bilateral partners have prioritized expanding tree cover, regenerating wetlands, and promoting the adoption of clean energy. **Xinhua**

# Russian, Iranian FMs discuss Mideast situation over phone

MOSCOW March 10

Russian Foreign Minister Sergei Lavrov held a phone conversation on Tuesday with Iranian Foreign Minister Seyed Abbas Araghchi to discuss the situation in the Middle East.

The two sides exchanged views on the regional situation, which has sharply deteriorated following the unprovoked aggression by the United States and Israel against Iran, the Russian Foreign Ministry said in a statement.

Lavrov reiterated Russia's principled position in favor of a swift de-escalation and a return to a political and diplomatic settlement, said the statement.

Russia remains ready to help facilitate such efforts while taking into account the security interests of Iran and its neighbors, it added.

Previously, Lavrov and Araghchi held a phone conversation on February 28, during which the Russian minister condemned the U.S. and Israeli raids on Iran.

**Xinhua**

# Greek PM calls for exploring nuclear energy options

ATHENS March 10

Greek Prime Minister Kyriakos Mitsotakis said Tuesday that Greece should explore the potential role of nuclear energy in its future energy mix, according to Greece's public broadcaster Hellenic Broadcasting Corporation (ERT).

Speaking in Paris at the second summit on nuclear energy and its civilian use, Mitsotakis said Greece is "turning the page" and should examine whether small modular reactors could help meet future electricity demand. Representatives from 41 countries and several international organizations attended the meeting.

He noted that electricity demand is expected to increase in the coming years and that renewable energy alone may not be enough to meet the country's needs.

Mitsotakis announced that Greece will set up a special inter-ministerial committee to study whether nuclear power could play a role in the country's energy transition.

Mitsotakis acknowledged that public opinion on nuclear energy remains divided and called for open discussion. He also pointed to challenges in Europe's nuclear sector, including complex regulations, high costs and a shortage of experts.

Nuclear energy could also have potential applications in shipping and should be considered as part of the solution to future energy challenges, he added. **Xinhua**

►► From Page - 18

emerged. Consequently, Hluttaw sessions will be held in March, and in April, the State authority will be transferred to the government that emerges, enabling it to assume responsibility for governing the country.

**Efforts to restore internal peace and to amend the Constitution**

Regarding domestic peace, efforts will be made to ensure unavoidable progress, and actions will be guided by what is necessary for the benefit of the public rather than merely by personal intentions. The Tatmadaw has continued to firmly follow the path of the Nationwide Ceasefire Agreement (NCA). To further promote the peace process, 2022 was designated as the Year of Peace. Meetings and negotiations were held a total of 149 times, including 89 meetings with ethnic armed organizations that have signed the NCA, 25 meetings with ethnic armed organizations that have not yet signed the NCA, 22 meetings with political parties, and 13 meetings with peace facilitators.

During these discussions, the demands of ethnic armed organizations, matters relating to amendments to the 2008 Constitution, and issues genuinely necessary and appropriate for the regions and the country were thoroughly discussed. The points agreed upon will be presented and deliberated in the upcoming parliament, and further actions will be carried out in accordance with Hluttaw decisions.

Regarding constitutions, countries around the world are also undertaking amendments. The current constitution was initially drafted based on the National Convention in 1991, and there may be aspects that need to be revised to align with modern systems. A constitution that is strong and well-established provides greater benefits; therefore, when drafting laws, it is necessary to take a long-term perspective and consider all aspects carefully. This principle is also important when drafting other key laws.

Regarding peace, efforts were made to create a national-level platform in which all sectors of society could participate in the peace process. Peace dialogues and peace forums were organized to develop strategies that support peace and to engage youth across the country in peacebuilding activities. The discussions and recommendations emerging from these forums are expected to provide significant support for advancing peace and constitutional amendments. By increasing youth participation in national affairs, the future of the country can be further strengthened and improved.

During the tenure of our government, efforts were also made to strengthen the media sector as an important civil society institution.Support was provided not only to state-owned media but also to other media outlets to upgrade their capacity, including technical and other forms of assistance, in order to promote overall development. Moreover, support and assistance were provided to individuals and groups in the film, music, and performing arts sectors, including journalists, who faced difficulties due to the COVID-19 pandemic and other challenges, ensuring they received the help needed to continue their work.

Artistes also contributed to ensuring the successful conduct of the recently held multi-party democratic general election. During its tenure, the government recognized and honoured artistes from various fields who actively worked to preserve and sustain Myanmar's traditional culture and arts over the long term. These artistes were awarded honorary titles and medals in acknowledgment of their contributions. The government's support and recognition of artists and other civil society organizations were aimed at strengthening these sectors. From a political perspective, the government also reviewed and assessed its own actions, drawing lessons to guide preparations and improvements for future administrations.

**Efforts undertaken to enhance agriculture-based manufacturing industries and MSMEs for national economic development**

Regarding the economic sector, as our country primarily pursues an economy based on agriculture and livestock farming, it is necessary to work towards national economic development based on agro-based production industries. Approximately 70 percent of our country's population resides in rural areas, with over 50 percent engaged in the agricultural and fisheries sector. Even among the 30 percent urban population, many are economically connected to this sector. To develop agro-based industries, it is essential to first advance the agricultural and livestock sectors. Our regional neighbouring countries also primarily focus on the agricultural and livestock production sector while also developing industries. Therefore, it is necessary to produce value-added products from agricultural and livestock enterprises to generate export earnings.

To achieve the per-acre production targets in agriculture, human resources skilled in agricultural and livestock knowledge and techniques, as well as necessary inputs, are required. Hence, we have been opening and conducting education at industrial, agricultural, and livestock science schools. Similarly, basic industrial, agricultural, and livestock knowledge is being taught in basic education high schools. In the coming academic year, it will also be included at the middle school level to strengthen this sector, which supports the nation's primary economy and development. Industrial, agricultural, and livestock-focused basic education high schools are also being opened and operated at the district level.

Even in developed countries, the agriculture and livestock sector remains crucial, and we can see that high-level products are produced based on this sector. In our country, the output of agricultural and livestock products is lower compared to other countries, resulting in fewer exports. This low export volume leads to lower foreign exchange earnings. To increase exports, we must work towards the development of agriculture-based production industries. Subsequently, it is necessary to increase the production of high-level products. Only then will our country's GDP grow.

During the two terms of the previous democratic governments, the trade deficit was approximately US$-25 billion. Taking this as a lesson, we need to enhance production industries to increase exports. If we continue with business as usual without striving for improvement, we will not be able to achieve the goal of poverty reduction. Only when every citizen genuinely works will individual incomes rise, leading to an increase in national revenue. Only when there are agricultural and livestock industries suited to the population of each region can regional food self-sufficiency be achieved, and the prices of basic consumer goods will remain at reasonable levels. High prices in some regions are due to mismatches between regional demand and production capacity, as well as high production costs. We must also work to develop livestock industries using animal feed produced from locally grown agricultural products.

With the aim of promoting production, substituting imports, and developing the national economy, we have encouraged the development of Micro, Small, and Medium Enterprises (MSMEs). Even developed countries around the world operate MSMEs. The development of MSMEs will increase domestic products and can significantly substitute for imports. Currently, with government encouragement, MSMEs are achieving unprecedented development and need to continue progressing. I would like to urge that MSMEs be further encouraged and developed in each region and state. The electricity demand for MSMEs can be addressed by providing solar power. The state is also doing its utmost to fulfill these needs. In agro-based industries, MSME production enterprises are indispensable. As MSMEs can greatly contribute to the development of the national economy, it is necessary to find ways to overcome challenges and achieve success.

**Efforts undertaken to improve transportation and communication links**

Regarding transportation, I have placed greater emphasis on the public transportation system. Developing countries are also working to improve public transport, including railways, to a greater extent. During our government's tenure, we have been working to ensure more convenient and smoother travel for the public and to facilitate the easy and swift flow of goods. This included upgrading railway lines and expanding train services. Similarly, the upgrading of the Yangon-Mandalay railway line was continued during our government's term using the state budget. As a result, train services have improved significantly, and trains can now run at speeds of up to 100 kilometers per hour. Furthermore, to boost tourism, trade, and investment through international flight routes, we were able to carry out upgrading works for airports in Pathein, Lashio, Kengtung, Tachilek, Monghsat, NyaungU, Dawei, and Myeik.

When we began assuming state responsibilities, we advocated for the use of electric vehicles (EVs) and also made plans for operating electric trains. During the current international political tensions causing fuel difficulties in our country, similar to many nations worldwide, the role of electric-powered transportation vehicles is evidently increasing. Due to fuel challenges, we are seeking ways, as other countries do, to reduce fuel consumption as much as possible. Responsible officials need to supervise systematically, and I also urge the public to cooperatively participate in these efforts.

**Regarding the advancement of the education sector**

He stated that education is an indispensable foundation for nation-building, and a better, more stable living system can be established through education. He noted that while the government is enhancing the education sector, efforts are also being made to improve the physical appearance of universities and basic education schools, as well as to fulfill requirements for libraries, research departments, sports halls, infrastructure, and teaching and learning aids. He added that just as the state provides these resources, respective universities, colleges, and schools must also systematically maintain them.

He also stated that as the present age is the era of technology, the quality of technological and computer universities has been enhanced. He noted that Naypyitaw State Academy and Naypyitaw State Polytechnic University were successfully opened in Nay Pyi Taw, and Polytechnic Universities were also established in four regions and states. Furthermore, he added that plans are being implemented to continue expanding and opening additional institutions.

Then, he stated that looking back at the country's successive historical periods, many weaknesses regarding education can be observed. He noted that

See Page - 19►►

## မျက်မှောက်ကာလ အရှေ့အလယ်ပိုင်းရေးရာ

နိုင်အောင်စုစည်းသည်

# အစ္စရေးနှင့်အမေရိကန်အခြေစိုက်စခန်းများကို လိုအပ်သည့်အချိန်အထိ ဒုံးကျည်များဖြင့် ဆက်လက်တိုက်ခိုက်ရန်အသင့်ရှိဟုအီရန်ပြော



အီရန်နိုင်ငံအနေဖြင့် အစ္စရေးနှင့် အနောက်အာရှဒေသရှိ အမေရိကန် အခြေစိုက်စခန်းများကို လိုအပ်သည့် အချိန်အထိ ဒုံးကျည်များဖြင့် ဆက်လက်တိုက်ခိုက်သွားရန် အသင့်ရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ဆေးယက် အာဘတ်အာရတ်ချီက မတ်လ ၁၀ ရက်တွင် ပြောကြားလိုက်သည်။

အမေရိကန်နှင့်အစ္စရေးတို့က လက်ရှိလုပ်ဆောင်နေသည့် အီရန်ဒုံးကျည်စက်ရုံများအပေါ် တိုက်ခိုက်မှုများသည် အီရန်နိုင်ငံ၏ လက်တုံ့ပြန်တိုက်ခိုက်မှုများကို ရပ်တန့်နိုင်ခြင်းမရှိကြောင်းနှင့် အီရန်က လိုအပ်သည့်အချိန်အထိ အစ္စရေးနှင့် အမေရိကန်တို့အား ဆက်လက်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း အာရတ်ချီက အမေရိကန်သတင်းဌာနတစ်ခုဖြစ်သည့် PBS News နှင့်လုပ်ဆောင်သည့် တွေ့ဆုံမေးမြန်းခန်းတစ်ခု၌ပြောကြားခြင်းဖြစ်သည်။

ထို့ပြင် အမေရိကန်နှင့်အစ္စရေးတို့တွင် လက်တွေ့ကျသော စစ်ပွဲအဆုံးသတ်ဗျူဟာမရှိကြောင်း၊ ယင်းနိုင်ငံများသည် အီရန်နိုင်ငံ၏လူနေရပ်ကွက်များ၊ ဆေးရုံများ၊ စာသင်ကျောင်းများနှင့် အခြေခံအဆောက်အဦများအပေါ် ပစ်မှတ်ထားနေခြင်းမှာ အလွန်အန္တရာယ်များသောလုပ်ရပ်ဖြစ်ကြောင်း အာရတ်ချီက ထပ်လောင်းပြောကြားထားသည်။

ထို့ကြောင့် အမေရိကန်နှင့်ပြန်လည်ဆွေးနွေးညှိနှိုင်းရန်မှာ ရွေးချယ်စရာနည်းလမ်းမဟုတ်ကြောင်း၊ ကမ္ဘာ့စွမ်းအင်ဈေးနှုန်းမြင့်တက်လာခြင်းမှာ အီရန်အပေါ် အမေရိကန်နှင့်အစ္စရေးတို့၏ ကျူးကျော်မှုကြောင့် ဒေသတွင်းရေနံထုတ်လုပ်မှုနှင့် သယ်ယူပို့ဆောင်မှုများ နှေးကွေးခြင်း သို့မဟုတ် ရပ်တန့်သွားခြင်းကြောင့်ဖြစ်ကြောင်း၊ အီရန်အနေဖြင့် ဟော်မုဇ်ရေလက်ကြားကို ပိတ်ဆို့ထားခြင်းမရှိသည့်အပြင် သင်္ဘောများဖြတ်သန်းသွားလာမှုကိုလည်း တားဆီးနေခြင်းမရှိကြောင်း အာရတ်ချီက တုံ့ပြန်ပြောကြားထားသည်။

Ref: RT, Xinhua

# အပေးအယူလုပ်ဆောင်ခြင်းမပြုပါက အီရန်ခေါင်းဆောင်သစ်အားလုပ်ကြံသတ်ဖြတ်ရန် ထောက်ခံမည်ဟုအမေရိကန်ပြော

နယူးယောက်၊ နိုင်ငံရေး

မကြာသေးမီက ရွေးချယ်တင်မြှောက်ခြင်းခံထားရသည့် အီရန်ခေါင်းဆောင်သစ် မော့ဂျ်တာဘာခါမေနီအနေဖြင့် အမေရိကန်အစိုးရနှင့် အပေးအယူလုပ်ဆောင်ခြင်း မရှိပါက ၎င်းအားလုပ်ကြံသတ်ဖြတ်မည့် အစီအစဉ်အား အမေရိကန်က ထောက်ခံမည်ဖြစ်ကြောင်း Wall Street Journal က ဖော်ပြခဲ့ကြောင်းသိရသည်။

အကယ်၍ အီရန်ခေါင်းဆောင်သစ် မော့ဂျ်တာဘာခါမေနီအနေဖြင့် အမေရိကန်အစိုးရအား အလျှော့ပေးရန်အသင့်မဖြစ်သေးပါက ၎င်းအားဖယ်ရှားရှင်းလင်းမည့် အစီအစဉ်ကိုထောက်ခံမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၎င်း၏အကြံပေးများကို ပြောကြားထားခြင်းဖြစ်သည်။

အထူးသဖြင့် ခေါင်းဆောင်သစ်လက်ထက်တွင် အီရန်အစိုးရအနေဖြင့် ၎င်းတို့၏ နျူကလီးယားအစီအစဉ်ကို စွန့်လွှတ်စေရန် ဒေါ်နယ်ထရမ့်က ဆန္ဒဖြစ်ပေါ်နေခြင်းဖြစ်သည်။

သို့သော် မော့ဂျ်တာဘာ ခါမေနီသည် အမေရိကန်နှင့်စေ့စပ်ဆွေးနွေး၍ အပေးအယူလုပ်ဆောင်ရန် ဆန္ဒရှိနေသူမဟုတ်ဟု ယူဆခြင်းခံထားရသည်။

တစ်ချိန်တည်းမှာပင် အမေရိကန်အစိုးရက မော့ဂျ်တာဘာခါမေနီကို သဘောထားတင်းမာသည့် နိုင်ငံရေးသမားတစ်ဦးအဖြစ် ရှုမြင်ထားပြီး ၎င်းအနေဖြင့် အီရန်၏နျူကလီးယားလက်နက်ပိုင်ဆိုင်ရန်ကြိုးပမ်းမှုကိုစွန့်လွှတ်မည် သို့မဟုတ် အမေရိကန်အစိုးရ၏ စည်းကမ်းသတ်မှတ်ချက်များဖြင့် ဆွေးနွေးညှိနှိုင်းမည်ဟု မျှော်လင့်ထားခြင်းမရှိဟု ဂျာနယ်တွင်ရေးသားဖော်ပြထားသည်။

သတင်းရင်းမြစ်များ၏ အဆိုအရ မော့ဂျ်တာဘာခါမေနီကို ဖယ်ရှားမည့် စစ်ဆင်ရေးကို အစ္စရေးနိုင်ငံကဆောင်ရွက်နိုင်ဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။ ယခင်အီရန်နိုင်ငံ၏အမြင့်ဆုံးခေါင်းဆောင်ဟောင်း အလီခါမေနီနှင့် ၎င်း၏ဇနီးသေဆုံးခဲ့ရသည့် လေကြောင်းတိုက်ခိုက်မှုကိုလည်း အစ္စရေးကပင် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါဂျာနယ်တွင် ဆက်လက်ဖော်ပြထားကြောင်း သိရသည်။

Ref: Ta



# နိုင်ငံ၏ဝေဟင်ပိုင်နက်ကိုအကာအကွယ်ပေးရန်အတွက် နေတိုး၏လေကြောင်းရန် ကာကွယ်ရေးစနစ်အား နိုင်ငံအရှေ့ပိုင်း၌ တူကီယဲဖြန့်ချ

အန်ကာရာ၊ ကာကွယ်ရေး

တူကီယဲအစိုးရသည် နိုင်ငံ၏ဝေဟင်ပိုင်နက်ကို အကာအကွယ်ပေးရန်အတွက် နေတိုးအဖွဲ့၏ ပက်ထရီယော့လေကြောင်းရန်ကာကွယ်ရေးစနစ်အား နိုင်ငံအရှေ့ပိုင်း မာလာတယာခရိုင်တွင် တပ်ဖြန့်ချထားပြီး စစ်ဆင်ရေးအသင့်ဖြစ်စေရန် ပြင်ဆင်နေကြောင်း တူကီယဲကာကွယ်ရေးဝန်ကြီးဌာနက မတ်လ ၁၀ ရက်တွင် ပြောကြားသည်။

အဆိုပါလေကြောင်းကာကွယ်ရေးစနစ်ဖြန့်ချမှုနှင့်စပ်လျဉ်း၍ နေတိုးအဖွဲ့အနေဖြင့် မိမိတို့၏အမျိုးသားကာကွယ်ရေးအစီအမံများကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးအစီအမံများကို ဖြန့်ချ၍ အားဖြည့်ပေးခဲ့ကြောင်းတူကီယဲကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုထားသည်။

ထို့ပြင် တူကီယဲနိုင်ငံအနေဖြင့် နေတိုးအဖွဲ့ဝင်နိုင်ငံများ၊ မဟာမိတ်နိုင်ငံများနှင့်အတူ အခြေအနေအရပ်ရပ်ကို ဆက်လက်ညှိနှိုင်းသွားမည်ဖြစ်ပြီး ဒေသတွင်းငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးအတွက် ကတိကဝတ်ပြုထားကြောင်း တူကီယဲကာကွယ်ရေးဝန်ကြီးဌာနက ထပ်လောင်းပြောကြားသည်။

အီရန်နိုင်ငံမှ ပစ်ခတ်လိုက်သော ဒုံးကျည်တစ်စင်းသည် တူကီယဲနိုင်ငံအရှေ့တောင်ပိုင်း ဂါဇီယန်တက်ခရိုင်အတွင်း၌ မတ်လ ၉ ရက်က ကြားဖြတ်ပစ်ချခံခဲ့ရပြီးနောက် ယခုကဲ့သို့ စစ်ရေးအရ တုံ့ပြန်မှုများ ထွက်ပေါ်လာခြင်းဖြစ်ကြောင်းသိရသည်။

Ref: Xinhua

# ဟော်မုဇ်ရေလက်ကြားမှတစ်ဆင့် ရေနံစီးဆင်းမှုကိုနှောင့်ယှက်ဟန့်တားပါက အီရန်အား အဆ ၂၀ ခန့်အထိ တိုးမြှင့်တိုက်ခိုက်မည်ဟုထရမ့်ပြော



အီရန်နိုင်ငံအနေဖြင့် ဟော်မုဇ်ရေလက်ကြားမှတစ်ဆင့် ရေနံစီးဆင်းမှုကို နှောင့်ယှက်ဟန့်တားမည်ဆိုပါက အမေရိကန်က အီရန်အပေါ် တိုက်ခိုက်မှုအဆ ၂၀ ခန့်အထိ တိုးမြှင့်သွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က သတိပေးလိုက်ကြောင်းသိရသည်။

အကယ်၍ အီရန်နိုင်ငံက ဟော်မုဇ်ရေလက်ကြားအတွင်းရှိ ရေနံစီးဆင်းမှုကို ရပ်တန့်စေမည့် လုပ်ဆောင်ချက်တစ်ရပ်ရပ်ကိုလုပ်ဆောင်လာမည်ဆိုပါက လက်ရှိတိုက်ခိုက်မှုပမာဏထက် အဆ ၂၀ ပိုမိုပြင်းထန်သည့် တိုက်ခိုက်မှုနှင့်ကြုံတွေ့ရမည်ဖြစ်ကြောင်း ထရမ့်က ၎င်း၏လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြသည်။

ထို့ပြင် အမေရိကန်အနေဖြင့် အီရန်နိုင်ငံအား နောင်တစ်ချိန်တွင် ပြန်လည်တည်ဆောက်ရန် လုံးဝမဖြစ်နိုင်တော့သည့်အခြေအနေသို့ရောက်ရှိသွားစေမည့် အခြေအနေသို့ ရောက်ရှိစေရန်အတွက် အလွယ်တကူဖျက်ဆီးနိုင်သောပစ်မှတ်များကို တိုက်ခိုက်ချေမှုန်းသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ရေးသား၍ သတိပေးထားသည်။

သို့သော် အမေရိကန်အနေဖြင့် ထိုသို့သောအခြေအနေမျိုးအထိဖြစ်လာခြင်း မရှိစေရန် မျှော်လင့်ထားကြောင်း ထရမ့်က ဆက်လက်ပြောကြားထားကြောင်းသိရသည်။

အမေရိကန်နှင့် အစ္စရေးတို့သည် ဖေဖော်ဝါရီလ ၂၈ ရက်တွင် အီရန်နိုင်ငံအပေါ်စစ်ဆင်ရေးစတင်ခဲ့ပြီး တီဟီရန်မြို့တော်အပါအဝင် အီရန်မြို့ကြီးများအပေါ်လေကြောင်းမှ တိုက်ခိုက်ခဲ့သည်။

အဆိုပါတိုက်ခိုက်မှုများကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးနိုင်ငံအတွင်းရှိ ပစ်မှတ်များကိုပြန်လည်တိုက်ခိုက်လျက်ရှိသည်ဟု အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့က ကြေညာခဲ့သည်။ ထို့ပြင် ဘာရိန်း၊ ဂျော်ဒန်၊ ကူဝိတ်၊ ကာတာ၊ ဆော်ဒီအာရေဗျနှင့် အာရပ်စော်ဘွားများပြည်ထောင်စု စသည့်နိုင်ငံများရှိအမေရိကန်စစ်အခြေစိုက်စခန်းများကိုလည်း အီရန်က နောက်ပိုင်းတွင် ဆက်လက်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အရှေ့အလယ်ပိုင်းတွင် ပဋိပက္ခများ အရှိန်မြင့်တက်လာချိန်တွင် ကမ္ဘာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ထောက်ပံ့မှု ၂၀ ရာခိုင်နှုန်းခန့် စီးဆင်းရာလမ်းကြောင်းဖြစ်သော ဟော်မုဇ်ရေလက်ကြားရှိ ရေကြောင်းသွားလာမှုမှာ လက်ရှိတွင်ရပ်တန့်လုနီးပါးဖြစ်လျက်ရှိကြောင်းသိရသည်။

Ref: Ta

# ပူတင်နှင့် ထရမ့်တို့အကြားဆွေးနွေးမှုက အီရန်ပဋိပက္ခကိုရပ်တန့်ရန် အထောက်အကူဖြစ်လာနိုင်ဟု ပါလက်စတိုင်းသံအမတ်ပြော





မော်စကို၊ နိုင်ငံရေး

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့အကြား လုပ်ဆောင်ခဲ့သည့် တယ်လီဖုန်းမှ တစ်ဆင့်ဆွေးနွေးမှုသည် အီရန်ပဋိပက္ခကို ရပ်တန့်ရန် အထောက်အကူဖြစ်လာနိုင်ကြောင်း ရုရှားနိုင်ငံဆိုင်ရာ ပါလက်စတိုင်းသံအမတ်ကြီး အက်ဒယ်ဟာဖစ်နိုဖဲက ရုရှားသတင်းဌာနကြီးတစ်ခုသို့ ပြောကြားခဲ့ကြောင်း သိရသည်။

သမ္မတပူတင်နှင့် ထရမ့်တို့နှစ်ဦးသည် မတ်လ ၉ ရက်တွင် တယ်လီဖုန်းမှတစ်ဆင့် ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး ၎င်းတို့၏ဆွေးနွေးမှုများသည် အီရန်နိုင်ငံနှင့်ဖြစ်ပွားနေသည့် စစ်ပွဲကို ရပ်တန့်စေရန်အတွက် အထောက်အကူဖြစ်နိုင်မည်ဟု မျှော်လင့်ကြောင်းနှင့် အမေရိကန်အစိုးရအနေဖြင့်လည်း အီရန်အပေါ် တိုက်ခိုက်မှုများကို အဆုံးသတ်သင့်ကြောင်း ပါလက်စတိုင်းသံအမတ်ကြီး နိုဖဲကဆက်လက်ပြောကြားသည်။

ထို့ပြင် နိုဖဲ၏ပြောကြားချက်အရ အီရန်အပေါ် လုပ်ဆောင်နေသည့်တိုက်ခိုက်မှုများ ပြီးဆုံးသွားပါက ရုရှား၊ တရုတ်နှင့် အခြားနိုင်ငံများ၏ အကူအညီဖြင့် ဖြေရှင်းချက်တစ်ခုရရှိရန် ညှိနှိုင်းဆွေးနွေးနိုင်မည်ဖြစ်ကြောင်းသိရသည်။ **Ref: Ta**

# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအား အီရန်သို့ အဇာဘိုင်ဂျန်ပေးပို့



ဘာကူး၊ အကူအညီ

အဇာဘိုင်ဂျန်နိုင်ငံသည် အီရန်နိုင်ငံသို့ အစားအသောက်နှင့်ဆေးဝါးပစ္စည်းများ ပါဝင်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများကိုပေးပို့လိုက်ကြောင်း Azertac သတင်းဌာနက မတ်လ ၁၀ ရက်တွင် ဖော်ပြသည်။

အဇာဘိုင်ဂျန်သမ္မတ အီဟမ်အာလီယက်ဗ်၏ ညွှန်ကြားချက်အရ အီရန်နိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဝန်ကြီးဌာန၏ ယာဉ်တန်းဖြင့် ပေးပို့ခြင်းဖြစ်ပြီး အစားအသောက်တန် ၃၀ ခန့်ပါဝင်ကြောင်း အဇာဘိုင်ဂျန်နိုင်ငံ အရန်ပစ္စည်းများဆိုင်ရာအေဂျင်စီ၏ အရန်ပစ္စည်းများထိန်းချုပ်ရေးဌာန ညွှန်ကြားရေးမှူး အမ်မီလ်ဟာဆန်ဇာဒေ့၏ပြောကြားချက်ကိုကိုးကား၍ သတင်းဌာနကဖော်ပြထားသည်။


အဇာဘိုင်ဂျန်က အီရန်နိုင်ငံသို့ပေးပို့သည့် အကူအညီပေးအပ်မှုသည် မတ်လ ၈ ရက်တွင် အဇာဘိုင်ဂျန်သမ္မတ အီဟမ်အာလီယက်ဗ်နှင့် အီရန်သမ္မတတို့အကြား တယ်လီဖုန်းမှတစ်ဆင့်ဆွေးနွေးခဲ့ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

အဆိုပါအကူအညီပေးရေးပစ္စည်းများကို တင်ဆောင်သွားသော ကုန်တင်ယာဉ်များသည် နိုင်ငံအတွင်းမှ ထွက်ခွာသွားပြီဖြစ်ပြီး မကြာမီကာလအတွင်း သတ်မှတ်နေရာသို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ အဆိုပါ အကူအညီပေးရေးပစ္စည်းများတွင် ဂျုံမှုန့် ၁၀ တန်၊ ဆန် ၆ တန်၊ သကြား ၂ ဒသမ ၄ တန်၊ သောက်ရေ ၄ တန်ကျော်၊ လက်ဖက်ခြောက် ၆၀၀ ကီလိုဂရမ်ခန့်နှင့် ဆေးဝါးနှင့်ဆေးဘက်ဆိုင်ရာပစ္စည်း ၂ တန်ခန့် ပါဝင်ကြောင်းသိရသည်။

ထို့ပြင်အဇာဘိုင်ဂျန်သည် အစောပိုင်းက ရပ်ဆိုင်းထားခဲ့သော အီရန်နှင့်နယ်စပ်ဖြတ်ကျော်ကုန်စည်သယ်ယူပို့ဆောင်ရေးကို မတ်လ ၉ ရက်တွင်ပြန်လည်စတင်ခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

**Ref: Iv**

# လောင်စာဆီပြတ်လပ်နေစဉ် အိန္ဒိယနိုင်ငံက ဘင်္ဂလားဒေ့ရှ်သို့ ဒီဇယ်ဆီများထောက်ပံ့ပေးမည်



ဒါကာ၊ စွမ်းအင်

အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားနေသည့် ပဋိပက္ခကြောင့် လောင်စာဆီပြတ်လပ်မှုများဖြစ်ပွားနေစဉ် အိန္ဒိယနိုင်ငံက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဒီဇယ်ဆီများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်များအရသိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လက်ရှိတွင် စွမ်းအင်အကျပ်အတည်းနှင့် ရင်ဆိုင်နေရသောကြောင့် အိန္ဒိယနိုင်ငံအနေဖြင့် ပါဘာတီပူရနယ်စပ်ရှိ ပိုက်လိုင်းမှတစ်ဆင့် ဒီဇယ်တန်ချိန် ၅၀၀၀ ကို ပေးပို့မည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်ရေနံကော်ပိုရေးရှင်းဥက္ကဋ္ဌ မိုဟာမက် ရီဇာနူရာမန်၏ ပြောကြားချက်ကို ကိုးကား၍ ANI သတင်းဌာနက ဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိန္ဒိယနှင့် သဘောတူညီချက်ချမှတ်ထားကြောင်း၊ အဆိုပါသဘောတူညီချက်အရ အိန္ဒိယနိုင်ငံက တစ်နှစ်လျှင် ဒီဇယ်တန်ချိန် ၁၈၀၀၀၀ ကို ပိုက်လိုင်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပေးပို့မည်ဖြစ်ကြောင်း ရာမန်ကပြောကြားထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၎င်းတို့နိုင်ငံအတွက်လိုအပ်သော ရေနံနှင့် သဘာဝဓာတ်ငွေ့ ၉၅ ရာခိုင်နှုန်းကို ပြည်ပမှ တင်သွင်းနေရခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၂၀၂၄ ခုနှစ် အုံကြွမှုအပြီး ဝန်ကြီးချုပ်ဟောင်း ရှိတ်ဟာဆီနာက အိန္ဒိယနိုင်ငံသို့ထွက်ပြေးသွားခဲ့ခြင်းကြောင့်တင်းမာခဲ့သော နှစ်နိုင်ငံဆက်ဆံရေးသည် ယခုနှစ်ဖေဖော်ဝါရီလတွင် တာရစ်ရာမန်အစိုးရအာဏာရလာပြီးနောက်ပိုင်း ပြန်လည်ကောင်းမွန်လာခဲ့ကြောင်း သိရသည်။ **Ref: RT**

# အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ လုပ်ငန်းခွင်တစ်ခုတွင် မြေကျင်းရုတ်တရက်ပြိုကျ၊ ခုနစ်ဦးသေဆုံး



နယူးဒေလီ၊ မတော်တဆမှု

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဟာယာနာပြည်နယ်ရှိ ပုဂ္ဂလိကဆောက်လုပ်ရေး လုပ်ငန်းခွင်တစ်ခုတွင် မြေကျင်းရုတ်တရက်ပြိုကျမှုကြောင့် အနည်းဆုံး လူခုနစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းရဲတပ်ဖွဲ့က မတ်လ ၁၀ ရက်တွင် အတည်ပြုပြောကြားသည်။

အဆိုပါမတော်တဆမှုသည် ဂုရုဂရမ်ခရိုင်ရှိ ဆောက်လုပ်ဆဲအိမ်ရာစီမံကိန်းတစ်ခုတွင် မတ်လ ၉ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထိခိုက်သေဆုံးသူအားလုံးမှာ အဆိုပါလုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နေသော အလုပ်သမားများဖြစ်ကြောင်း သိရသည်။

**Ref: Xinhua**

# ဂျပန်နိုင်ငံအလယ်ပိုင်းရှိ စက္ကူစက်ရုံတစ်ခုတွင် ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွား

တိုကျို၊ မတော်တဆမှု

ဂျပန်နိုင်ငံအလယ်ပိုင်းရှိ စက္ကူစက်ရုံတစ်ခုတွင် မတ်လ ၁၀ ရက်က ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားခြင်းကြောင့် အလုပ်သမားခြောက်ဦးဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့အနက် နှစ်ဦးမှာ စိုးရိမ်ရသည့်အခြေအနေတွင်ရှိကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြသည်။

အဆိုပါဖြစ်စဉ်သည် ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၅၀ တွင် ဂီဖူခရိုင် ကာနီမြို့ရှိ Daio Paper Corp. စက်ရုံ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထို့နောက် ယင်းစက်ရုံမှအမျိုးသားနှစ်ဦးသည် အမျိုးအမည်မသိရသော ဓာတ်ငွေ့တစ်ခုကို ရှူရှိုက်မိပြီး အသက်ရှူရခက်ခဲခြင်းများကို ခံစားနေရကြောင်း Kyodo News ၏ ဖော်ပြချက်အရသိရသည်။

တာဝန်ရှိသူများသည် အသက် ၂၀ မှ ၆၀ ဝန်းကျင်ရှိ ဒဏ်ရာရအလုပ်သမား ခြောက်ဦးကို ဆေးရုံသို့ပို့ဆောင်ပေးခဲ့ပြီး ကျန်လေးဦးမှာမူ ဒဏ်ရာအနည်းငယ်သာရရှိခဲ့သည်ဟုယူဆရကြောင်း သတင်းတွင် ဖော်ပြထားသည်။


အဆိုပါစက္ကူစက်ရုံသည် ရေအိမ်သုံးစက္ကူကဲ့သို့သောထုတ်ကုန်များကို ထုတ်လုပ်ပြီး ကန်ထရိုက်တာများအပါအဝင် အလုပ်သမားပေါင်း ၁၀၀၀ ခန့် လုပ်ကိုင်နေသည့်နေရာတစ်ခုဖြစ်ကြောင်း တာဝန်ရှိသူများ၏ထုတ်ပြန်ချက်အရသိရသည်။

**Ref: Xinhua**

# ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများနှင့် ပေါင်းဘောင်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကွင်းဆင်းစစ်ဆေး

နေပြည်တော် မတ် ၁၀

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီး ပင်လောင်းလမ်းဆုံနှင့် ကျောက်ချက်ကျေးရွာအထိ ရေကြီးရေလျှံမှုလျော့နည်းသက်သာစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းများတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အမှိုက်များရှင်းလင်းရေး၊ ရေမြောင်းများ သတ်မှတ်အတိုင်းအတာအတိုင်း တူးဖော်ရေးနှင့် Box Culvert များ စနစ်တကျ



ဆောင်ရွက်ရေးမှာကြားသည်။

ထို့နောက် ပျဉ်းမနားမြို့ရှောင်လမ်းမကြီး လမ်းဘေးဝဲ/ယာသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းလယ်ကျွန်းမြက်ခင်းပြင်များစိမ်းလန်းစိုပြည်ရေးမှာကြားသည်။

ယင်းနောက် ပေါင်းဘောင်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ဥပ္ပါတသန္တိစေတီရင်ပြင်တော်နှင့် ပရိဝုဏ်ပြန်လည်ပြုပြင်နေမှု၊ မူလရင်ပြင်တော်ကြမ်းခင်း တူးထုတ်ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ရေရှည်ခိုင်ခံ့အောင် ဆောင်ရွက်ရေး၊ နည်းပညာပိုင်းဆိုင်ရာ ပြုပြင်မွမ်းမံရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရေး မှာကြားကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်

နေပြည်တော် မတ် ၁၀

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ **(မိုး/ဇလ)**

# စစ်တွေမြို့အတွင်းရှိ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့်စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ထားရှိမှုများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၀

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်အတွင်းရှိ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့်စာစစ်ဌာနများတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက စာစစ်ဌာနများဖြစ်သည့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတို့၌ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအတွက် ကျောင်းတွင်း၊ ကျောင်းပြင် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိမှုများနှင့် ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကို ရခိုင်ပြည်နယ်အတွင်း စစ်တွေ၊ ကျောက်ဖြူနှင့် မာန်အောင်မြို့တို့တွင် စာစစ်ဌာန ၁၁ ခုဖြင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၈၁၀ ဦး စာမေးပွဲဖြေဆိုကြမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများနှင့် စာမေးပွဲကြီးကြပ် ဆရာ၊ ဆရာမများ သက်ဆိုင်ရာစာစစ်ဌာနကျောင်းများသို့ သွားရောက်ရာတွင် သွားလာမှုအဆင်ပြေစေရန်အတွက် ပြည်နယ်အစိုးရအဖွဲ့မှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးတို့ စစ်တွေမြို့အတွင်းရှိ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးစဉ်။

# ကျိုင်းတုံမြို့နယ်အတွင်းရှိ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာစစ်ဌာနများကြိုတင်ပြင်ဆင်ထားရှိမှုများအား ကြည့်ရှုစစ်ဆေး



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ကျိုင်းတုံမြို့နယ်အတွင်းရှိ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် မတ် ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်အတွင်းရှိ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာစစ်ဌာနများ၌ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှုများအား ယနေ့မွန်းလွဲပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ကျိုင်းတုံမြို့ စာစစ်ဌာနများဖြစ်သည့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းတို့ရှိ စာစစ်ဌာနများသို့သွားရောက်ကာ စာဖြေခန်းများ၊ စာဖြေခုံများပြင်ဆင်ထားရှိမှု၊ စာဖြေခန်းများအလင်းရောင်ကောင်းစွာရရှိရေး ဆောင်ရွက်ထားရှိမှု၊ ကျောင်းဝင်းအတွင်း/အပြင် လုံခြုံရေးနှင့် မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ကျိုင်းတုံမြို့နယ်၌ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအား ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၂၀၄ ဦး ဝင်ရောက်ဖြေဆိုသွားမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် စာစစ်ဌာနတိုင်း၌ ကျန်းမာရေးဆေးအကာအကွယ်အဖွဲ့များထားရှိရေး၊ စာမေးပွဲမေးခွန်းနှင့် အဖြေလွှာများထားရှိစဉ်နှင့်သယ်ဆောင်စဉ် လုံခြုံမှုရှိစေရေး၊ စာမေးပွဲကာလအတွင်း မော်တော်ယာဉ်များသုံးစွဲမှု အဆင်ပြေစေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းမှုရှိစေရေးတို့အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**



# အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသောကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ



နေပြည်တော်  မတ် ၁၀

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအမျိုးသားကော်မတီ၏အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသောကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသောကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်တွင် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအမျိုးသားကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ် ၀၁၅/၂၀၂၆ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ လုပ်ငန်းဆပ်ကော်မတီ ၁၅ ခုကိုလည်း နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ကြောင်း။

နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် ကလေးလုပ်သားစသည့် စစ်တမ်းအစီရင်ခံစာအရ တိုင်းဒေသကြီး/ပြည်နယ်တို့မှ အန္တရာယ်ရှိသောလုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်လျက်ရှိသော ကလေးအလုပ်သမားများကို တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းရုံးများမှ လူမှုဖြစ်ရပ်စီမံခန့်ခွဲသူများက လူမှုဖြစ်ရပ်စီမံခန့်ခွဲမှုနည်းလမ်းများနှင့်အညီ ကွင်းဆင်းစိစစ်၍ လိုအပ်သည့်ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လုပ်ငန်းကော်မတီ၏ နှစ်စဉ်အစီရင်ခံစာ၊ လစဉ်အစီရင်ခံစာများကို မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအမျိုးသားကော်မတီသို့ ပုံမှန်ပေးပို့တင်ပြလျက်ရှိကြောင်း၊ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအမျိုးသားအဆင့် ဒုတိယငါးနှစ်လုပ်ငန်းစီမံချက် (၂၀၂၄-၂၀၂၈) တွင် ပါရှိသောလုပ်ငန်းစဉ်များကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ် လုပ်ငန်းဆောင်ရွက်ချက်များအား တင်ပြဆွေးနွေးပြီး အစည်းအဝေးသို့တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများအား တင်ပြဆွေးနွေးကြကြောင်း သိရသည်။

မြဝတီ

# မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)နှင့် (MRTV Entertainment Channel)တို့မှအများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၆ ခုနှစ်၊ မတ်လ (၂၇)ရက်နေ့တွင် ရောက်ရှိမည့် (၈၁)နှစ်မြောက် **“တပ်မတော်နေ့”**ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် (၁၃-၃-၂၀၂၆)ရက်(သောကြာနေ့)ညတွင် တပ်မတော်ဆိုင်ရာတေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များဖြင့် စုပေါင်း၍ **“ပြည်ချစ်သားမွန် တေးသဝဏ်”** ပွဲစဉ်(၂) တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်-

**(၁၃-၃-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ “ပြည်ချစ်သားမွန် တေးသဝဏ်” ပွဲစဉ်(၂)တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | သပြေပန်းနဲ့စောင့်ကြိုနေ | ဌာနအဆိုရှင် |
| ၂။ | အောင်လံလွှင့်ထူတလူလူ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၃။ | လွမ်းရတဲ့အရသာ | ဌာနအဆိုရှင် |
| ၄။ | အဖေနှင့်သားများ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၅။ | ဦးဝိစာရလမ်းပေါ်ကစံပယ်ကုံးလေး | ပြင်ပအဆိုရှင် |
| ၆။ | ရဲရဲတက်ရဲရဲတိုက်ရဲရဲချေမှုန်း | ပြင်ပအဆိုရှင် |
| ၇။ | အိုဘယ့်စစ်သည်သားကောင်းပီ | ပြင်ပအဆိုရှင် |
| ၈။ | သူရဲကောင်းအမိပွာယ်များ | ပြင်ပအဆိုရှင် |
| ၉။ | ပြည်ထောင်စုရဲ့သူရဲကောင်း | ပြင်ပအဆိုရှင် |
| ၁၀။ | သံမဏိစိတ်ဓာတ် | ပြင်ပအဆိုရှင် |

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၈˚C | / | ၃၈˚C |
| ရန်ကုန် | ၁၉˚C | / | ၃၈˚C |
| မန္တလေး | ၂၀˚C | / | ၄၀˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ၂၀၂၆ ခုနှစ် မတ်လ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော်  မတ် ၁၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ၄ ရက်မှ ၅ ရက်ခန့်၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ၂ ရက်မှ ၃ ရက်ခန့်နှင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ၁ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မတ်လပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့် အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မတ်လပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြူအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ၅ ရက်မှ ၇ ရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း) တို့တွင် ၂ ရက်မှ ၄ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ၁ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် ၃ ပေမှ ၄ ပေခန့်၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၁ ပေမှ ၂ ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် ပေဝက်မှ ၂ ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၃ လက်မခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ၁ ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၃ လက်မခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၃ လက်မခန့်နှင့် သာပေါင်းမြို့တွင် ပေဝက်ခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၂ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၁ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၃ လက်မခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၂ ပေခန့်စီ၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ပေဝက်ခန့်နှင့် ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင် ၁ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

(မိုး/ဇလ)

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၇၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား ၈ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့ပြီး တရုတ်နိုင်ငံသား ၂၅ ဦးအား အပြစ်ပေးအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၀**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍မြန်မာနိုင်ငံအတွင်းသို့နယ်စပ်လမ်းကြောင်းများမှတရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင်တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၅၅ ဦး၊ ကင်ညာနိုင်ငံသား ငါးဦး၊ ဆီးရီးယားလီယွန်နိုင်ငံသား လေးဦး၊ နီပေါနိုင်ငံသား သုံးဦး၊ ရဝမ်ဒါနိုင်ငံသား နှစ်ဦး၊ ဘူရွန်ဒီနိုင်ငံသား နှစ်ဦး၊ ကွန်ဂိုနိုင်ငံသားတစ်ဦးနှင့် လိုက်ဘေးရီးယားနိုင်ငံသား တစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ၇၃ ဦး တို့အား ယနေ့တွင် မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၈ ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့သည်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများစနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Mr. Le Trung Kien နှင့် တာဝန်ရှိသူများ၊ ကင်ညာနိုင်ငံ၊ ဆီးရီးယားလီယွန်နိုင်ငံ၊ နီပေါနိုင်ငံ၊ ရဝမ်ဒါနိုင်ငံ၊ ဘူရွန်ဒီနိုင်ငံ၊ ကွန်ဂိုနိုင်ငံနှင့် လိုက်ဘေးရီးယားနိုင်ငံသံရုံးတို့မှ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံတာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိဆိုဒ်များအတွင်းသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပါကစ္စတန်နိုင်ငံသားနှစ်ဦး၊ ရဝမ်ဒါနိုင်ငံသား နှစ်ဦး၊ ကင်ညာနိုင်ငံသား နှစ်ဦး၊ နီပေါနိုင်ငံသားတစ်ဦးနှင့် ဘူရွန်ဒီနိုင်ငံသား တစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ရှစ်ဦးကို ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၃၉၃ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၃၃၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၀၅၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

လွှဲပြောင်းရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၀၅၈ ဦးအနက် တရုတ်နိုင်ငံသား ၂၅ ဦးအား မြို့မရဲစခန်း၌ ချုပ်နှောင်ထားရှိပြီး ပြည်ဝင်ခွင့်ဗီဇာစည်းကမ်းဖောက်ဖျက်ခဲ့သည့်အတွက် ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃ (၁)အရ ၇-၃-၂၀၂၆ ရက်နေ့တွင် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ တရားစွဲဆို အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေးအိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၀၀)**



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်စဉ်။

# ထိုင်းနိုင်ငံအတွင်းအွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့ပြီးမြန်မာနိုင်ငံအတွင်းတရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားတစ်ဦးအား မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်အတွင်း ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၀**

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံအတွင်းအွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုံးဝအခြေမပြုနိုင်စေရေးအတွက် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိဌာနဆိုင်ရာပူးပေါင်းအဖွဲ့များသည်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများနှင့်နိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံသားများ တရားမဝင် ဝင်ရောက်နေထိုင်မှု မရှိစေရေးတို့ကို စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ မုပွလင်စစ်ဆေးရေးဂိတ်၌ နယ်မြေလုံခြုံရေးနှင့်စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်နေသော ပူးပေါင်းအဖွဲ့သည် မတ်လ ၉ ရက် နံနက် ၈ နာရီခန့်တွင် မုပွလင်ကျေးရွာအနီးရှိ ရန်ကုန်-မော်လမြိုင်ကားလမ်းအတိုင်း ကျိုက်ထိုမြို့ဘက်မှ သိမ်ဇရပ်မြို့ဘက်သို့ လမ်းလျှောက်လာသောမသင်္ကာဖွယ် တရုတ်နိုင်ငံသားတစ်ဦးအားတွေ့ရှိသဖြင့် ခေါ်ယူစစ်ဆေးရာ ၎င်းမှာ တရုတ်နိုင်ငံ၊ ကျဲ့ကျန်းပြည်နယ်နေ Mr.Jiang Xiaoqiang (ဘ) Mr. Jiang Xingfu၊ အသက် (၄၅)နှစ်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံမှတစ်ဆင့် တရားမဝင်နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသူဖြစ်ကြောင်းတွေ့ရှိရသဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်းသိရှိရသည်။

အဆိုပါ ဖမ်းဆီးရမိ တရုတ်နိုင်ငံသား၏ ပြောကြားချက်အရ ၎င်းသည် တရုတ်နိုင်ငံတွင်နေထိုင်စဉ် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိသော တရုတ်နိုင်ငံသားတစ်ဦးနှင့် ချိတ်ဆက်မိ၍ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအတွင်းက ထိုင်းနိုင်ငံ၊ မဲဆောက်မြို့ (စိစစ်ဆဲ)နေရာသို့ ရောက်ရှိပြီး တစ်လလျှင် ထိုင်းဘတ်ငွေ ၂၀၀၀ ဘတ်ဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခဲ့ရကြောင်း၊ ၎င်းတွင်ပါရှိလာသည့် ပစ္စည်းများ၊ ဖုန်း၊ ပတ်စ်ပို့နှင့်ဗီဇာများကိုလည်း သိမ်းဆည်းထားကြောင်း၊ ထိုသို့လုပ်ကိုင်ရာတွင် နေရာအတည်တကျလုပ်ကိုင်ရခြင်းမရှိဘဲ နေရာ ၅ နေရာခန့် ရွှေ့ပြောင်းလုပ်ကိုင်ခဲ့ရကြောင်း၊ ၂၀၂၆ ခုနှစ် မတ်လအတွင်းတွင် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့မှ သောင်ရင်းမြစ်အား စက်လှေဖြင့် ဖြတ်ကူး၍ မြန်မာနိုင်ငံ၊ မြဝတီမြို့သို့ ရောက်ရှိပြီး အဆောက်အအုံတစ်လုံးအတွင်းနေထိုင်ခဲ့ရကြောင်း၊ ထို့နောက် အဆိုပါနေရာမှ ထွက်ပြေးတိမ်းရှောင်လာခဲ့ပြီး ယခုမုပွလင်စစ်ဆေးရေးဂိတ်အနီးသို့ ရောက်ရှိစဉ် ဖမ်းဆီးထိန်းသိမ်းခံရခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ မြန်မာနိုင်ငံအတွင်း တရားမဝင်နယ်စပ်ဖြတ်ကျော်၍ ဝင်ရောက်လာသော တရုတ်နိုင်ငံသားအား သက်ဆိုင်ရာ၌ ထိန်းသိမ်းထားရှိပြီး မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၃ (၁) အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၀၀)**

## ထူးခြားသည့်နေ့အပူချိန်များ

၁၀-၃-၂၀၂၆

| | | | | |
|---|---|---|---|---|
| မန္တလေး | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၄၀ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၄၀ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး | ၄၀ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| (လေကြောင်းမိုးလေဝသ) | | | | |
| ချောက် | ၄၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| (လွန်ကျော်) | | | | |

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့်အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”**အစီအစဉ်မှ **“အကြမ်းဖက်တွေရဲ့ နွေဦးတော်လှန်ရေးခေါင်းစဉ်အောက်မှာ သာသနာ့ဝန်ထမ်း ဘုရားသားသမီးတွေရဲ့ ဆွမ်းခံခရီးတောင် အန္တရာယ်မကင်းတော့ပြီလား”**ခေါင်းစဉ်ဖြင့် ၁၁-၃-၂၀၂၆ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၈-၃-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“ရွေးကောက်ပွဲပြီးလို့ လွှတ်တော်ပေါ် အာဏာလွှဲဖို့လုပ်နေချိန်မှာ ဘာလုပ်ရမှန်းမသိ ကြောင်ပျောက်နေတဲ့ NUG၊ PDF”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါ အစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့်ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက်၁၀ နာရီ မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၇၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Messageပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# သဲကုန်းမြို့နယ်၌ ကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးနေမှု လက်တွေ့ပြသခြင်းကို ကွင်းဆင်းစစ်ဆေး

သဲကုန်း မတ် ၁၀

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၉၄) စက်မှုလယ်ယာစခန်းမှ ကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးနေမှုလက်တွေ့ပြသခြင်းကို မတ်လ ၁၀ ရက်တွင် သဲကုန်းမြို့နယ် ရွာထောင်ကုန်းကျေးရွာ ဦးပိုင်အမှတ်(၉၆)ကွင်းအမှတ်(၉၁၅) ဇီးကုန်းကွင်း တောင်သူဦးမျိုးသန့်၏ လယ်မြေငါးဧက၌ ဆောင်ရွက်ရာ နတ်တလင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ရွှေ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးယဉ်ထွေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များနှင့် ဒေသခံတောင်သူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထို့နောက် နွေစပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ တောင်သူများအနေဖြင့် စပါးအထွက်နှုန်းကောင်းစေရန်နှင့် သိပ္ပံနည်းကျစိုက်နည်းစနစ်များကို အသုံးပြုတတ်စေရန် တောင်သူ ဦးမျိုးသန့်၏လယ်မြေငါးဧက၌ ရေဆင်းပေါ်ဆန်း(၁)စပါးမျိုးများကို ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမည်ဖြစ်ကြောင်း၊ အဆိုပါကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှုကြောင့် တောင်သူများအနေဖြင့် အလုပ်သမားရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ခြင်း၊ စိုက်ပျိုးခသက်သာခြင်း၊ မျိုးစေ့ကုန်ကျမှုသက်သာခြင်း၊ လုပ်ငန်းတွင်ကျယ်၍ ပြီးစီးမှုပိုမြန်ခြင်း၊ ပင်ပွားနှုန်းကောင်းပြီး စပါးအထွက်နှုန်းကောင်းစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

သဲကုန်းမြို့နယ်၌ ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် စပါးမျိုးကောင်းမျိုးသန့်များတိုးပွားစေရန်၊ ဒေသအတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ နွေစပါးဧက ၁၇၅၇၀ စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

ကိုကျော်(သဲကုန်း)



# အိမ်မဲမြို့နယ်၌ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းမှ မူကြိုကလေးငယ်များ၏ ကာယ ဉာဏစွမ်းရည်ပြိုင်ပွဲကျင်းပ

အိမ်မဲ မတ် ၁၀

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ ရွာသစ်ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းမှ မူကြိုကလေးငယ်များ၏ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲကို မတ်လ ၉ ရက်က ကျင်းပသည်။

အခမ်းအနားတွင် အိမ်မဲမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသက်ကိုကိုဦးက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မူယာစိုးက ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မူကြိုကလေးငယ်များ၏ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပရာ အကြီးအဆင့် ပုံပြောပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ကြယ်သီးတပ်အပြေးပြိုင်ပွဲ၊ အငယ်အဆင့် ပုံပြောပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ဘောလုံးအရောင်ရွေးပြိုင်ပွဲများ ကျင်းပသည်။

ဆက်လက်၍ ဆုရရှိသူများကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။



အဆိုပါအခမ်းအနားတွင် မူကြိုကလေးငယ်များက ထာဝရသစ္စာသီချင်း၊ ကျေးတောသူသီချင်းတို့ဖြင့် ကပြဖျော်ဖြေကြကြောင်း သိရသည်။

ချစ်သက်လယ်(အိမ်မဲ)

# ညောင်ဦးခရိုင် လူထုအခြေပြုဗဟိုဌာန၌ နွေရာသီအခြေခံအင်္ဂလိပ်စာ ပန်းချီနှင့် စစ်တုရင် သင်တန်းဖွင့်လှစ်

ညောင်ဦး မတ် ၁၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများ အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ရန်ရည်ရွယ်၍ ညောင်ဦးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ညောင်ဦးမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ပူးပေါင်းပြီး အခြေခံအင်္ဂလိပ်စာ၊ ပန်းချီနှင့်စစ်တုရင်သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ်လ ၉ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရည်မွန်သူက နွေရာသီကျောင်းပိတ်ရက်တွင် သင်တန်းများ ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ညောင်ဦးမြို့နယ် စစ်တုရင်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်လင်းက စစ်တုရင်ကစားခြင်းဖြင့် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်ခြင်း၊ သချ်ာစွမ်းရည်ထက်မြတ်စေခြင်းနှင့် အယ်လ်ဇိုင်းမားရောဂါမဖြစ်စေခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ ညောင်ဦးမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးမှူး ဒေါ်မာမာထွန်းက ပူးပေါင်းကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်၍ သင်တန်းကာလမှာ နှစ်လ ကြာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ဒီပါလင်း

# သထုံမြို့နယ် စားပွဲတင်တင်းနစ်ဆပ်ကော်မတီဥက္ကဋ္ဌဖလားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



သထုံ မတ် ၁၀

မွန်ပြည်နယ် သထုံခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် သထုံမြို့နယ် စားပွဲတင်တင်းနစ် ဆပ်ကော်မတီတို့ ပူးပေါင်း၍ မြို့နယ်စားပွဲတင်တင်းနစ်ဥက္ကဋ္ဌဖလားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ်လ ၉ ရက်က သထုံမြို့ ဘင်လှိုင်ရပ်ကွက်ရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲများကိုကျင်းပရာ မွန်ပြည်နယ်အတွင်းရှိ စားပွဲတင်တင်းနစ်ဝါသနာရှင် အားကစားသမားများက တစ်ဦးချင်းယှဉ်ပြိုင်ခြင်းနှင့် နှစ်ယောက်တွဲအဖွဲ့လိုက်ယှဉ်ပြိုင်ခြင်းတို့ဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် ပြိုင်ပွဲအသီးသီးမှ ဆုရအားကစားသမားများအား သထုံခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝင်း၊ မြို့နယ်စားပွဲတင်တင်းနစ်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးလွင်မျိုးခိုင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။ ချမ်းမြေ့

# တောင်သူများအတွက် မျိုးစေ့များမှ ဟင်းသီးဟင်းရွက်ကိုယ်တိုင်ထုတ်လုပ်နိုင်မည့် ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် မတ် ၁၀

တောင်သူများအတွက် မျိုးစေ့များမှ ဟင်းသီးဟင်းရွက် ကိုယ်တိုင်ထုတ်လုပ်နိုင်မည့် ဆွေးနွေးပွဲကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာနနှင့်ပူးပေါင်းပြီး Safe Food From Safe Farm ဆွေးနွေးပွဲ ကျင်းပမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲကို မျိုးစေ့မျိုးမှန်ရရှိဖို့ ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်စို့ ခေါင်းစဉ်ဖြင့် ရန်ကုန်မြို့ရှိ မြေပဒေသာ ဥယျာဉ် သင်တန်းခန်းမ၌ မတ်လ ၁၅ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

ယင်းဆွေးနွေးပွဲတွင် ဟင်းသီးဟင်းရွက်မျိုးစေ့ကျွမ်းကျင်ပညာရှင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးကြမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ တောင်သူများအနေဖြင့် စာရင်းပေးသွင်းတက်ရောက်နိုင်ကြောင်း သိရသည်။

စိတ်ပါဝင်စားသူများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ အွန်လိုင်းမှ Zoom ဖြင့်ဖြစ်စေ တက်ရောက်နိုင်ပြီး တက်ရောက်မည့်သူများအနေဖြင့် မတ် လ ၁၃ ရက်နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ဖြိုးဖြိုး

# စံချိန်တင်အနီကတ်ပြသခံရသည့် ခရူဇီယိုအသင်းနှင့် အက်လက်တီကိုမင်နဲရိုးအသင်းတို့မှ ကစားသမားများ ပြင်းထန်သည့်အရေးယူမှုခံရဖွယ်ရှိ

ရီယိုဒီဂျနေးရိုး မတ် ၁၀

ဘောလုံးလောကတွင် စံချိန်တင်အနီကတ်ပြသခံရသည့် ဘရာဇီးမီနီရီယိုဖလားဗိုလ်လုပွဲကစားခဲ့သော ခရူဇီယိုအသင်းနှင့် အက်လက်တီကိုမင်နဲရိုးအသင်းတို့မှ ကစားသမားများအနေဖြင့် ဘရာဇီးနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ပြင်းထန်သည့်အရေးယူခံရဖွယ်ရှိကြောင်း သိရသည်။

ယခုဘောလုံးရာသီ ဘရာဇီးမီနီရီယိုဖလား ဗိုလ်လုပွဲအဖြစ် ခရူဇီယိုအသင်းနှင့် အက်လက်တီကိုမင်နဲရိုးအသင်းတို့ကစားခဲ့ရာ ပွဲချိန် မိနစ် ၆၀ တွင် သွင်းယူသည့် ဂျော်ဂျီ၏သွင်းဂိုးများဖြင့် ခရူဇီယိုအသင်းက ဦးဆောင်ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ရန် နီးစပ်ခဲ့သော်လည်း ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပို ၆ မိနစ်တွင် နှစ်ဖက်ကစားသမားများ ကွင်းအတွင်း အကြီးအကျယ်ခိုက်ရန်ဖြစ်ပွားရာမှ စုစုပေါင်း အနီကတ် ၂၃ ကတ်အထိပြသခံရပြီးနောက် ဘောလုံးလောကတွင် အနီကတ်အများဆုံးပွဲစဉ်အဖြစ် စံချိန်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ်၌ ပွဲချိန် ၉၆ မိနစ်တွင် ခရူဇီယိုအသင်းကွင်းလယ်ကစားသမား ခရစ်တီယန်နှင့် အက်လက်တီကိုမင်နဲရိုးအသင်းဂိုးသမား အီဗာဆင်တို့ဘောလုံးယှဉ်လုရာ ခရစ်တီယန်က အီဗာဆင်အပေါ် ကစားပုံကြမ်းတမ်းခဲ့သည့်အတွက် စတင်ခိုက်ရန်ဖြစ်ပွားပြီးနောက် နှစ်ဖက်ကစားသမားများနှင့် အရန်ကစားသမားများလည်း ရန်ပွဲအတွင်းပါဝင်လာကာ ကွင်းအတွင်း အကြီးအကျယ်ခိုက်ရန်ဖြစ်ပွားကြပြီး ကွင်းလယ်ဒိုင်လူကြီးက အက်လက်တီကိုမင်နဲရိုးအသင်းမှကစားသမား ၁၁ ဦးကို အနီကတ်ပြသခဲ့သကဲ့သို့ ခရူဇီယိုအသင်းမှ ကစားသမား ၁၂ ဦးကိုလည်း အနီကတ်ပြသခဲ့သောကြောင့် စုစုပေါင်းအနီကတ် ၂၃ ကတ်အထိရှိလာခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ်အတွင်း ဂိုးသမား အီဗာဆင်အပါအဝင် နှစ်ဖက်အသင်းမှ ကစားသမားအများစု ပြင်းပြင်းထန်ထန် ထိခိုက်ဒဏ်ရာရရှိပြီး လက်ရှိဘောလုံးလောကတွင် အဆိုးရွားဆုံးဖြစ်ရပ်အဖြစ် သတ်မှတ်ခံခဲ့ရကြောင်း သိရသည်။

*Ref;Top Skill Sports UK*

# လီဗာပူးအသင်းက ရာသီအကုန်တွင် နည်းပြသစ်အဖြစ် အလွန်ဆိုအား သုံးနှစ်စာချုပ်ဖြင့်ခန့်အပ်ရန် သဘောတူညီမှုရရှိထား




လန်ဒန် မတ် ၁၀

လီဗာပူးအသင်းက ယခုဘောလုံးရာသီအကုန်တွင် နည်းပြအပြောင်းအလဲလုပ်ဆောင်ရန် စီစဉ်ထားပြီး နည်းပြသစ်အဖြစ် ကစားသမားဟောင်းတစ်ဦးဖြစ်သည့် အလွန်ဆိုအား သုံးနှစ်စာချုပ်ဖြင့် ခန့်အပ်ရန် သဘောတူညီမှုရရှိထားကြောင်း သိရသည်။

လက်ရှိလီဗာပူးအသင်းနည်းပြ အာနီဆလော့သည် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ရာ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်သည်အထိ အောင်မြင်မှုရရှိခဲ့သော်လည်း ယခုဘောလုံးရာသီတွင် ရလဒ်များမတည်မငြိမ်ဖြစ်နေသည့်အတွက် အသင်းတာဝန်ရှိသူများက ရာသီအကုန်တွင် နည်းပြအပြောင်းအလဲလုပ်ဆောင်ရန် စီစဉ်ထားခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ယခုဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ (၁၆) သင်းရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်သော်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရုန်းကန်နေရပြီး ၂၉ ပွဲကစားပြီးချိန်တွင် ရမှတ် ၄၈ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၆)နေရာ၌သာ ရပ်တည်နေကာ ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိရန်လည်း မရေမရာဖြစ်နေခြင်းဖြစ်သည်။

အသက် ၄၄ နှစ်အရွယ် နည်းပြအလွန်ဆိုသည် ကစားသမားဘဝက လီဗာပူးအသင်း၌ ၂၀၀၄ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိကစားခဲ့သူဖြစ်ပြီး နည်းပြဘဝတွင် လေဗာကူဆင်အသင်းနှင့် အောင်မြင်မှုများရရှိခဲ့သော်လည်း ယခုဘောလုံးရာသီတွင် ရီးယဲလ်မက်ဒရစ်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာ ရာသီမကုန်မီ ထုတ်ပယ်ခံခဲ့ရပြီး ကလပ်အသင်းလက်မဲ့ဖြစ်နေကြောင်း သိရသည်။

*Ref;Goal.com*

# 2026 Ballon d'Or ဆုအတွက် အဆင့်သတ်မှတ်ချက်တွင် ရီးယဲလ်မက်ဒရစ်အသင်း တိုက်စစ်ကစားသမား အမ်ဘာတ်ပီ ထိပ်ဆုံး၌ဦးဆောင်နေ




မက်ဒရစ် မတ် ၁၀

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)နှင့် ပြင်သစ်မဂ္ဂဇင်းတို့ပူးပေါင်းချီးမြှင့်ပြီး ဘောလုံးလောကတွင် အဆင့်အမြင့်ဆုံးဆုဖြစ်သည့် 2026 Ballon d'Or ဆုအတွက် အဆင့်သတ်မှတ်ချက်တွင် ရီးယဲလ်မက်ဒရစ်အသင်း တိုက်စစ်ကစားသမား အမ်ဘာတ်ပီက ထိပ်ဆုံး၌ ဦးဆောင်နေကြောင်း သိရသည်။

2026 Ballon d'Or ဆုအတွက် အဆင့်သတ်မှတ်ချက်ကို ကစားသမားများ၏ သွင်းဂိုးများ၊ ဂိုးဖန်တီးမှု၊ ဆုဖလားရရှိမှု၊ ပြစ်ဒဏ်သတ်မှတ်ခံရခြင်းနည်းပါးမှုနှင့်အသင်းအပေါ်အကျိုးသက်ရောက်မှု စသည်တို့ကို အခြေခံတွက်ချက်ခြင်းဖြစ်သည်။

လက်ရှိ 2026 Ballon d'Or ဆုအတွက် အဆင့်သတ်မှတ်ချက်တွင် အကြိမ်အများဆုံးရရှိထားသည့် မက်ဆီအနေဖြင့် အဆင့်(၁၀)အတွင်း ရပ်တည်နေသော်လည်း စီရော်နယ်ဒိုအနေဖြင့် ထိပ်ဆုံး ၁၀ ဦး စာရင်းအတွင်း မဝင်ရောက်နိုင်ခြင်းဖြစ်သည်။

လက်ရှိတွင် အမ်ဘာတ်ပီသည် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ပြင်သစ်အသင်းတို့၌ အဓိကကစားသမားအဖြစ်ရပ်တည်နေသူဖြစ်ပြီး ယခုဘောလုံးရာသီတွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် 2026 Ballon d'Or ဆုအတွက် အဆင့်သတ်မှတ်ချက်တွင် ထိပ်ဆုံး၌ဦးဆောင်နေခြင်းဖြစ်သည်။

အမ်ဘာတ်ပီသည် 2026 Ballon d'Or ဆုအတွက် သတ်မှတ်ကာလအတွင်း ၃၃ ပွဲကစားပြီးချိန်တွင် ၃၈ ဂိုးအထိသွင်းယူထားပြီး ဂိုးဖန်တီးမှုခြောက်ကြိမ်ပြုလုပ်ထားသူဖြစ်သည်။

2026 Ballon d'Or ဆုအတွက် အဆင့်သတ်မှတ်ချက်တွင် အမ်ဘာတ်ပီ၏နောက်၌ ဘိုင်ယန်မြူးနစ်အသင်းမှ ဟယ်ရီကိန်းက အဆင့်(၂)၊ ဘာစီလိုနာအသင်းမှ ယာမယ်က အဆင့်(၃)၊ မန်စီးတီးအသင်းမှ ဟာလန်းက အဆင့်(၄)၊ အာဆင်နယ်အသင်းမှ ဒီကလန်ရိုဒ်က အဆင့်(၅)၊ ဘာစီလိုနာအသင်းမှ ပက်ဒရီက အဆင့်(၆)၊ အင်တာမိုင်ယာမီအသင်းမှ မက်ဆီက အဆင့်(၇)၊ ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်က Ballon d'Or ဆုရရှိထားသည့် ပီအက်စ်ဂျီအသင်းမှ ဒမ်ဘီလီက အဆင့်(၈)၊ ရီးယဲလ်မက်ဒရစ်အသင်းမှ ဗင်နီစီးယက်က အဆင့်(၉)၊ ဘိုင်ယန်မြူးနစ်အသင်းမှ လူးဝစ်ဒီယက်က အဆင့်(၁၀)နေရာ၌ အသီးသီးရပ်တည်နေကြောင်း သိရသည်။

*Ref;Give Me Sports*

# အက်ဖ်အေက မန်စီးတီးအသင်းမှ ရိုဒရီအား စတာလင်ပေါင် ၈၀၀၀၀ ပြစ်ဒဏ်ချမှတ်

မန်ချက်စတာ မတ် ၁၀

အင်္ဂလန်နိုင်ငံဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)က ကွင်းလယ်ဒိုင်လူကြီးကို ဝေဖန်မှုများပြုလုပ်ခဲ့သည့် မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ရိုဒရီအား ဒဏ်ကြေး စတာလင်ပေါင် ၈၀၀၀၀ ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

ရိုဒရီသည် ပြီးခဲ့သည့်ဖေဖော်ဝါရီလ ၁ ရက်က ကစားခဲ့သည့် စပါးအသင်းနှင့် မန်စီးတီးအသင်းတို့ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်အပြီးတွင် ကွင်းလယ်ဒိုင်လူကြီး ရောဘတ်ဂျုန်းစ်၏ဆုံးဖြတ်ချက်များအပေါ် ဝေဖန်မှုများပြုလုပ်ခဲ့သည့်အတွက် အက်ဖ်အေက အရေးယူမှုလုပ်ဆောင်ရန် စွဲချက်တင်စစ်ဆေးပြီးနောက် ဒဏ်ကြေးပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် စပါးအသင်းက ဆိုလန်ကီအနေဖြင့် ပြစ်ဒဏ်ကျူးလွန်ပြီးနောက် ဂိုးသွင်းယူနိုင်ခဲ့သည့်ဖြစ်ရပ်တွင် ကွင်းလယ်ဒိုင်လူကြီး ရောဘတ်ဂျုန်းစ်က ပြစ်ဒဏ်သတ်မှတ်ခဲ့ခြင်းမရှိသည့်အတွက် ရိုဒရီက ရောဘတ်ဂျုန်းစ်အနေဖြင့် စပါးအသင်းဘက်သို့ ဘက်လိုက်ဆုံးဖြတ်ခြင်းဖြစ်သည်ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။ ရိုဒရီ၏ပြောကြားချက်များအတွက် အက်ဖ်အေက စွဲချက်တင်စစ်ဆေးပြီး ပွဲပယ်ပြစ်ဒဏ်မချမှတ်ခဲ့သော်လည်း ဒဏ်ကြေးပြစ်ဒဏ်သတ်မှတ်ခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ် ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၀


တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။


နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **မတ်လ ၄ ရက်**တွင် လယ်ဝေးမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် (သုည ဒသမ ၁၁၉)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၆၅၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၄ ရက်**တွင် ပဲခူးမြို့နယ်နှင့် သာယာဝတီမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (သုည ဒသမ ၅၆၆)တန်၊ အခြားသစ်(သုည ဒသမ ၇၂၂) တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၃၄၈၈)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **မတ်လ ၄ ရက်နှင့် ၅ ရက်**တို့တွင် ပြင်ဦးလွင်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၅)စီးနှင့်လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၇)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၇၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏




အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၅ ရက်**တွင် ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီးနှင့်လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂၄ ရက်နှင့် ၂၇ ရက်**တို့တွင် လှိုင်မြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီးနှင့်လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မှော်ဘီမြို့နယ်နှင့် လမ်းမတော်မြို့နယ်တို့အတွင်း၌ တရားမဝင် အခြားသစ် (သုည ဒသမ ၈၇၃)တန်၊ မီးသွေး (၃၆) ပေါင်ဝင် (၃၅)အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၃၉၆)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၉၄၃၉၆)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၅ ရက်**တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၃)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၇၅၀၀၀) နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu D-Max (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၄၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် (၁)ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၅၇၅၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်၊ ၂၇ ရက်၊ မတ်လ ၄ ရက်နှင့် ၅ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၉)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၁၄၅၁၅၄၀)** ကို ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၅ ရက်**တွင် မချမ်းဘောမြို့နယ်၊ အကွာနမ်ခမ်ကျေးရွာနှင့် နမ်ခမ်ကျေးရွာတို့ အနီး၌ တရားမဝင်ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် ဒီဇယ်အင်ဂျင် (၄)လုံးနှင့် ဆက်စပ်ပစ္စည်း (၂၉)မျိုး၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာဖေဖော်ဝါရီလ ၂၂ ရက်တွင် ဘားအံမြို့နယ်၊ သာယာကုန်းကျေးရွာ၌ စုပုံထားသော တရားမဝင် စားသောက်ကုန်ပစ္စည်း (၁)မျိုး၊ လျှပ်စစ်ပစ္စည်း (၁၈)မျိုး၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၄၆၄၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ်လ ၆ ရက်တွင် ဒိုက်ဦးမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် (၁ ဒသမ ၂၁၉) တန် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၂၆၀၈)ကိုဖမ်းဆီးရမိခဲ့ပြီးသစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ်လ ၆ ရက်တွင် ပဲခူးမြို့နယ်၊ ရွှေသံလွင်တိုးဂိတ်အနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၅)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို လည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ (၁)လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် (၁)ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀)ကို လည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၅၄၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်၊ မတ်လ ၅ ရက်နှင့် ၆ ရက်တို့တွင်ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၁၃)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၁၄၇၂၆၀၈)ကို ဖမ်းဆီးရမိခဲ့ပါသည်၊ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

မြဝတီ


# စစ်ကိုင်းမြို့တွင် ငွေကျပ် ၁၈၇ ဒသမ ၅ သိန်းတန်ဖိုးရှိ ဘိန်းစိမ်းများ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၀

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ်လ ၇ ရက် ညနေ ၄ နာရီခွဲတွင် သတင်းအရ စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၌ မန္တလေး-မြစ်ကြီးနားပြေးဆွဲသည့် NISSAN AD VAN ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ တပ်ကုန်းမြို့နယ်၊ ဆုံတည်ပင်ရွာနေသူများဖြစ်ကြသည့် အောင်ဇော်မိုး(၃၂)နှစ်နှင့် နိုင်လင်း(၃၃)နှစ်တို့ကို ဘိန်းစိမ်း ၁၂ ဒသမ ၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၁၅ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၈၇ ဒသမ ၅ သိန်း)နှင့်အတူ ဖမ်းဆီးရမိသဖြင့် အောင်ဇော်မိုးနှင့် နိုင်လင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

အလားတူ ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် မင်္ဂလာဒုံမြို့နယ်၊ ချစ်တီးကုန်းရပ်ကွက်ရှိ ကားဂိတ်သို့ ပစ္စည်းလာရောက်ထုတ်ယူသည့် အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်နေ တင်ဝင်း(ခ) အာရာဖတ်(၃၄)နှစ်နှင့် တာမွေမြို့နယ်၊ (က+ဂ)ရပ်ကွက်နေ စိုးနိုင်(ခ) ဆောလိမ်(၂၅)နှစ်တို့ကို စစ်ဆေးရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၇ သိန်း (တစ်ပြားလျှင်ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၇၀၀) ဖမ်းဆီးရမိသဖြင့် တင်ဝင်း(ခ)အာရာဖတ်နှင့် စိုးနိုင်(ခ)ဆောလိမ်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့အတူ မတ်လ ၉ ရက် နံနက် ၁၁ နာရီခွဲတွင် လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အေးရိပ်မွန်(၅)လမ်းပေါ်၌ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်နေ ချစ်ကို(ခ)ဖိုးသေး(၃၃)နှစ် မောင်းနှင်ပြီး လှိုင်မြို့နယ်၊ အမှတ်(၁၆)ရပ်ကွက်နေ ဟိန်းမင်းဝင်းနိုင်(ခ)အဟုန်း(၃၅)နှစ် လိုက်ပါလာသည့် SHN-32 2P-xxxx TOYOTA CROWN မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ (တစ်ပြားလျှင်ငွေကျပ်၁၀၀၀ နှုန်းဖြင့်၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၂၀၀) ဖမ်းဆီးရမိသဖြင့် ချစ်ကို(ခ) ဖိုးသေးနှင့် ဟိန်းမင်းဝင်းနိုင်(ခ)အဟုန်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



တရားခံ အောင်ဇော်မိုးနှင့်နိုင်လင်းတို့အား ဖမ်းဆီးရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မြဝတီ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ(ပွေးတောင်)မှထွက်ရှိသော ကော်ဖီဆန် (Grade–1/Grade–2)များအား ၂၀၂၅–၂၀၂၆ ခုနှစ်အတွင်း(မြန်မာကျပ်ငွေ)ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

| စဉ် | အမျိုးအစား | ပမာဏ | တည်နေရာ |
|---|---|---|---|
| ၁။ | ကော်ဖီဆန် (Grade–1) | ၁၂.၁၉ တန် | ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (ပွေးတောင်) |
| ၂။ | ကော်ဖီဆန် (Grade–2) | ၅.၄၄ တန် | ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (ပွေးတောင်) |

၃။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် – (၁၁–၃–၂၀၂၆)
တင်ဒါပိတ်မည့်ရက် – (၂၀–၃–၂၀၂၆)
တင်ဒါရွေးချယ်မည့်နေရာ – တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မန္တလေးမြို့။ စိုက်ပျိုးရေးဦးစီးဌာန

၄။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါရုံးလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊**
**၇၃–လမ်းနှင့် သိပ္ပံလမ်းထောင့် မန္တလေးမြို့။**
**ဖုန်း ၀၂–၂၈၄၈၆၅၆၊ ၀၉–၇၆၈၉၆၈၈၂၆**

"MANN HONE PYIN COMPANY LIMITED"

## မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇၊ အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၆ ခုနှစ်၊ မတ်လ(၁၀)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင်များ၏အထူးအစည်းအဝေးတွင် မန်နေးဂျင်းဒါရိုက်တာဖြစ်သူ ဒေါ်မေသူဇာဖြိုးမှ သဘာပတိအဖြစ်ဆောင်ရွက်ပြီး အောက်ဖော်ပြပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပါသည်။

၁။ ကုမ္ပဏီကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ အစုရှယ်ယာရှင်များ၏ဆန္ဒအရ ၂၀၂၆ ခုနှစ်၊ မတ်လ(၁၀)ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် သဘောတူဆုံးဖြတ်ကြပါသည်။

၂။ ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိစ္စအား ဆောင်ရွက်နိုင်ရန်အတွက် ဦးရှင်ငြိမ်း (LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်–၄၆၄၄)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ Liquidator အဖြစ်ခန့်အပ်ရန် သဘောတူဆုံးဖြတ်ကြပါသည်။

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ ကုမ္ပဏီ မြီရှင်များသည် မိမိတို့၏ကြွေးမြီတောင်းခံလွှာများကို (၁)လအတွင်းနောက်ဆုံးထားကာ သက်သေပြစာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

| | |
|---|---|
| U SHIN NYEIN (H.G.P.,LL.,B) | Daw May Thu Zar Phyo |
| HIGH COURT ADVOCATE | Managing Director |
| INSOLVENCY PRACTITIONER(103594) | Mann Hone Pyin Co.,Ltd |
| YANGON, MYANMAR, TEL.09–5043046 | |

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်နေ ဦးဇော်ဝင်းမော်၏သား မောင်ဟိန်းထက် ၁၂/ရပသ(နိုင်)၀၈၄၈၇၅ ကိုင်ဆောင်သူသည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဇော်ဝင်းမော်**

### ပျောက်ဆုံးကြောင်း
နန်းဆိုင်လူ(ဘ)ဦးအိုက်ညွန့် ၁၃/တယန(နိုင်)၀၉၅၂၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 676167)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အ ကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၄၀၀၃၅၃၆၅

### ပျောက်ဆုံးကြောင်း
အိုက်ကိန်း(ဘ)ဦးလုံးအင် ၁၃/ကတန(နိုင်)၀၉၈၇၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အ ကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၀၁၁၅၃၉၃၉

### ပျောက်ဆုံးကြောင်း
စိုင်းဝမ်းဆိုင်(ဘ)ဦးစိုင်းလုံသိန်း ၁၃/ကတန(နိုင်)၂၃၄၃၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အ ကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၆၈၃၆၇၅၀၂၂

### ပျောက်ဆုံးကြောင်း
ကျော်မင်းလှိုင်(ဘ)ဦးခင်မောင်ဝင်း ၇/လပတ(နိုင်)၁၁၁၁၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဇော်လင်းထိုက်(ဘ)မိုဟာမက်စူလေမန်(ခ)ဦးလှထွန်း ၁၂/တကန(နိုင်)၂၂၅၀၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၄၃၁၆၆၈၅၁

### မိခင်အမည်မှန်
အထက၊ ရှောပြာ၊ ပုသိမ်၏ ၂၀၂၅–၂၀၂၆ ပညာသင်နှစ်၊ Grade–11 မှ မဇင်ပြည့်ပြည့်အောင်၏မိခင် ဒေါ်နော်ပြည့်ဝင်း၏အမည်မှန်မှာ နော်ပြည့်ဝင်း ၁၄/ပသန(နိုင်)၂၁၉၄၆၅ ဖြစ်ပါကြောင်း။ **နော်ပြည့်ဝင်း**

### မိခင်အမည်မှန်
အလက၊ ရွာဟောင်းကြီး၊ ပုသိမ်၏ ၂၀၂၅–၂၀၂၆ ပညာသင်နှစ်၊ Grade–9မှ မနန်းဇေရီလှိုင်၏မိခင် ဒေါ်အိန္ဒြေယေ၏အမည်မှန်မှာ ဒေါ်အိန္ဒြေ ၁၁/အမန(နိုင်)၀၃၇၆၀၀ ဖြစ်ပါကြောင်း။ **ဒေါ်အိန္ဒြေ**

### ပျောက်ဆုံးကြောင်း
တင်ဇော်ထွန်း(ဘ)ဦးအောင်မြိုင် ၉/ညဥန(နိုင်)၂၀၄၆၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
လောက်စီး(ဘ)ဦးလီကျင်တယ်၁၃/ကလတ(နိုင်)၀၆၂၀၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၆၇၈၆၂၀၆၇၀

### ပျောက်ဆုံးကြောင်း
ချစ်ဗိုလ်ဗိုလ်အောင်(ဘ)ဦးစိုးအောင် ၁၂/တကန(နိုင်)၁၂၅၆၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 561049)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၇၈၂၅၀၇၀၃၂

### ပျောက်ဆုံးကြောင်း
ဇင်မာချို(ဘ)ဦးစိုးနေလင်း ၅/ကလထ(နိုင်)၃၁၅၉၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 292181)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၈၉၇၂၄၂၉၂၇

### ပျောက်ဆုံးကြောင်း
အေးစန္ဒာ(ဘ)ဦးအုံးငွေ ၈/နမန(နိုင်)၁၇၀၆၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
နိုင်လင်းအောင်(ဘ)ဦးမင်းအောင် ၈/ထလန(နိုင်)၀၅၃၆၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
သန်းဇော်(ဘ)ဦးညိုကြီး ၁၂/လကန(နိုင်)၁၉၂၈၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၃၀၄၇၀၄၂

### ပျောက်ဆုံးကြောင်း
ယမုံသွင်(ဘ)ဦးသန်းဝင်းနိုင် ၈/ဂဂန(နိုင်)၁၃၀၇၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၇၉၉၄၂၃၄၁၈

### ပျောက်ဆုံးကြောင်း
အောင်ကိုမင်း(ဘ)ဦးဝင်းရွှေ ၁၂/ရပသ(နိုင်)၁၃၀၈၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 229668)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၂၅၄၇၁၅၉၆၁

### ပျောက်ဆုံးကြောင်း
နေထက်လင်း(ဘ)ဦးကိုငွေး ၁၄/သေခ(နိုင်)၀၁၆၈၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 358393)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၇၉၄၀၁၄၂၅၂

### ပျောက်ဆုံးကြောင်း
အိန္ဒြာဖြိုးကျော်(ဘ)ဦးကျော်သီဟ ၁၂/စခန(နိုင်)၀၇၇၈၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း
နှင်းသန္တာအောင်(ဘ)ဦးဇော်အောင် ၁/ဗမန(နိုင်)၀၉၃၀၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 240545)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၀၈၈၃၃၄၀၂

### ပျောက်ဆုံးကြောင်း
ချယ်ရီ(ဘ)ဦးကေလျှန်းထန်း ၅/ဟမလ(နိုင်)၁၆၃၄၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ဇော်ဝမ်း(ဘ)ဦးအောင်ကြည် ၇/ကတခ(နိုင်)၂၀၀၀၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၆၈၃၁၈၂၆၄၂

### ပျောက်ဆုံးကြောင်း
ဝိုင်းအိစက်(ဘ)ဦးလှတင် ၁၂/ဒဂတ(နိုင်)၀၅၈၅၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၄၀၃၇၈၆၄၈

### ပျောက်ဆုံးကြောင်း
ထက်လင်းပိုင်(ဘ)ဦးသန်းလွင် ၇/ဝမန(နိုင်)၂၀၃၇၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 574507)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ထက်ကိုကို(ဘ)ဦးတက်တိုး ၇/လပတ(နိုင်)၁၈၆၀၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မျိုးမင်းကျော်(ဘ)ဦးအောင်မြင့် ၇/လပတ(နိုင်)၁၃၈၉၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ကျိန်ပန်တဲ့(ခ)စိုင်းထွန်းအောင်(ဘ)ဦးလှဝင်း ၁၃/လရန(နိုင်)၂၁၂၀၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၅၂၆၆၀၆၄၇

### ပျောက်ဆုံးကြောင်း
မခင်ဇူလိုင်(ဘ)ဦးသီတာ ၁၂/သလန(နိုင်)၀၉၂၇၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၇၉၉၄၅၈၉၃၃

### အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ထန်းဆယ်ပင်ကျေးရွာနေ အဘ ဦးမြမောင်၏သမီး ဒေါ်ခင်ဆွေဝင်း၏အမည်မှန်မှာ ၈/ရစက(နိုင်)၁၂၉၂၃၈ အရ ဒေါ်ရွှေဝင်းဖြစ်ပါကြောင်း။ **ဒေါ်ရွှေဝင်း**

### အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ကျောမကြားကျေးရွာနေ အဘ ဦးဇော်မြင့်၏သမီး မဆွေဇင်သန့်၏အမည်မှန်မှာ ကျောင်းဝင်အမှတ် ၀၀၇၃ အရ မဆုမြတ်မွန်ဖြစ်ပါကြောင်း။ **မဆုမြတ်မွန်**

### ပျောက်ဆုံးကြောင်း
မောင်မြိုင်(ဘ)ဦးချစ်ရဲ ၅/ကလတ(နိုင်)၀၈၇၇၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၅၀၇၃၆၇၃

### ပျောက်ဆုံးကြောင်း
ငွန်ကိလ်(ဘ)ဦးထရ်ဘိလ် ၅/ကလတ(နိုင်)၁၂၆၂၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၅၄၁၆၁၁၀၄

### ပျောက်ဆုံးကြောင်း
မြင့်ဇော်(ဘ)ဦးဝင်းလှိုင် ၁၂/အစန(နိုင်)၀၃၇၆၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၅၀၀၂၈၄၉၉

### ပျောက်ဆုံးကြောင်း
ဟေမာန်ဦး(ဘ)ဦးအေးမင်း ၁၄/ဒဒရ(နိုင်)၂၃၇၅၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၇၇၁၄၇၉၈၈၁

### ပျောက်ဆုံးကြောင်း
ကျော်စည်သူဝင်း(ဘ)ဦးတင့်ဆွေ ၁၂/ဥကတ(နိုင်)၁၆၄၉၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၂၆၂၀၀၂၀၆၁

### ပျောက်ဆုံးကြောင်း
မမဟေသီချော(ဘ)ဦးအောင်နိုင်ဆွေ ၁၂/ကထန(နိုင်)၁၃၄၂၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၂၅၄၅၃၈၇၄၉

### ပျောက်ဆုံးကြောင်း
ရွှေရည်သင်းဖြိုး(ဘ)ဦးဇော်မျိုးဝင်း ၇/မညန(နိုင်)၁၃၀၆၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၆၈၇၁၁၁၃၉၆

### ပျောက်ဆုံးကြောင်း
ယုသဋ္ဌာခိုင်(ဘ)ဦးကျော်စိန် ၁၂/လမန(နိုင်)၁၄၁၀၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၃၀၄၃၆၂၈

### ပျောက်ဆုံးကြောင်း
ထက်ထက်အောင်(ဘ)ဦးခင်မောင်လတ် ၅/စကန(နိုင်)၃၁၆၂၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
မေသဇင်ဦး(ဘ)ဦးရဲထွန်းအောင် ၈/မသန(နိုင်)၁၉၂၂၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 066707)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
လှိုင်မင်းထွန်း(ဘ)ဦးသာလှိုင် ၇/တငန(နိုင်)၂၀၉၇၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 677771)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ညီဇော်လွင်(ဘ)ဦးအေးလွင် ၇/လပတ(နိုင်)၁၆၆၂၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဖွဲကျော်ဇေ(ဘ)ဦးကျော်ဇေဦး ၁၂/တမန(နိုင်)၁၁၄၉၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 472554)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၅၀၀၄၂၀၈၅

### ပျောက်ဆုံးကြောင်း
နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ရှမ်းစုကျေးရွာအုပ်စု၊ ရှမ်းစုအရှေ့ကျေးရွာနေ မျိုးမင်းနိုင်(ဘ)ဦးကြီးစိန် ၉/လဝန(နိုင်)၂၅၄၀၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၆၉၅၉၀၈၂၃

### ပျောက်ဆုံးကြောင်း
ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ သူကြီးစု(၁)၊ အိမ်အမှတ်(၃/၁၆) စိန်အောင်မင်း(ဘ)ဦးမြဒင် ၉/ပမန(နိုင်)၁၅၃၅၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၇၉၇၉၀၉၀၉၅

### ပျောက်ဆုံးကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၅၄)နေ လှလှမိုး(ဘ)ဦးဇော်မင်းသန်း ၅/ခဥန(နိုင်)၁၅၄၀၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၂၅၀၇၁၇၂၃၉

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့နေ မိုးဇာနည်ဝင်း(ဘ)ဦးဝင်းညွန့် ၇/ပခန(နိုင်)၂၈၄၃၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 302519)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ပိုင်ဝေဖြိုး(ဘ)ဦးတင်ထွဋ် ၇/သကန(နိုင်)၁၅၀၉၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 373276)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၅၀၀၄၂၀၈၅




### ပျောက်ဆုံးကြောင်း
ရမည်းသင်းမြို့နယ်၊ ကျွန်းကျင်းရွာနေ သန်းနိုင်ဦး(ဘ)ဦးတင်စိုး ၉/ရမသ(နိုင်)၁၆၃၆၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 271809)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ နယ်မြေ(၁၀)၊ ရပ်ကွက်(၆)နေ စိုင်းမျိုးသန့်ဇင်(ဘ)ဦးချိန်ယိုရှန် ၁၃/လရန(နိုင်)၂၁၇၁၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၂၀၁၉၅၃၄၇

### ပျောက်ဆုံးကြောင်း
ဘုတလင်မြို့၊ ကုက္ကိုစုရွာနေ မသီသီဆွေ(ဘ)ဦးထွန်းငွေ ၅/ဘတလ(နိုင်)၁၁၉၅၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 893662)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၉၄၂၇၆၉၉၂၅

## သစ်တောမှန်လျှင်
## အသုံးဝင်
## အစဉ်ထာဝရ
## ထိန်းသိမ်းကြ

**ပျောက်ဆုံးကြောင်း**
နေဝင်း(ဘ)ဦးနီ ၉/တသန(နိုင်)၁၄၇၆၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၂၀၉၄၁၉၆

**ပျောက်ဆုံးကြောင်း**
ထန်းယုသွယ်(ဘ)ဦးညွန့်ဆွေ ၅/ဒပယ(နိုင်)၁၃၀၈၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၂၀၉၄၁၉၆


ISO 9001:2008 Cert. No.683099
ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
COPPER 99.99%
SIGMA
CABLE & WIRE
ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊
ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
Non-Sparkling Lemon Tea
Sparkling Lemon Tea
DAGON
ပင်ရင်းအရောင်း - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
PADONMAR
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်းမြို့နယ်)မှ ခေတ်မှီစက်ကြီးများဖြင့်
အချောအသေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
A.I.B.A GOLD MEDAL

❖ ယနေ့ကျောင်းစာသင်ခန်းတွင်ရှိနေသည့် ကလေးတိုင်းသည် မြန်မာနိုင်ငံ၏အနာဂတ်ကို ပခုံးပြောင်းပုံဖော်မည့် အသိပညာရှင်၊ အတတ်ပညာရှင်အဖြစ်မှတ်ယူပြီး ပညာရေးကို မြှင့်တင်ပေးကြရန်မှာကြားလို . . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ဖြင့် တင်သွင်းရောက်ရှိပြီးနောက် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိသော မော်တော်ယာဉ်များအနေဖြင့် မှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်နိုင်ရန် အများပြည်သူသို့ အသိပေးကြေညာခြင်း

မြန်မာနိုင်ငံအတွင်းသို့ ကုန်သွယ်ရေးဦးစီးဌာန၏တင်သွင်းခွင့်ပြုချက်နှင့်အကောက်ခွန်ဦးစီးဌာနတို့တွင် အခွန်များပေးဆောင်၍ တင်သွင်းရောက်ရှိပြီးသော မော်တော်ယာဉ်များသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ဆောင်ရွက်ရမည်ဖြစ်သော်လည်း မှတ်ပုံတင်ဆောင်ရွက်ခြင်းမရှိဘဲ နံပါတ်ပြားအတုများ၊ အလှဆင်နံပါတ်ပြားများတပ်ဆင်၍ အသုံးပြုနေသည်ကိုတွေ့ရှိရပါသည်။ ထို့အပြင် လုပ်ငန်းသုံးယာဉ်များနှင့်စက်ယန္တရားယာဉ်များသည်လည်း မှတ်ပုံတင်လုပ်ငန်းဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ စီမံကိန်းများနှင့် လုပ်ငန်းခွင်များတွင် တရားမဝင်အသုံးပြုနေသည်ကိုတွေ့ရှိရပါသည်။ အဆိုပါမော်တော်ယာဉ်များသည် တည်ဆဲ ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသောကြောင့် ကုန်သွယ်ရေးဦးစီးဌာနမှ ၂၀၁၈ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၀-၄-၂၀၂၆ ရက်နေ့နောက်ဆုံးထား၍လည်းကောင်း၊ ၂၀၁၉ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၁-၅-၂၀၂၆ ရက်နေ့နောက်ဆုံးထား၍လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၀-၆-၂၀၂၆ ရက်နေ့နောက်ဆုံးထား၍လည်းကောင်း ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများပြီးပြတ်အောင် ဆောင်ရွက်ကြရန်၊ သတ်မှတ်ကာလကျော်လွန်ပါက ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများအချိန်မီဆောင်ရွက်ခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန



ချစ်ကြည်ရေးခရီးလာရောက်လည်ပတ်သည့် ရုရှားရေတပ်မှ စစ်ရေယာဉ်များအား တပ်မတော်(ရေ)မှအရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာရုရှားစစ်သံမှူးနှင့်တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။

# ရုရှားရေတပ်မှ ချစ်ကြည်ရေးအလည်အပတ်ခရီး ရောက်ရှိနေသည့်စစ်ရေယာဉ်သုံးစင်း ပြန်လည်ထွက်ခွာ

နေပြည်တော် မတ် ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလာရောက်လည်ပတ်သည့် ရုရှားရေတပ်မှ စစ်ရေယာဉ်သုံးစင်းတို့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၊ သီလဝါဆိပ်ကမ်း MITT တံတားမှ ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှအရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါစစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်ဖြစ်သူ Captain 1st Rank Andrei Gaevoi ဦးစီး၍ အရာရှိ၊ စစ်သည် စုစုပေါင်း ၃၅၀ ဦးတို့လိုက်ပါလာပြီး မြန်မာနိုင်ငံတွင် မတ်လ ၅ ရက်နေ့မှ ယနေ့အထိ စာမျက်နှာ ၁၀ ကော်လံ ၄ ❐

# လှည်းကူးမြို့နယ်၌ ဆိုလာစနစ်ဖြင့် ငမိုးရိပ်လျှပ်စစ်မြစ်ရေတင်နှင့် ကျေးရွာမီးလင်းရေးစီမံကိန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၀

(၈၁)နှစ်မြောက် တပ်မတော်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆိုလာစနစ်ဖြင့် ငမိုးရိပ်လျှပ်စစ်မြစ်ရေတင်နှင့် ကျေးရွာမီးလင်းရေးစီမံကိန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ် မုဆိုးညောင်ပင်ကျေးရွာ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ဆိုလာစနစ်ဖြင့် ငမိုးရိပ်လျှပ်စစ်မြစ်ရေတင်နှင့်ကျေးရွာမီးလင်းရေးစီမံကိန်းဖွင့်ပွဲကို စာမျက်နှာ ၁၂ ကော်လံ ၁ ●



# ရန်ကုန်ယူနိုက်တက်အသင်း နောက်ကျဂိုးများဖြင့် ရတနာပုံအသင်းကိုအနိုင်ယူ

စာ - ၁၂ သို့

